

The Asia Foundation

# လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့် လိုက်လျောညီထွေ နေထိုင်ခြင်း

ရန်ကုန်ရှိ အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများထံမှ လေ့လာတွေ့ရှိချက်များ

စက်တင်ဘာလ ၂၀၂၄ ခုနှစ်

The Asia Foundation

The Asia Foundation
465 Calfornia Street, 9th Floor
San Fransisco, CA U.S.A. 94104
www.asiafoundation.org

Copyright © 2023 by The Asia Foundation
All rights reserved. No part of this book may be reproduced without written permission from The Asia Foundation.

# စကားဦး

မြန်မာနိုင်ငံသားများသည် နေ့စဉ်ဘဝတွင် ငွေကြေးဆိုင်ရာ ပူပင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ သောကဒဏ်များကို ကြုံတွေ့နေရပါသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံး မြို့တော်ရန်ကုန်တွင် လျှပ်စစ်ဓာတ်အား ဆိုးဆိုးရွားရွား ပြတ်တောက်နေခြင်းမှာလည်း ပူပန်စရာ ကိစ္စရပ်တစ်ခု ဖြစ်နေပါသည်။ ၂၀၂၂ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံသားများ နယ်ပယ်အသီးသီးတွင် ခံစားနေရသည့် ဒုက္ခများကဲ့သို့ပင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းမှာလည်း ကြေကွဲဝမ်းနည်းဖွယ်ရာ ကိစ္စရပ်တစ်ခုပင် ဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ်များတွင် မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ရရှိမှု သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ လျှပ်စစ်မီး ရရှိရန် ယခင်ကကဲ့သို့ ခက်ခဲခြင်း မရှိတော့ဘဲ လူထု၏ နေ့စဉ်ဘဝနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် လျှပ်စစ်ဓာတ်အားက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ သို့သော်လည်း ၂၀၂၂ ခုနှစ် တပ်မတော် အာဏာသိမ်းချိန်မှစ၍ လျှပ်စစ်ဓာတ်အား ရရှိမှု ဆုတ်ယုတ်လျော့ကျသွားခဲ့ပါသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံသားများသည် လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိသည့် ပြဿနာကို ယခင်ကတည်းက ရင်ဆိုင်ခဲ့ဖူးပြီး ဖြစ်သောကြောင့် ခံနိုင်ရည် အတန်အသင့်ရှိသည်ကို တွေ့ရပါသည်။ အချက်အလက်များအရ ၂၀၁၄ နှင့် ၂၀၁၉ ခုနှစ်အကြားတွင် အိမ်ထောင်စုများ၏ မီးအလင်းရောင်အတွက် အစိုးရ လျှပ်စစ်မီးကို အဓိကအသုံးပြုသည့် ရာခိုင်နှုန်းမှာ ၆၉ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်း အထိ မြင့်တက်လာခဲ့ပါသည်။

ဆန်းစစ်လေ့လာသူများ၏ အဆိုအရ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် ထပ်မံ၍ ယုတ်လျော့ကျဆင်းနေမည် ဖြစ်ပြီး ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် တည်ဆောက်မှု ပြုလုပ်သည့်တိုင် ရေတိုနှင့် ကာလလတ်တို့တွင် လုံလောက်စွာ ရရှိနိုင်မည် မဟုတ်ပါ။ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း သက်ရောက်မှုများကို မြို့ပြဒေသရှိ အိမ်ထောင်စုများ နှင့် အသေးစား စီးပွားရေး လုပ်ငန်းများက ကြီးကြီးမားမား ခံစားရဖွယ် ရှိနေပါသည်။ ဓာတ်အားပြတ်တောက်ခြင်းများကြောင့် နေ့စဉ် လူနေမှုဘဝအပေါ် ထိခိုက်ခြင်းများစွာ ရှိနေပါသည်။ ရေတင်ရန် နှင့် ထမင်း၊ ဟင်း ချက်ပြုတ်ရန် ညသန်းခေါင်ချိန် အိပ်ရာမှ ထရခြင်း၊ အိပ်ရေးပျက်ခြင်းများကြောင့် လုပ်ငန်းခွင်တွင် အာရုံမစိုက်နိုင်ခြင်း၊ ညမှောင်ချိန်တွင် မီးမလင်းသော လမ်းကိုအသုံးပြု၍ အိမ်သို့လမ်းလျှောက်ပြန်ရသည့် သား/သမီးတို့ကို မိဘများက ပူပန်ရခြင်း ကဲ့သို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၏ ထပ်ဆောင်း သက်ရောက်မှုများကို ကြုံတွေ့နေရပါသည်။ ယင်းအကျိုးသက်ရောက်မှုများက လူများ၏အားအင်ကို ကုန်ခမ်းစေသလို လွတ်လပ်မှုမရှိဘဲ အချုပ်အနှောင်ဖြစ်စေပြီး တစ်ကိုယ်ရေ စွမ်းဆောင်နိုင်မှုကိုလည်း လျော့ကျသွားစေပါသည်။ သို့သော်လည်း လက်ရှိနိုင်ငံရေးနှင့် စီးပွားရေး အခြေအနေကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းအစုအဖွဲ့များအနေဖြင့် လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံရန် အခက်အခဲ ရှိနေပါသည်။ ဖြစ်နိုင်ဖွယ် နည်းလမ်းတစ်ခုမှာ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန်နှင့် ခံနိုင်ရည်မြင့်တင်ပေးရန် အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ပံ့ပိုးခြင်း ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၏ သက်ရောက်မှုများ နှင့် အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ တုန့်ပြန်မှုတို့ကို ဆန်းစစ်လေ့လာနိုင်ရန် အာရှဖောင်ဒေးရှင်းက သုတေသန ပြုစုခဲ့ပါသည်။ မြေပြင်အဆင့် အခြေအနေများကို ဆန်းစစ်ထားသော ယခုစာတမ်းသည် ကမ္ဘာ့ဘဏ်၏ ကဏ္ဍအလိုက် ဆန်းစစ်လေ့လာချက်များကိုလည်း အားဖြည့်နိုင်ပါလိမ့်မည်။ ဆက်နွယ်ပါဝင်သူ အသီးသီးအကြား အထောက်အထား အခြေပြု ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်နှင့် အများပြည်သူအတွက် လက်တွေ့ကျသည့် အချက်အလက်များ ဖြန့်ဖြူးနိုင်ရန်လည်း ယခုစာတမ်းက အထောက်အကူ ပြုနိုင်ပါသည်။ လျှပ်စစ်ဓာတ်အား ဆိုသည်မှာ ယနေ့ခေတ် ဇိမ်ခံပစ္စည်းတစ်ခု ဆိုသည်ထက်ပိုပြီး စီးပွားရေးနှင့် လူမှုဘဝ ကဏ္ဍတိုင်းအတွက် အရေးပါသော လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ ယခုစာတမ်းတွင် ရန်ကုန်ရှိ မိသားစုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသည့် ပြင်းထန်သော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၏ သက်ရောက်မှုများ အကြောင်းကို ဖော်ထုတ်ထားပြီး အပြုသဘောဆောင်သော ပြောင်းလဲမှုများ ယူဆောင်လာနိုင်မည် ဟု မျှော်လင့်မိပါသည်။

Mark McDowell
ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း

# မာတိကာ


အစီရင်ခံစာ အနှစ်ချုပ် ........ ၆

နိဒါန်း ........ ၉

- နောက်ခံ အကြောင်းအရာနှင့် အခင်းအကျင်း ........ ၁၀
- သုတေသနနည်းလမ်း ........ ၁၅
- အကန့်အသတ်များ ........ ၁၆

တွေ့ရှိချက်များ ........ ၁၇

- ခေတ်အားပြတ်တောက်မှုများကို ရပ်ရွာအမြင်ဖြင့် ကြည့်ခြင်း ........ ၁၇
- လျှပ်စစ်ခေတ်အားပြတ်တောက်မှုများ၏ သက်ရောက်မှုများ ........ ၁၉
- ဖြေရှင်းနည်းများ ........ ၂၃

ဖြစ်ရပ် လေ့လာမှုများ ........ ၃၁

နိဂုံးချုပ် ........ ၃၉

ဖွံ့ဖြိုးရေး မိတ်ဘက်အဖွဲ့အစည်းများ အတွက် အကြံပြုချက်များ ........ ၄၀

နောက်ဆက်တွဲ ........ ၄၂

- ၁။ ဖြေရှင်းနည်း မူဘောင်ဆိုင်ရာ ဆွေးနွေးချက် နှင့် သာဓကများ ........ ၄၂
- ၂။ နောက်ထပ် ဖြစ်ရပ်လေ့လာမှုများ ........ ၄၉

အခန်းဆုံး မှတ်စုများ ........ ၅၇

# ပုံများနှင့်စာစုများစာရင်း


ပုံ ၁ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား တိုးမြင့် ရရှိလာမှု ၂၀၁၀-၂၀၂၀ ..........၁၀

ပုံ ၂ ခန့်မှန်းထားသော လိုအပ်မှုနှင့် ထုတ်လုပ်နိုင်မှုအကြား ကွာဟချက် (၂၀၁၉ ခုနှစ်ထိ)၊ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက် .......... ၁၂

ပုံ ၃ အခြေအနေအလိုက် လိုအပ်မှုနှင့် ထုတ်လုပ်နိုင်မှုအကြား ကွာဟချက် ခန့်မှန်းမှု၊ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက် ..........၁၃

ပုံ ၄ ၂၀၂၂ မတ်လနှင့် ၂၀၂၃ မတ်လ မီးပေးသည့် အချိန်ဇယား နမူနာ ..........၁၅

ပုံ ၅ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဖေ့စ်ဘွတ်ပေါ် ပျံ့နှံ့ခဲ့သည့် မြန်မာကာတွန်းတစ်ခု ..........၁၈

ပုံ ၆ ရန်ကုန်တွင် အသုံးပြုသည့် ဖြေရှင်းမှုပုံစံများ၊ လိုက်လျောညီထွေပြောင်းလဲမှုများနှင့်
အခြားစွမ်းအင်ရင်းမြစ်သုံးခြင်းနည်းလမ်းများ၏ ဥပမာများ .......... ၂၄

ပုံ ၇ မျှဝေသုံးရသော အများပိုင်နေရာအတွက် ညှိနှိုင်းလုပ်ဆောင်ထားသော ရပ်ရွာအနေအထား .......... ၂၈

ပုံ ၈ အကြံဉာဏ် ရယူခြင်းနှင့် ပေးခြင်း နမူနာ ဖေ့စ်ဘွတ်ပို့စ် ..........၃၀

ပုံ ၉ လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် နန်းခင်မြတ်၏ စီမံမှု ခရီးစဉ် .......... ၃၂

ပုံ ၁၀ လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် သက်စံ၏ စီမံမှု ခရီးစဉ် ..........၃၄

ပုံ ၁၁ လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် ကိုဝင်း၏ စီမံမှု ခရီးစဉ် ..........၃၇

ပုံ ၁၂ အားသွင်း လျှပ်စစ်မီးသီး ရောင်းသူများ ..........၄၄

ပုံ ၁၃ အခြား လျှပ်စစ်ဓာတ်အား အရင်းအမြစ် မီးစက် အသုံးပြုခြင်း (ရန်ကုန်) ..........၄၆

ပုံ ၁၄ အခြား လျှပ်စစ်ဓာတ်အား အရင်းအမြစ် မီးစက် အသုံးပြုခြင်း (ရန်ကုန်) ..........၄၇

ပုံ ၁၅ အခြား လျှပ်စစ်ဓာတ်အား အရင်းအမြစ် ဆိုလာကို အသုံးပြုခြင်း ..........၄၇

ပုံ ၁၆ လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် သူသူအောင်၏ စီမံမှု ခရီးစဉ် ..........၅၀

ပုံ ၁၇ လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန်အေးမိုး၏ စီမံမှု ခရီးစဉ် .......... ၅၂

ပုံ ၁၈ လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် အောင်မင်း၏ စီမံမှု ခရီးစဉ် ..........၅၅

စာစု ၁ အဓိကသုတေသန မေးခွန်းများ .......... ၉

စာစု ၂ စွမ်းအင်ထုတ်လုပ်မှု ရင်းနှီးမြှုပ်နှံမှုတွင် နှောင့်နှေးမှုများ ..........၁၃

စာစု ၃ ရန်ကုန် ဝန်အားလျှော့ချခြင်းအချိန်ဇယား ..........၁၄

စာစု ၄ ဖြေရှင်းနည်း မူဘောင် .......... ၂၅

စာစု ၅ ဘက်ထရီအကြောင်း မှတ်စု ..........၄၅

စာစု ၆ အများသုံး မီးစက်များ၏ ကုန်ကျစရိတ်ကို တွက်ချက်ခြင်း ..........၄၆

# အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံတွင် ယုံကြည်ကိုးစားရသော လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေးသည် အစဉ်အမြဲရှိနေသော စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ သို့သော် မကြာသေးမီနှစ်များအတွင်း အထူးသဖြင့် ရန်ကုန်ကဲ့သို့ မြို့ပြဒေသများတွင် လူတစ်ဦးချင်း၏ မျှော်လင့်ချက်များ သိသိသာသာ မြင့်တက်လာခဲ့သည်။ ထို့ပြင် ချက်ပြုတ်ရန်နှင့် မီးထွန်းရန်ကဲ့သို့သော အခြေခံအသုံးအဆောင်ပစ္စည်းများအတွက် လျှပ်စစ်ဓာတ်အားအပေါ် မှီခိုအားထားမှု မြင့်တက်လာသကဲ့သို့ မိုဘိုင်းဖုန်းများနှင့် အခြားအိမ်သုံးပစ္စည်း များကဲ့သို့သော အီလက်ထရွန်းနစ်ပစ္စည်း ပိုင်ဆိုင်မှုများလည်း မြင့်တက်လာသည်။ ယာယီနှင့်ရေရှည် လျှပ်စစ်မီး ပြတ်တောက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသောကြောင့် အိမ်ထောင်စုနှင့် အသေးစားလုပ်ငန်းအဆင့်တွင် လျှပ်စစ်မီးပြတ်တောက်မှု ဖြေရှင်းနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းနှင့် ရပ်ရွာ၏ ခံနိုင်ရည်စွမ်းကို တည်ဆောက်ရန်အတွက် အကူအညီလိုအပ်နေပါသည်။

အာရှဖောင်ဒေးရှင်းမှ လုပ်ဆောင်သော သုတေသနသည် လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်များ၌ ရန်ကုန်မြို့တွင် နေထိုင်သူများ အသုံးပြုသည့် ဖြေရှင်းနည်းများကို နားလည်ရန်နှင့် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေရန် ရည်ရွယ်ပါသည်။ သုတေသနကို ၂၀၂၃ ခုနှစ်၊ ဧပြီလနှင့် မေလအတွင်း ပြုလုပ်ခဲ့ပြီး အဓိက အချက်အလက် ပေးနိုင်သူနှင့် လူတွေ့မေးမြန်းခြင်း (KII)၊ ဖေ့စ်ဘွတ်ဂရု (၁၀၀) ကျော်ပေါ်ရှိ လူအုပ်စုများ၏ တုံ့ပြန်မှုများကို စောင့်ကြည့်လေ့လာခြင်း (digital ethnography)နှင့် ရန်ကုန် တိုင်း၏ မြို့နယ် (၁၃) ခု တို့တွင် လမ်းလျှောက်လေ့လာခြင်း (transect walks)[၁] စသည့် အရည်အသွေးစံထား သုတေသနနည်းလမ်း (qualitative method) တို့ကို ပေါင်းစပ်အသုံးပြုခဲ့သည်။

## အဓိကတွေ့ရှိချက်များ

**မြန်မာနိုင်ငံတဝှမ်းတွင် လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု အရှိန်အဟုန်ဖြင့် လျော့ကျယိုယွင်းလာနေကြောင်းကို ပိုမိုတိုးပွားလာနေသော အချက်အလက် အထောက်အထားများစွာက ဖော်ပြနေပါသည်။** မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများ မတည်မငြိမ် ပြောင်းလဲနေသကဲ့သို့ပင် စွမ်းအင်လိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုအကြား ကွာဟချက်မှာလည်း အနာဂတ်တွင် ဆက်လက် ရှိနေမည်ဟု ကြိုတင်မှန်းဆ ထားကြပါသည်။ လျှပ်စစ်ဓာတ်အား စီမံကိန်းသစ်များ ရေးဆွဲခြင်း၊ အတည်ပြုခြင်းနှင့် ဆောက်လုပ်ရန် အချိန်ကာလ ကြာမြင့်တတ်ခြင်းတို့ကြောင့် အနာဂတ်တွင် လျှပ်စစ်ဓါတ်အားပေး စက်ရုံအသစ်များအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ မူဝါဒနှင့် နိုင်ငံရေး အပြောင်းအလဲများ ဖြစ်လာခဲ့သည့်တိုင် လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုသည် နှစ်ပေါင်းများစွာ ဆက်လက် ဖြစ်ပေါ်နေဖွယ် ရှိသည်။ ဤပြဿနာကို ရန်ကုန်တွင် ပိုမိုပြင်းထန်စွာ ရင်ဆိုင်နေရပါသည်။

**ရန်ကုန်ရှိ ဓာတ်အားသုံးစွဲသူများသည် ၎င်းတို့မြို့၌ နှစ်စဉ်နှင့် ရာသီအလိုက် လျှပ်စစ်မီးရရှိနိုင်မှုကို သဘော ပေါက် နားလည်ကြသော်လည်း ဓာတ်အားပြတ်တောက်မှုကို ဖြေရှင်းရာတွင် လူအနည်းစုကသာ စွမ်းအင်ကဏ္ဍ၏ ရေရှည်အလားအလာကို ထည့်သွင်းစဉ်းစားကြသည်။** ထို့ကြောင့် ဤနယ်ပယ်တွင် ရေရှည်တည်တံ့သော နည်းလမ်းအပြုအမူများကို အားပေးရန် မြန်မာနိုင်ငံရှိ လျှပ်စစ် ဓာတ် အား အကြပ်အတည်းသည် ရေရှည်ဖြစ်မည့် အကြောင်း သုံးစွဲသူများအား အသိပေးရန်လိုအပ် ပါသည်။ ရေရှည်ကြည့်ကာလုပ်ဆောင်ရန်အတွက် သုံးစွဲသူများ တွေ့ကြုံနေရသည့် အခက်အခဲ အဓိက အကြောင်းရင်းတစ်ခုမှာ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု၊ နိုင်ငံရေး မတည်ငြိမ်မှုနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးမှုတို့အကြား ရောယှက်နေသည့် အဆက်အစပ်များကြောင့်လည်း ဖြစ်သည်။

**ဓာတ်အားပြတ်တောက်မှုများသည် အခြေခံအသုံးအဆောင်ပစ္စည်းများ အသုံးပြုနိုင်မှုကို အကန့် အသတ်များ ဖြစ်စေပြီး လုပ်ငန်းခွင်နှင့် လုပ်ငန်းပတ်ဝန်းကျင်၊ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာမှုတို့တွင် စိန်ခေါ်မှုများ ဖြစ်ပေါ်စေသည်။** ဤသုတေသနတွင် ကျန်းမာရေး၊ လုပ်ငန်း ကုန်ထုတ်စွမ်းအား၊ လုပ်သား အလုပ်လုပ်နိုင်စွမ်း၊ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုနှင့် ရပ်ရွာအသိုင်းအဝိုင်း လည်ပတ်ဆောင်ရွက်မှုများအပေါ် ကျယ်ပြန့်သော သက်ရောက်မှုများကို မှတ်တမ်းတင် ထားသည်။

**ရန်ကုန်မြို့တွင် ဓာတ်အားပြတ်တောက်မှုများကို ကြုံတွေ့ဖြေရှင်း နေရစဉ်တွင် အခွင့် အလမ်းသစ်များနှင့် စိန်ခေါ်မှုများလည်း ရှိနေပြီး အဆင့်ဆင့်ပြောင်းလဲနေသည့် အခြေအနေလည်း ဖြစ်နေပါသည်။** မျှော်လင့်ချက်များပြောင်းလဲလာပြီး လျှပ်စစ်ပစ္စည်းများပေါ်

မှီခိုအားထားမှု တိုးလာကာ ဈေးကွက်အတွင်း နည်းပညာအသစ်များ ပိုမိုများပြားလာပြီး ရရှိနိုင်လာသည်။ ဓါတ်အားပြတ်တောက်မှုကို ဖြေရှင်းနိုင်မည့်နည်းလမ်းအများအပြား ဈေးကွက်အတွင်းရှိနေပြီး သုံးစွဲသူများအနေဖြင့် ရွေးချယ်စရာများစွာရှိခြင်းကြောင့် အကျိုးခံစားရသော်လည်း ဆုံးဖြတ်ချက်များပြုရာတွင် ပိုမိုခက်ခဲမှုကို တွေ့ကြုံကြရသည်။

**သုံးစွဲသူများအတွက် နည်းလမ်းတစ်ခုတည်းဖြင့် မှော်ဆန်ဆန်ဖြေရှင်းနိုင်သောနည်းလမ်း မရှိပါ။** ရန်ကုန်ရှိ ဓါတ်အားသုံးစွဲသူများသည် ပြဿနာကို ရင်ဆိုင်ဖြေရှင်းခြင်း၊ အလိုက်သင့် ပြောင်းလဲခြင်းနှင့် အခြားစွမ်းအင်ရင်းမြစ်ကိုသုံးခြင်းဟူ၍ အမျိုးအစားခွဲခြားနိုင်သည့် ဖြေရှင်းနည်းများကို ပေါင်းစပ်အသုံးပြုကြပါသည်။ ငွေကြေးတတ်နိုင်မှုနှင့် ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကန့်အသတ်များကြောင့် နည်းလမ်းများကို ပေါင်းစပ် အသုံးပြုရန် လိုအပ်ပါသည်။

**သုံးစွဲသူ တစ်ဦးချင်း၏ အခြေအနေများ မတူညီနိုင်သော်လည်း  အများ၏ ရွေးချယ်မှုနှင့် လုပ်ဆောင်မှုများမှထံမှ လေ့လာနိုင်ဖွယ်များ ရှိပါသည်။** သုံးစွဲသူ တစ်ဦးချင်းအလိုက် ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည့် မတူညီသော နည်းလမ်းအမျိုးမျိုးကို သင်ခန်းစာယူနိုင်ရန် ယခုသုတေသနတွင် မှတ်တမ်းတင်ထားပါသည်။

**ဓာတ်အားပြတ်တောက်ခြင်းများကို ဖြေရှင်းရာတွင် သုံးစွဲသူများ ကြုံတွေ့ရသည့် အဓိက အခက်အခဲများမှာ ငွေကြေး၊ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊ ၎င်းတို့၏ စွမ်းအင်လိုအပ်ချက် အတိုင်းအတာကို  ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းနှင့် ရှုပ်ထွေးသော သတင်းအချက်အလက်ဝန်းကျင်များ ဖြစ်သည်။** ဆိုလာစနစ် တပ်ဆင်ခြင်း၊ အင်ဗာတာများ နှင့် ဘက်ထရီများ သို့မဟုတ် မီးစက်များ အသုံးပြုခြင်း စသည့် လျှပ်စစ်လိုအပ်ချက် အများအပြားကို ပံ့ပိုးပေးနိုင်မည့် အစားထိုး စွမ်းအင်ဖြေရှင်းနည်းများကို ပြောင်းလဲအသုံးပြုရန်နှင့် ပုံမှန်ထိန်းသိမ်းနိုင်ရန် ငွေကြေးများစွာ ကုန်ကျမည့် ဝန်ထုပ်ဝန်ပိုး ရှိနေပါသည်။  ဈေးသက်သာသည့် နည်းလမ်းများရှိသော်လည်း စီးပွားရေး ခက်ခဲမှုများ အရ ပြဿနာကို ရင်ဆိုင်ဖြေရှင်းခြင်း၊ အလိုက်သင့် ပြောင်းလဲခြင်း များတွင် ရင်းနှီးမြှုပ်နှံရန်ကပင် အိမ်ထောင်စုများ၏ တတ်နိုင်စွမ်းထက် ကျော်လွန်နေ ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဝန်းကျင် အနေအထားက အိမ်ထောင်စုများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ၏ ရွေးချယ်စရာနည်းလမ်း အကန့်အသတ်ဖြစ်စေသော်လည်း အချို့မှာ ဤအခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေများကို စီမံခန့်ခွဲရန်နှင့် ဖြေရှင်းနည်းများစွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အသိပညာ၊ တီထွင်ဖန်တီး နိုင်စွမ်းနှင့် ရပ်ရွာတွင်း ဆက်ဆံရေးကောင်းများ ရှိရန် လိုအပ်နေပါသည်။

**သုံးစွဲသူများသည် နည်းပညာကျွမ်းကျင်သည့် လုပ်ငန်းတူများနှင့် ဆိုရှယ်မီဒီယာ မှတဆင့် အကြံဥာဏ်လမ်းညွှန်မှုများရယူကြသည်။ ဤပလက်ဖောင်းများသည် ပိုမိုထိရောက်သော နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးနိုင်ရန် အခွင့်အလမ်းတစ်ခုဖြစ်သည်။** လုပ်ငန်းတူများသည် နည်းပညာ ဆိုင်ရာအသိပညာအတွက် ရင်းမြစ်ကောင်းတစ်ခု ဖြစ်သော်လည်း တစ်ဦးချင်း ဆက်ဆံရေးများ အပေါ် မှီခိုနေရသောကြောင့် ရယူအသုံးပြုနိုင်မှုမှာ တစ်ဦးနှင့်တစ်ဦး တူညီခြင်း မရှိပါ။ ဆိုရှယ်မီဒီယာ ရင်းမြစ်များမှာမူ ပိုမိုလက်လှမ်းမီနိုင်ပြီး မျှတမှုရှိသည်။ အချို့ လျှပ်စစ်အကြောင်း ဖေ့စ်ဘွတ် စာမျက်နှာများတွင် အဖွဲ့ဝင်ဦးရေ ၁၀၀,၀၀၀ ကျော်ရှိသည်။ သို့ရာတွင် ဤစာမျက်နှာများသည် ပစ္စည်းရောင်းချသူများ၏ ပရိုမိုးရှင်းပစ္စည်းများဖြင့် လွှမ်းမိုးခံရနိုင်ပြီး သုံးစွဲသူများအနေဖြင့် မမှန်ကန်သော ခေတ်မမီသော  သတင်းအချက်အလက်များကို ဖယ်ရှား ကြည့်ရှုရန် လိုအပ်သည်။

**သုံးစွဲသူများအနေဖြင့် ဖြေရှင်းနည်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် သတင်းအချက်အလက်ရှာဖွေရယူခြင်း၊ သင်ယူခြင်းနှင့် မျှဝေခြင်းတို့ ပြုလုပ်နိုင်သည့် ပိုမိုကောင်းမွန်သော ဝန်းကျင်တစ်ခုရှိပါက ပိုမို အထောက်အကူ ဖြစ်နိုင်ပါသည်။** သုံးစွဲသူများသည် ရေတိုကာလအတွက်သာ သိမြင်နားလည်နေကြခြင်းကြောင့် အကောင်ထည်ဖော် ဆောင်ရွက်ထားသည့် ဖြေရှင်းနည်းများသည် လက်ရှိလိုအပ်ချက်များကို မဖြည့်နိုင်သည့်အပြင် ရန်ကုန်မြို့ ၌ ရေရှည်တွင် လျှပ်စစ်ဓာတ်အားရရှိနိုင်မှု ပိုမိုဆိုးရွားလာနိုင်မှုအား ထည့်သွင်းစဉ်းစားထားခြင်း မရှိကြောင်းကို  သုတေသနက ဖော်ထုတ်နိုင်ခဲ့သည်။ ရန်ကုန်ရှိ သုံးစွဲသူများသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကို ဖြေရှင်းရန်အတွက် ထူးခြားသည့် ဖန်တီးနိုင်စွမ်းဖြင့် ရရှိလာသည့် ဖြေရှင်းနည်းများကို မိမိနည်းတူ နည်းလမ်းများကို ရွေးချယ်ရန် ရုန်းကန်နေရသည့်  သူများအား ကူညီလမ်းညွှန်ပေးလိုသည့် အပြုသဘောဆောင်သည့် စိတ်ဓါတ်များ ရှိနေကြောင်း တွေ့ရပါသည်။

## အကြံပြုချက်များ

၁။ ဓါတ်အား သုံးစွဲသူများအား အသိပညာနှင့် ဗဟုသုတ ပံ့ပိုးရန် - ဖြစ်နိုင်ခြေများနှင့် ဖြေရှင်းနည်းများကို မည်သို့ အကောင်း ဆုံးရွေးချယ်ပြီး အကောင်ထည်ဖော်ဆောင်ရွက်ရမည်ကို စားသုံးသူများသိရှိရန် သတင်းအချက် အလက်နှင့် အသိပညာ ပေးအစီစဥ်များကို စီစဥ်ပြုလုပ်ပေးရန်။

၂။ သတင်းအချက်အလက်မျှဝေခြင်းနှင့် အချင်းချင်း ပံ့ပိုးကူညီမှုကို မြှင့်တင်ရန် - အထူးသဖြင့် အစားထိုး လျှပ်စစ်စွမ်းအင် အရင်းမြစ်များအတွက် ဝယ်ယူခြင်း၊ အသုံးပြုနည်းနှင့် ထိန်းသိမ်းနည်း စသည့် ဖြေရှင်းနည်းကို အကောင်ထည်ဖော် ဆောင်ရွက်ရန် အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများ အကြား သတင်းအချက်အလက်မျှဝေခြင်းနှင့် အချင်းအချင်း ပံ့ပိုးကူညီမှုပေးနေသည့် လက်ရှိ ပလက်ဖောင်း များနှင့် ကွန်ရက်များတွင် ရင်းနှီးမြှုပ်နှံရန်။

၃။ ဘက်စုံပူးပေါင်းပါဝင် နိုင်သည့် ဖြေရှင်းနည်းများ အသုံးပြုရေး တွန်းအားပေးရန် - ရန်ကုန်မြို့၏ လျှပ်စစ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစုအဖွဲ့ အသီးသီး အတူတကွ ပူးပေါင်း အဖြေရှာနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ရန်။

၄။ ယုံကြည်စိတ်ချရပြီး အသုံးစရိတ်နည်းသော စွမ်းအင်ဖြေရှင်းနည်းများကို လက်လှမ်းမီရယူ အသုံးပြုနိုင်ရေးဆောင်ရွက် ပေးရန် - အိမ်ထောင်စုများနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအနေဖြင့် ယုံကြည်စိတ်ချရပြီး အသုံးစရိတ်နည်းသော စွမ်းအင်ဖြေရှင်းနည်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် အသေးစားချေးငွေ သို့မဟုတ် အတိုးနည်းချေးငွေ စသည့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုး ကူညီမှုများကို ဒေသတွင်းရှိ သက်ဆိုင်သူများနှင့် လက်တွဲဆောင်ရွက်ပြုလုပ်ပေးရန်။

၅။ စွမ်းရည်မြှင့်တင်ရေးနှင့် နည်းပညာသင်တန်းများ ပံ့ပိုးပေးရန် - ရောင်းချသူများနှင့် သုံးစွဲသူများအတွက် စွမ်းရည်မြှင့်တင် ရေးနှင့် နည်းပညာသင်တန်းများကို ဒေသတွင်း အဖွဲ့အစည်းများ အသက်မွေးဝမ်းကြောင်း လေ့ကျင့်ရေးအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်၍ စီစဥ်ပြုလုပ်ပေးရန်။ ဤသည်မှာ ဈေးကွက်အတွင်း ရရှိနိုင်သော နည်းပညာသစ်များနှင့် ထုတ်ကုန်များ အတွက် အလွန်အရေးပါသည်။

၆။ စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးမှုအစီစဥ်များကို စတင်တည်ထောင်ရန် - လျှပ်စစ် ဓာတ်အားပြတ်တောက်မှုဒဏ်ခံရသော အသေးစားစီးပွားရေးလုပ်ငန်းများကို ဦးတည်ပံ့ပိုးပေးမည့် အစီအစဥ်များကို ပြုလုပ်ရန်။ ဤတွင်  ငွေကြေးဆိုင်ရာစီမံခန့်ခွဲ နိုင်စွမ်း အကူအညီ၊ လုပ်ငန်းဆက်လက်လည်ပတ်ရန် အစီအစဥ်လမ်းညွှန်ချက်၊ အရန်ဓာတ်အား သို့မဟုတ် မျှဝေအသုံးပြု နိုင်သည့် စွမ်းအင်အခြေခံ အဆောက်အဦများကို သုံးစွဲရယူနိုင်ခြင်း စသည့်နည်းလမ်းများ ပါဝင်နိုင်သည်။

၇။ သုတေသနနှင့် စမ်းသပ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် - ရန်ကုန်ရှိ အိမ်ထောင်စုများနှင့် အသေးစား လုပ်ငန်းများအတွက် ဆန်းသစ်ပြီး  အခြေအနေနှင့် ကိုက်ညီသည့် ဖြေရှင်းနည်းလမ်းများကို ရှာဖွေစူးစမ်းနိုင်ရန် စမ်းသပ် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန်။ ဤတွင် လျှပ်စစ် ဓာတ်အားပြတ်တောက်မှုကို ထိရောက်စွာနှင့် ရေရှည်တည်တံ့ခိုင်မြဲ စွာ ဖြေရှင်းနိုင်ရန်  ရပ်ရွာလူထုမှ ဦးဆောင်၍ အစပြုလုပ်ဆောင်မှုများ၊ လုပ်ငန်းပုံစံများနှင့် နည်းပညာအသစ်များအား စမ်းသပ် ခြင်းတို့ပါဝင်နိုင်သည်။



# နိဒါန်း

မြန်မာ့စွမ်းအင်ကဏ္ဍသည် လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မှုနှင့် လိုအပ်မှုကြား ကြီးထွားလာသော ကွာဟမှုကို စီမံခန့်ခွဲခြင်းဆိုင်ရာ စိန်ခေါ်မှုကို အချိန်အတော်ကြာရင်ဆိုင်နေရသည်။ ဤစိန်ခေါ်မှုများသည် နိုင်ငံရေးမတည်ငြိမ်မှုနှင့် နိုင်ငံတော်အဆင့်တွင် လျှပ်စစ်ကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး ပူပေါင်းလုပ်ဆောင်မှု များရပ်တန့်နေခြင်းကြောင့် ပိုမိုဆိုးရွား ပြင်းထန်လာသည်။ အကျိုးဆက်အနေဖြင့် ရန်ကုန်နှင့် တစ်နိုင်ငံလုံးတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ပိုမိုဖြစ်ပွားလာသဖြင့် နေထိုင်သူများအတွက် လူနေမှုဘဝ အရည်အသွေး ယိုယွင်းလာစေပြီး အသေးစားလုပ်ငန်းများအတွက် စိန်ခေါ်မှု အသစ်များ ဖြစ်လာစေသည်။ ကာလလတ်နှင့် ရေရှည် လျှပ်စစ်မီးပြတ်တောက်မှုများ ဆက်လက် ဖြစ်ပေါ်လျက်ရှိသောကြောင့် အိမ်ထောင်စုနှင့် အသေးစားလုပ်ငန်းအဆင့်တွင် လျှပ်စစ်မီး ပြတ်တောက်မှု ဖြေရှင်းနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းနှင့်ရပ်ရွာ၏ ခံနိုင်ရည်စွမ်းကို တည်ဆောက်ရန်အတွက် ပံ့ပိုးကူညီမှုလိုအပ်သည်။

ဤသုတေသနကို မြို့ပြအိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများ (သုံးစွဲသူများ) အပေါ် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၏ သက်ရောက်မှုဒဏ်မှ သက်သာစေရေးပံ့ပိုးကူညီနိုင်ရန် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သုတေသနသည် လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်များတွင် ရန်ကုန်မြို့ နေထိုင်သူများက အသုံးပြုသည့် ဖြေရှင်းနည်းများကို သဘောပေါက်နားလည်ရန်နှင့် ၎င်းတို့၏ အတွေ့အကြုံများကို မှျဝေရန် ရည်ရွယ်ပါသည်။ သုတေသနကို ၂၀၂၃ခုနှစ် ဧပြီလနှင့်မေလတို့တွင် ပြုလုပ်ခဲ့ပြီး အောက်ဖော်ပြပါ သုတေသနမေးခွန်း(၄) ခုကို အခြေပြုထားသည်။

### စာစု ၁. အဓိကသုတေသန မေးခွန်းများ

က။ မြန်မာနိုင်ငံတွင် အများပြည်သူက လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း သဘောသဘာဝကို မည်သည့် အတိုင်းအတာအထိ သဘောပေါက် နားလည်မှု ရှိသနည်း။ မည်သို့သော ဗဟုသုတ၊ စိတ်နေသဘောထားနှင့် အပြုအမူများက ၎င်းတို့၏ နားလည်မှုအဆင့်ကို ပြသနေသနည်း။

ခ။ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများက အိမ်ထောင်စုများနှင့် အသေးစား လုပ်ငန်းများအပေါ် မည်သို့သော သက်ရောက်မှုကို ဖြစ်စေသနည်း။

ဂ။ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကို ကျော်လွှားရန် အိမ်ထောင်စုများနှင့် လုပ်ငန်းများတွင် အသုံးပြုနေသည့် အဓိက နည်းလမ်းများကို ဖော်ထုတ် ၍ အကောင်ထည်ဖော်ဆောင်ရွက်ရန် မည်သည်တို့လိုအပ်သနည်း။ ဤနည်းလမ်းများက လျှပ်စစ် ဓာတ်အား ပြတ်တောက်မှုများကို မည်သို့ ကျော်လွှားနိုင်သနည်း။

ဃ။ အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများသည် ဆုံးဖြတ်ချက်ရာတွင် မည်သည်တို့ကို ဦးစားပေးအဖြစ် အဓိက ထည့်သွင်း စဥ်းစားသနည်း။ ဖြေရှင်းနည်းများကို ရွေးချယ်ဆုံးဖြတ် ရာတွင် မည်သို့သော စိန်ခေါ်မှုများကို ကြုံရသနည်း။

ဤနိဒါန်းတွင် စွမ်းအင်ကဏ္ဍဆိုင်ရာ ရှိရင်းစွဲ အချက်အလက်ရင်းမြစ်များကို အခြေခံ၍ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား နောက်ခံ အခြေအနေနှင့် အခင်းအကျင်းကို ဆန်းစစ်ထားသည်။ ယင်းနောက်တွင် အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများ အပေါ် အဓိက သုတေသန (primary research) ပြုလုပ်ရာ၌ အသုံးပြုထားသည့် သုတေသန နည်းလမ်းကို ရှင်းပြထားသည်။ တွေ့ရှိချက်များကို အစီရင်ခံစာ၏ နောက်အပိုင်းတွင် အပိုင်း လေးပိုင်းခွဲ၍ တင်ပြထားသည်။ ပထမအပိုင်းတွင် လက်ရှိ လျှပ်စစ်ဓာတ်အား အခြေအနေအပေါ် လျှပ်စစ်ဓာတ်အား သုံးစွဲသူများ၏ သိမြင်နားလည် သဘောပေါက်မှုတို့ကို စူးစမ်းလေ့လာထားသည်။ ဒုတိယ အပိုင်းတွင် သုံးစွဲသူများ တွေ့ကြုံခံစားရသော အကျိုးသက်ရောက်မှုများကို ဆွေးနွေးထားပြီး တတိယအပိုင်းတွင် ပြည်သူများ အသုံးပြုသည့် ဖြေရှင်းနည်းများကို အဓိကထား လေ့လာထားသည်။ ဓါတ်အားသုံးစွဲသူများအနေဖြင့် ၎င်းတို့၏ တမူထူးခြားသော အခြေအနေများကို မည်သို့အကဲဖြတ်ကာ ရနိုင်သည့် ဖြေရှင်းနည်းများကို မည်သို့ရွေးချယ် ဆုံးဖြတ်သည်ကို စတုတ္ထနှင့် နောက်ဆုံးအပိုင်းတွင် အသေးစိတ် ဖော်ထုတ်ထားသည်။ နောက်ဆုံးတွင် အဓိက ကောက်နုတ်ချက်များကို အကျဥ်းချုပ် ရေးသားပြီး သုတေသန တွေ့ရှိချက်များကို အခြေခံ၍ အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

# နောက်ခံအကြောင်းအရာနှင့် အခင်းအကျင်း

## မူဝါဒ ရည်မှန်းချက်များ

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်မှုနှုန်းသည် ပြီးခဲ့သော ဆယ်စုနှစ်အတွင်း တိုးတက်မှုရှိခဲ့သော်လည်းဒေသတွင်းနှင့် ကမ္ဘာ့စံနှုန်း သတ်မှတ်ချက်များနှင့် နှိုင်းယှဥ်ပါက နိမ့်ကျနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံသည် ယုံကြည်စိတ်ချရပြီး ကျယ်ကျယ်ပြန့်ပြန့် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနိုင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားရယူသုံးစွဲနိုင်မှု နှုန်းသည် ၂၀၁၀-၂၀၁၁ တွင် ၂၅ ရာခိုင်နှုန်းမှ ၂၀၁၉-၂၀၂၀ တွင် ၅၀ ရာခိုင်နှုန်းထိ တိုးလာခဲ့သည်။[၂] သို့သော် အာဆီယံနိုင်ငံများအကြား လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်မှု အနိမ့်ဆုံးဖြစ်နေဆဲဖြစ်ပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ကဲ့ သို့သော မြို့ကြီးများတွင်သာ အဓိက လျှပ်စစ်မီးရရှိနေခြင်း ဖြစ်သည်။

ပုံ ၁ - တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား တိုးမြင့်ရရှိလာမှု ၂၀၁၀-၂၀၂၀[၃]




*ရင်းမြစ် - MIMU*

မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအရ ၂၀၃၀ ခုနှစ်တွင် ၁၀၀ ရာနှုန်း လျှပ်စစ်ဓာတ်အား ရရှိရေး ရည်မှန်းချက် ကြီးကြီးမားမား သတ်မှတ်ထားပါသည်။ ၂၀၁၁ ခုနှစ် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ချိန် မှစ၍ အစိုးရသည် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး လုပ်ဆောင်ခဲ့ပြီး လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး ကွန်ရက်များ တိုးတက်ကောင်းမွန် လာစေရန် လုပ်ဆောင်ခဲ့သည်။ ဦးသိန်းစိန်အစိုးရနှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရများသည် အဆိုပါကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးခဲ့ခြင်းက လျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်များ ဆောက်လုပ်ခြင်းနှင့် ရှိပြီးသား ဓာတ်အားပေးစက်ရုံများ ပြန်လည်ထူထောင်ရေးတို့ကို ဖြစ်ပေါ်စေခဲ့သည်။ လျှပ်စစ်ဓာတ်အားလိုင်း ဖြည်းဖြည်းချင်း ချဲ့ထွင်လာနိုင်မှုကြောင့် နိုင်ငံတဝှမ်းရှိ ချို့တဲ့သော လူမှုရပ်ဝန်းများအတွက်ပါ လျှပ်စစ်ဓာတ်အားကို လက်လှမ်းမီ ရယူသုံးစွဲ လာနိုင်စေခဲ့သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကို နိုင်ငံတော်က တာဝန်ယူပြီး လျှပ်စစ်ဓာတ်အားအသုံးပြုခ နှုန်းထားကို သတ်မှတ်ပေးသည်။ ၂၀၁၉ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန[၄] သည် ဝင်ငွေနှင့်ထုတ်လုပ်စရိတ်ကြား ကွာဟချက် ကြီးမားလာသောကြောင့် အစိုးရအတွက် ဘဏ္ဍာရေးဆုံးရှုံးမှုများ လျော့ကျစေရန် မီတာခ နှုန်းထားများ မြှင့်တင်ခဲ့သည်။ သို့ရာတွင် ကိုဗစ်ကာလ စီးပွားရေး ကုစားမှု အစီအစဉ်အရ ၂၀၂၀ခုနှစ် ဧပြီလမှ ၂၀၂၁ခုနှစ် ဧပြီလထိ လျှပ်စစ်ဓာတ်အား သုံးစွဲခ ကင်းလွတ်ခွင့် ပြုခဲ့ခြင်းနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက အာဏာသိမ်းခြင်းကို ဆန့်ကျင် သောအားဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲခ ပေးဆောင်ရန် သုံးစွဲသူအများ အပြားမှ သပိတ်မှောက်ခြင်းတို့ကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (MoEP) ၏ ဘဏ္ဍာရေး အခြေအနေသည် ပြိုလဲနိုင်သည့် အန္တရာယ် ရှိနေပါသည်။ ဘဏ္ဍာရေး ဆိုင်ရာစိန်ခေါ်မှုများအပြင် ဝန်ထမ်းအများအပြား အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ကြပြီး ဝန်ထမ်းဦးရေ ၄,၀၀၀ ကျော်ခန့် အလုပ်ထုတ်ခဲ့ခြင်းကြောင့် MoEP တွင် လူအရင်းမြစ်များစွာ လျော့နည်းခဲ့သည်။[၅]

## လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်တက်လာခြင်း

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် နိုင်ငံတစ်ဝှမ်း စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တိုးမြင့်လာသည်။ ၂၀၂၁ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံသည် လျင်မြန်သော တိုးတက်မှုနှင့်အတူ စီးပွားရေး အသွင်ကူးပြောင်းမှု လုပ်ဆောင်နေသော ကာလလည်း ဖြစ်သည်။ ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ တိုးချဲ့လာခြင်းကြောင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ပံ့ပိုးရန် နှင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှု လိုအပ်ချက်များကို ဖြည့်ဆည်းရန် လျှပ်စစ်ဓာတ်အား ပိုမို လိုအပ်လာခဲ့ပါသည်။ လူဦးရေ တိုးပွားလာမှုနှင့် မြို့ပြဖြစ်ထွန်းလာမှုတို့က လိုအပ်ချက် မြင့်တက်လာစေမှုကို ဖြစ်စေသည့် ထပ်တိုး အကြောင်းရင်းများ ဖြစ်သည်။ ဝေးလံသောနေရာများသို့ ဓာတ်အားလိုင်း တိုးချဲ့လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား လိုအပ်မှု ပိုမို မြင့်တက်လာသည်။ မြင့်မားလာသော ဝင်ငွေများနှင့် ကုန်သွယ်ရေးအတားအဆီးနည်းလာခြင်းတို့ကလည်း နေအိမ်နှင့် လုပ်ငန်းများတွင် လျှပ်စစ် ပစ္စည်းများနှင့် နောက်ဆုံးပေါ် အသုံးအဆောင်များအပေါ် ဝယ်လိုအား တိုးလာစေသည်။ ယခင်က အခြားသော နည်းလမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ချက်ပြုတ်ခြင်း ကဲ့သို့သော နေ့စဉ် အိမ်လုပ်ငန်းဆောင်တာများ အတွက် ခေတ်မီ လျှပ်စစ် အသုံးအဆောင်များ အပေါ် ပိုမိုမှီခိုလာကြသည်။ ၂၀၁၄ မှ ၂၀၁၉ ခုနှစ် ကာလအတွင်း ရန်ကုန်တိုင်း၏ ခရိုင်အားလုံးတွင် ချက်ပြုတ်ခြင်းအတွက် လျှပ်စစ်ဓာတ်အားကိုအသုံးပြုမှုမှာ ၄၇ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။[၆] ၂၀၂၀ ခုနှစ်တွင် ဓာတ်အားလိုအပ်ချက် အမြင့်ဆုံးပမာဏ ၃,၈၇၈ မဂ္ဂါဝပ် သို့ ရောက်ရှိခဲ့သည်။ ပြီးခဲ့သည့် ၅ နှစ်အတွင်း ပျမ်းမျှ ၁၁ ရာနှုန်း တိုးမြင့်လာခြင်း ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များ အရ ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်း ကျော်ရှိပြီး ၎င်း၏ ထုတ်လုပ်နိုင်စွမ်းမှာ ၂၀ ရာခိုင်နှုန်းသာရှိသည်။

## လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် တပ်ဆင်ထားပြီးသော ဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်းမှာ ၂၀၂၀ ခုနှစ်တွင် ၇,၀၉၁ မဂ္ဂါဝပ် ဖြစ်သည်။ ဤလျှပ်စစ်ဓာတ်အားသည် သဘာဝဓာတ်ငွေ့ (၅၁ ရာနှုန်း) မှ အများစုရရှိပြီး ဒုတိယအများဆုံးမှာ ရေအားလျှပ်စစ် (၄၆ ရာနှုန်း)နှင့် အနည်းစုကို ကျောက်မီးသွေးနှင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ ရရှိသည်။[၇] သို့ရာတွင် ရာသီအလိုက် ကွဲပြားမှုများနှင့် ကုန်ကျစရိတ် အနည်းဆုံးရင်းမြစ်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အား ရရှိနိုင်မှုတို့အပေါ် မူတည်၍ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုမှာလည်း အတက်အကျရှိသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ၂၀၂၁-၂၀၂၂ ဒုတိယ သုံးလပတ် (ဇန်နဝါရီ-မတ် ၂၀၂၁)နှင့် နှိုင်းယှဥ်ပါက ၂၀၂၂-၂၀၂၃ စတုတ္ထ သုံးလပတ် (ဇန်နဝါရီ-မတ် ၂၀၂၂) တွင် ၆.၃၂ ရာနှုန်း ကျဆင်းခဲ့သည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ၂၀၂၂-၂၀၂၃ တတိယ သုံးလပတ် ( အောက်တိုဘာ-ဒီဇင်ဘာ ၂၀၂၂)နှင့် နှိုင်းယှဥ်ပါက ၂၀၂၂-၂၀၂၃ စတုတ္ထသုံးလပတ် (ဇန်နဝါရီ-မတ် ၂၀၂၃)တွင် ၁၆.၆၃ ရာနှုန်း ကျဆင်းခဲ့သည်။[၈] ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်တွင် ဓာတ်အားထုတ်လုပ်နိုင်စွမ်းမှာ ၇,၁၇၈ မဂ္ဂါဝပ် သို့ရောက်ခဲ့သော်လည်း သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ထုတ်လုပ်မှုလျော့ကျလာခြင်း၊ တရုတ်နိုင်ငံသို့ ဓာတ်အားတင်ပို့ခြင်းနှင့် မိုးရေချိန်နည်းပါးပြီး ရေသိုလှောင်မှုနည်းပါးခြင်းတို့ကြောင့် ရရှိနိုင်သောဓါတ်အားပမာဏမှာ ၄,၅၀၀ မဂ္ဂါဝပ် ဖြစ်သည်။ MoEP က ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းအသစ်များကို အတည်ပြုရန် နှေးကွေးခြင်း၊ ရှိပြီးသား ဓာတ်အားပေး စက်ရုံများ၏ ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှု အကန့်အသတ်ရှိခြင်း၊ အိုဟောင်းလာသော အခြေခံ အဆောက်အအုံများနှင့် ဗို့အားမြင့် လျှပ်စစ် ဓာတ်အားလိုင်း သွယ်တန်း ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှု မလုံလောက်ခြင်း စသည့် စဥ်ဆက်မပြတ်သော စိန်ခေါ်မှုများ ရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လာခဲ့ခြင်း ဖြစ်သည်။[၉]

## ထုတ်လုပ်ပေးဝေမှု နှင့် သုံးစွဲမှုအကြား ကွာဟချက် ကြီးထွားလာခြင်း

လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မှုနှင့် သုံးစွဲမှု (ဝယ်လိုအား) အကြား ကွာဟချက်သည် လာမည့်နှစ်များတွင် သိသိသာသာ မြင့်တက်လာမည်ဟု ကမ္ဘာ့ဘဏ်က ၂၀၁၉ခုနှစ်တွင်  ခန့်မှန်းခဲ့သည် (ပုံ ၂)။ ဆောက်လုပ်ဆဲဖြစ်သော အဆိုပြုထားသည့် စီမံကိန်းများသည် တိုးပွားလာသော သုံးစွဲမှုလိုအပ်ချက်များ၏ တစ်စိတ်တစ်ပိုင်းကိုသာ ဖြည့်ဆည်းပေးသည်။ အားနည်းသော စီးပွားရေးအခြေအနေက ႏလျှပ်စစ်ဓါတ်အားလိုအပ်ချက်မြင့်တက်မှုကို နှေးကွေးစေသော်လည်း စီစဥ်ထားသည့် စီမံကိန်းများသည် လျော့နည်းကျဆင်းလာသော ထုတ်လုပ်မှုကို ထေမိရန် လုံလောက်မည် မဟုတ်ပါ။ ဤကဏ္ဍတွင် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုကို လက်ခံရရှိခဲ့သည့်တိုင် စွမ်းအင်စီမံကိန်းအသစ်များ တည်ဆောက်ခြင်းနှင့် တင်ဒါခေါ်ယူခြင်း စသည့် ထုတ်လုပ်မှု နှောင့်နှေးခြင်းများကြောင့် လှမ်းမြင်နိုင်သော အနာဂတ်တွင်ပင် ကြီးမားသော လျှပ်စစ်ဓာတ်အားလိုအပ်ချက် ရှိနေဦးမည် ဖြစ်သည် (စာစု ၁)။ ပေးဝေထုတ်လုပ်နိုင်မှုနှင့် လိုအပ်ချက် မညီမျှမှု ပိုမိုများပြားသည့် ရန်ကုန်အတွက် ဤပြဿနာက ပိုမိုပြင်းထန်သည်။ ကမ္ဘာ့ဘဏ် နမူနာပုံစံများအနက် အကောင်းအမြင်ဆုံး (နမူနာ အခြေအနေ ၃) အခြေအနေတွင်ပင် မြန်မာနိုင်ငံသည် ၂၀၂၀ ခုနှစ်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းကို ၂၀၂၄ ခုနှစ်တွင် ပြန်လည် ထုတ်လုပ်နိုင်စွမ်း ရှိမည်မဟုတ်ပေ။ ကမ္ဘာ့ဘဏ်၏ နမူနာ အခြေအနေ ၁နှင့် ၂ တွင် ထုတ်လုပ်နိုင်စွမ်းသည် လိုအပ်မှုနှင့် မတိမ်းမယိမ်းအဖြစ် တွေ့ရပြီး နောက်ပိုင်းတွင်မူ လိုအပ်မှု တိုးပွားလာခြင်းမှာ ယခင်အတိုင်း ရှိမည်ဟု ခန့်မှန်းရ သောကြောင့် ထုတ်လုပ်နိုင်စွမ်းသည် လိုအပ်မှုနှင့် ကွာဟမှုကြီးစွာ ရှိနေသည်ကို တွေ့ရသည်။[၁၀]

ပုံ ၂ - ခန့်မှန်းထားသော လိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုအကြား ကွာဟချက် (၂၀၁၉ ခုနှစ်ထိ)၊ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်




ရင်းမြစ် - ကမ္ဘာ့ဘဏ်

**ပုံ ၃ - အခြေအနေအလိုက် လိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုအကြား ကွာဟချက် (GW)၊ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်**




### စာစု ၂ - စွမ်းအင်ထုတ်လုပ်မှု ရင်းနှီးမြှုပ်နှံမှုတွင် နှောင့်နှေးမှုများ

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးချဲ့ခြင်းသည် ပုံမှန်အားဖြင့် စိတ်ကူးစိတ်သန်း အဆင့်မှ လည်ပတ်ဆောင်ရွက်နိုင်သော လုပ်ငန်းခွင်အဆင့်နှင့် လျှပ်စစ်ထုတ်လုပ်နိုင်သည့် ဓာတ်အားလိုင်း ဖြစ်ပေါ်လာရန် အဆင့်အထိ နှစ်ပေါင်းများစွာ ကြာမြင့်ပြီး ယင်းသို့ဆောင်ရွက်နိုင်ရန် အရင်းအနှီး ကြီးမားသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ လိုအပ်သည်။ ဥပမာအားဖြင့် ၂၂၅ မဂ္ဂါဝပ် မြင်းခြံ ဓာတ်ငွေ့သုံး အပူစွမ်းအင်ဓာတ်အားပေး စက်ရုံစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ပြီးစီးခဲ့သည်။[၁၁] စီမံကိန်း အရွယ်အစားအလိုက် ဆောက်လုပ်ရန် ကြာမြင့်ချိန် လျော့နည်းနိုင်ပြီး နေရောင်ခြည်စွမ်းအင် စီမံကိန်းများသည် မြန်ဆန်နိုင်သည်။ ၁၇၀ မဂ္ဂါဝပ် မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင် ဓာတ်အားထုတ်လုပ်နိုင်ပြီ ဖြစ်သည်။[၁၂] သို့ရာတွင် ဆောက်လုပ်ရေး လုပ်ငန်းအပြင် အစိုးရ၏ စိစစ်ခြင်းနှင့် စီမံကိန်းခွင့်ပြုခြင်း လုပ်ငန်းစဉ်၊ သင့်လျော်သော တင်သွင်းသူအား တင်ဒါခေါ်ယူခြင်း၊ လုပ်ငန်းခွင်နေရာပြင်ဆင်ခြင်း၊ ရပ်ရွာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စာချုပ်ချုပ်ဆို ညှိနှိုင်းခြင်းတို့ အတွက်လည်း အချိန်ယူ ဆောင်ရွက်ရသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်း ရည်မှန်းချက် နှင့်အညီ အတည်ပြု အကောင်အထည်ဖော် ဆောင်ရွက်ပြီးသော စီမံကိန်း အရေအတွက် အလွန်နည်းပါးသည်။ ထုတ်လုပ်နိုင်စွမ်းမလုံလောက်မှုသည် ယခုအခါ ပို၍များပြားလာနေသောကြောင့် အလွန်ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ချက်ချင်းစတင် ဆောင်ရွက်လျှင်ပင် ထုတ်လုပ်နိုင်စွမ်း မလုံလောက်မှုကို ဖြေရှင်းရန် နှစ်ပေါင်းများစွာ အချိန်ယူရမည်ဖြစ်သည်။ ထိုကဲ့သို့သော အစိုးရ သို့မဟုတ် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုပမာဏသည် လက်ရှိ နိုင်ငံရေးနှင့် စီးပွားရေးအခြေ အနေတွင် ဖြစ်နိုင်ခြေမရှိပါ။ ထို့အပြင် အခြားသော နိုင်ငံရေးနှင့် စီးပွားရေး အုပ်ချုပ်မှုအခြေအနေများတွင်လည်း ဖြစ်နိုင်ခြေ မရှိပါ။[၁၃]

## ဝန်အား လျှော့ချခြင်းဖြင့် လိုအပ်ချက်ကို စီမံခန့်ခွဲခြင်း

မြန်မာနိုင်ငံ၏ ရာသီအလိုက်ရေအားလျှပ်စစ်အပေါ် မှီခိုနေရခြင်းကြောင့် လိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှု မညီမျှမှုသည် နှစ်စဉ်ဖြစ်ပေါ်နေကြဖြစ်သည်။ MoEP သည် ထုတ်လုပ်နိုင်စွမ်း မလုံလောက်မှုများကို ဖြေရှင်းရန် အချို့ ဓာတ်အားလိုင်းများကို အချိန်ဇယားအလိုက်နှင့် ယာယီ ဖြတ်တောက်ခြင်းအားဖြင့် ဝန်အားလျှော့ချခြင်းကို ကျင့်သုံးသည်။[၁၄] ၂၀၁၉ခုနှစ် နွေရာသီလများ (မတ်လမှ ဇွန်လထိ) တွင် ဝန်အားလျှော့ချခြင်း အမြင့်ဆုံးအချိန်၌ ၃၀၀ မဂ္ဂါဝပ်သို့ ရောက်ရှိခဲ့သည်။[၁၅] အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကြိုတင်မှန်းဆ၍ မရသော ဓာတ်အား ပြတ်တောက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ပြဿနာများကို လျှော့ချနိုင်

ရန်  MoEP မှ ဝန်အားလျှော့ချခြင်း အချိန်ဇယားကို ရန်ကုန်တွင် စတင်မိတ်ဆက်ခဲ့သည်။ ဤအချိန်ဇယားသည် နေရာပေါ်မူတည်၍ အုပ်စုအလိုက် ဓာတ်အားပြတ်တောက်မည့် အချိန်များကို သတ်မှတ်ထားသည်။ (စာစု ၂ တွင်ရှုပါ)

၂၀၂၂ခုနှစ် နှစ်အစ ဇန်နဝါရီလတွင်ပင် အချိန်ဇယားတွင်မပါရှိသော ဓာတ်အားပြတ်တောက်မှုများ ရန်ကုန်၌ ဖြစ်ပေါ်ခဲ့ပြီး နေ့စဉ် ပျမ်းမျှ လေးနာရီကြာ လျှပ်စစ်မီးပြတ်တောက်မှု ကြုံတွေ့ခဲ့ရသည်။ မတ်လ အစောပိုင်းတွင် ပျမ်းမျှ ငါးနာရီထိ တိုးလာခဲ့သည်။[၁၆] အချိန်အလိုက် ဝန်အားလျှော့ချခြင်းကို ၂၀၂၀နှင့် ၂၀၂၁ နှစ်နှစ် ကြာရပ်နားထားပြီး ၂၀၂၂နှင့် ၂၀၂၃ နွေရာသီများတွင် ပြန်လည် စတင်ခဲ့သည်။

ရန်ကုန်၏ လိုအပ်ချက်စီမံခန့်ခွဲမှု နည်းလမ်းများတွင် လျှပ်စစ်ဓာတ်အားခ နှုန်းထားများ တိုးမြှင့် ကောက်ခံခြင်း ပါဝင်နိုင်သော်လည်း လောလောဆယ်တွင် ဖြစ်နိုင်ခြေမရှိပါ။ MoEP သည် ဓာတ်အားစနစ် ဝန်ပိနေခြင်းကို သက်သာစေရန် လိုအပ်ချက်စီမံခန့်ခွဲမှု နည်းလမ်းအဖြစ် ဝန်အားလျှော့ချခြင်းကို အသုံးပြုလျက်ရှိသည်။ ကမ္ဘာတွင် လိုအပ်ချက်လျှော့ချရန် လုပ်ဆောင်ကြသည့် မီတာခနှုန်းထား တိုးမြှင့်ခြင်း သို့မဟုတ် အသုံးများသည့် အချိန်နှင့် အသုံးနည်းသည့် အချိန်အလိုက် ဈေးသတ်မှတ်ခြင်း စသည့်စနစ် တို့ကို မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ခြင်း မရှိသေးပါ။ MoEP ၏  အစဉ်အလာ ဖြစ်နေသော ဓာတ်အားခ ကင်းလွတ်ခွင့်ပြုသည့် အလေ့အထ၊ အခွန်နှုန်းထားများ တိုးမြှင့်လိုက်ပါက ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး တုန့်ပြန်မှုနှင့် ပုံမှန်အားဖြင့် သုံးစွဲမှုနှုန်း နည်းလေ့ရှိသည့် အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများ၏ သုံးစွဲမှုကို ထပ်မံလျှော့ချမှုက ထိရောက်မှု နည်းနိုင်ခြင်း စသည့် အကြောင်းအရင်း များစွာကြောင့် ဤသို့ သောနည်းလမ်းကို အသုံးပြုရန် မဖြစ်နိုင်ပါ။

စက်မှုလုပ်ငန်းကြီးများ အနေဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန် အပို အခကြေးငွေများ ပေးချေခဲ့ရသည့် သာဓကများ ရှိခဲ့သည်။ သို့ရာတွင် ဤအခွန်နှုန်းထား မတူညီမှုသည် လိုအပ်ချက် လျှော့ချလိုမှုကြောင့် မဟုတ်ပဲ ကြုံလာသည့်အခွင့်အရေးကိုရယူကာ အလျဉ်းသင့်သလို ပြုလုပ်ပေး ခြင်းသာဖြစ်ကြောင်း သိရှိရန် အရေးကြီးသည်။ ဤသည်မှာ ပိုကြီးသော စက်မှုလုပ်ငန်းကြီးများကို မျက်နှာသာပေးရန် ကြိုးပမ်းမှုနှင့် မမျှတသော ဩဇာလွှမ်းမိုးမှုကို ထင်ဟပ်စေသည်။ သို့သော်လည်း ဖော်ပြပါ နည်းလမ်းများသည် ရန်ကုန်ရှိ အိမ်ထောင်စုများနှင့် အသေး စားလုပ်ငန်းများအတွက် ရရှိနိုင်ခြင်း မရှိပါ။

### စာစု ၃ - ရန်ကုန် ဝန်အားလျှော့ချခြင်းအချိန်ဇယား

ရန်ကုန်တွင် မနက် ၅ နာရီမှ ည ၉ နာရီအကြား လေးနာရီကြာ အလှည့်ကျ ဓာတ်အား ပြတ်တောက်မှုကို ၂၀၂၂နှင့် ၂၀၂၃ ခုနှစ် မတ်လမှ မေလအထိ ဆောင်ရွက်ခဲ့သည်။ ရပ်ကွက်များကို  အုပ်စု A  နှင့် အုပ်စုB ဟု အုပ်စုနှစ်ခု သတ်မှတ်ထားပြီး တစ်ရက်တာအတွင်း အလှည့်ကျ ဓာတ်အားပေးပါသည်။ အချိန်ဇယားကို လစဉ်ထုတ်ပြန်ပြီး တရက်လျှင် မည်သည့် အုပ်စုက လေးနာရီကြာ အလှည့်ကျ ပုံစံဖြင့် လျှပ်စစ်မီးရရှိမည် ဆိုသည့် အသေးစိတ်အချက် အလက်များ ကိုဖော်ပြထားသည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းက ၎င်းတို့၏ဆိုရှယ်မီဒီယာများမှတဆင့် အချိန်ဇယား စာရွက်မိတ္တူများ၏ ဓာတ်ပုံကို မျှဝေသည်။

အစိုးရ ပညာရေးစနစ်၏ စာသင်နှစ် နောက်ဆုံးလအတွက် ကျောင်းသားများ စာမေးပွဲများ အတွက် ပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ၂၀၂၃ခုနှစ် မတ်လတွင် ညနေ ၅ နာရီနှင့် ည ၉ နာရီကြားတွင် အချိန်အလိုက် ဝန်အားလျှော့ချခြင်းကို မပြုလုပ်ပါ။  အချိန်ဇယားထုတ် ပြန်ထားသော်လည်း အစီအစဉ်အတိုင်းမဟုတ်ဘဲ ဝန်အားလျှော့ခြင်း သို့မဟုတ် ဓာတ်အားစနစ် တစ်ခုလုံး ဓာတ်အား ပြတ်တောက်မှုများကြောင့် နေ့ည အချိန်များတွင်လည်း ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်တတ်သည်။

### ပုံ ၄ - ၂၀၂၂ မတ်လနှင့် ၂၀၂၃ မတ်လ အချိန်ဇယား နမူနာ



ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း

၂၀၂၂ ခုနှစ် ၊ မတ် လ အတွက် ဓာတ်အားဖြန့်ဖြူးပေးမည့်အစီအစဉ် (အရှေ့ပိုင်းခရိုင် / အနောက်ပိုင်းခရိုင်)

| စဉ် | ရက်စွဲ | 05:00 to 09:00 | | 09:00 to 13:00 | | 13:00 to 17:00 | | 17:00 to 21:00 | | 21:00 to Next 01:00 | | 01:00 to 05:00 | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အုပ်စုA | အုပ်စု B | အုပ်စုA | အုပ်စု B | အုပ်စုA | အုပ်စု B | အုပ်စုA | အုပ်စု B | အုပ်စုA | အုပ်စု B | အုပ်စုA | အုပ်စု B |
| ၁ | 18.3.2022 | √ | x | x | √ | √ | x | x | √ | √ | √ | √ | √ |
| ၂ | 19.3.2022 | x | √ | √ | x | x | √ | √ | x | √ | √ | √ | √ |
| ၃ | 20.3.2022 | √ | x | x | √ | √ | x | x | √ | √ | √ | √ | √ |
| ၄ | 21.3.2022 | x | √ | √ | x | x | √ | √ | x | √ | √ | √ | √ |
| ၅ | 22.3.2022 | √ | x | x | √ | √ | x | x | √ | √ | √ | √ | √ |
| ၆ | 23.3.2022 | x | √ | √ | x | x | √ | √ | x | √ | √ | √ | √ |
| ၇ | 24.3.2022 | √ | x | x | √ | √ | x | x | √ | √ | √ | √ | √ |
| ၈ | 25.3.2022 | x | √ | √ | x | x | √ | √ | x | √ | √ | √ | √ |
| ၉ | 26.3.2022 | √ | x | x | √ | √ | x | x | √ | √ | √ | √ | √ |
| ၁၀ | 27.3.2022 | x | √ | √ | x | x | √ | √ | x | √ | √ | √ | √ |
| ၁၁ | 28.3.2022 | √ | x | x | √ | √ | x | x | √ | √ | √ | √ | √ |
| ၁၂ | 29.3.2022 | x | √ | √ | x | x | √ | √ | x | √ | √ | √ | √ |
| ၁၃ | 30.3.2022 | √ | x | x | √ | √ | x | x | √ | √ | √ | √ | √ |
| ၁၄ | 31.3.2022 | x | √ | √ | x | x | √ | √ | x | √ | √ | √ | √ |

စက်မှုဇုန်များအား (၀၉:၀၀)နာရီမှ (၁၇:၀၀)နာရီထိသာ ဓာတ်အားပေးပါမည်။

ရည်ညွှန်းချက် A အများပြည်သူ ✓ မီးလာ
B အများပြည်သူ X မီးပျက်

| စဉ် | ရက်စွဲ | ဝန်အားလျှော့မည့် အချိန် နှင့် အုပ်စု | | | မှတ်ချက် |
|---|---|---|---|---|---|
| | | 05:00 - 09:00 | 09:00 - 13:00 | 13:00 - 17:00 | |
| 1 | 1/3/2023 | B | A | B | |
| 2 | 2/3/2023 | A | B | A | |
| 3 | 3/3/2023 | B | A | B | |
| 4 | 4/3/2023 | A | B | A | |
| 5 | 5/3/2023 | B | A | B | |
| 6 | 6/3/2023 | A | B | A | |
| 7 | 7/3/2023 | B | A | B | |
| 8 | 8/3/2023 | A | B | A | |
| 9 | 9/3/2023 | B | A | B | |
| 10 | 10/3/2023 | A | B | A | |
| 11 | 11/3/2023 | B | A | B | |
| 12 | 12/3/2023 | A | B | A | |
| 13 | 13/3/2023 | B | A | B | |
| 14 | 14/3/2023 | A | B | A | (17:00) နာရီမှ (05:00) နာရီထိ အုပ်စု (၂)ခု စလုံး ဓာတ်အားရရှိပါမည်။ |
| 15 | 15/3/2023 | B | A | B | |
| 16 | 16/3/2023 | A | B | A | |
| 17 | 17/3/2023 | B | A | B | |
| 18 | 18/3/2023 | A | B | A | |
| 19 | 19/3/2023 | B | A | B | |
| 20 | 20/3/2023 | A | B | A | |
| 21 | 21/3/2023 | B | A | B | |
| 22 | 22/3/2023 | A | B | A | |
| 23 | 23/3/2023 | B | A | B | |
| 24 | 24/3/2023 | A | B | A | |
| 25 | 25/3/2023 | B | A | B | |
| 26 | 26/3/2023 | A | B | A | |
| 27 | 27/3/2023 | B | A | B | |
| 28 | 28/3/2023 | A | B | A | |
| 29 | 29/3/2023 | B | A | B | |

*ရင်းမြစ် - ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း*

## သုတေသနနည်းလမ်း

သုတေသနခေါင်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်နိုင်ရန် သုတေသနတွင် အဓိက သတင်း အချက်အလက်ပေးနိုင်သူနှင့် လူတွေ့မေးမြန်းမှုများ (KIIs)၊ ဒီဂျစ်တယ် လူမှုတုံ့ပြန်မှုများကို စောင့်ကြည့်လေ့လာခြင်း (digital enthnography)နှင့် လမ်းကြောင်းသတ်မှတ် လမ်းလျှောက်လေ့လာခြင်း (transect walks) စသည့် အရည်အသွေး စံထား သုတေသန နည်းလမ်းများကို ပေါင်းစပ် အသုံးပြုထားသည်။ ဤနည်းလမ်း များ ကိုပေါင်းစပ် အသုံးပြုခြင်းက ပါဝင်သူများ၏ အတွေ့အကြုံများနှင့် အခြေအနေ အခင်းအကျင်းကို ပိုမိုနက်ရှိုင်းစွာ စူးစမ်းနိုင်စေပါသည်။ သုတေသနကို ၂၀၂၃ခုနှစ် ဧပြီလနှင့် မေလကြားတွင် ပြုလုပ်ခဲ့ပြီး သုတေသန တွင် ပါဝင်သူများအား ကွန်ရက်မှတဆင့် ချိတ်ဆက်ခြင်း နည်းလမ်းဖြင့် ရွေးချယ်ခဲ့သည်။ အကြောင်းမှာ လက်ရှိဖြစ်ပေါ်နေသော အခြေအနေ အခင်းအကျင်းအရ သုတေသန အဟန့်အတား ဖြစ်နိုင်ခြင်းနှင့် သူစိမ်းများအကြား ယုံကြည်မှုကို လျော့နည်းစေနိုင်ခြင်း ကြောင့်ဖြစ်သည်။ သုတေသန ပြုလုပ်ခဲ့သည့် နေရာမှာ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်တွင် ဖြစ်သည်။

သုတေသနကို အောက်ပါ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့သည် -

**ပထမအဆင့် -လမ်းကြောင်းသတ်မှတ် လမ်းလျှောက်လေ့လာခြင်း( Transect walks)**

သုတေသီများသည် သုတေသနပြုလုပ်သည့်ဧရိယာအတွင်း လမ်းကြောင်းများသတ်မှတ်ပြီး ထိုလမ်းကြောင်းများအလိုက် လမ်းလျှောက်ပြီး ရုပ်ပိုင်းဆိုင်ရာနှင့်လူမှုပိုင်းဆိုင်ရာ ဝန်းကျင်ကို ဂရုတစိုက်ကြည့်ရှုလေ့လာပြီး မှတ်တမ်းတင်ခဲ့သည်။ သုတေသန ခေါင်းစဉ်အပေါ် ၎င်းတို့၏ သက်ရောက်မှုကို နားလည်ရန် တည်ရှိပြီးသော ပတ်ဝန်းကျင်၊ အခြေခံအဆောက်အအုံနှင့် ရုပ်ရွာအနေ အထားများကို အလေးထား လေ့လာခဲ့သည်။ လမ်းကြောင်းသတ်မှတ် လမ်းလျှောက်လေ့လာခြင်းကို ရန်ကုန်မြို့စည်ပင် နယ်နိမိတ် မြို့နယ် ၁၂ ခုတွင် ပြုလုပ်ခဲ့ပြီး တစ်မြို့နယ်လျှင် ပျမ်းမျှ ၂ ကီလိုမီတာနှုန်း လွှမ်းခြုံခဲ့ပါသည်။

**ဒုတိယအဆင့် - အဓိက သတင်း အချက်အလက်ပေးနိုင်သူနှင့် လူတွေ့မေးမြန်းမှုများ (KIIs)**

ဤတွေ့ဆုံမေးမြန်းမှုများကို သုတေသနခေါင်းစဉ်နှင့်ပတ်သက်ပြီး ကောင်းစွာသိရှိသူများ သို့မဟုတ် ကိုယ်တွေ့ အတွေ့အကြုံရှိ သူများနှင့် ပြုလုပ်ထားသည်။ အသေးစိတ် အချက်အလက်များနှင့် ဖြေဆိုသူများ၏ မတူကွဲပြားသည့်အမြင်များကို ရယူနိုင်ရန် အဖွင့် မေးခွန်းများကို အသုံးပြု မေးမြန်းခဲ့သည်။ စုစုပေါင်း KII အရေအတွက် ၄၀ ကို လျှပ်စစ်ဓာတ်အားသုံးစွဲသူများ ဖြစ်သည့် အိမ်ထောင် စုများ၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ လျှပ်စစ်ဓါတ်အားနယ်ပယ်တွင် ကျွမ်းကျင်သူများနှင့် လျှပ်စစ်ပစ္စည်း ရောင်းချသူများတို့ နှင့် ပြုလုပ်ခဲ့သည်။

**တတိယအဆင့် - လူမှု တုံ့ပြန်မှုများကို စောင့်ကြည့်လေ့လာခြင်း**
ဤနည်းလမ်းတွင် သုတေသနခေါင်းစဉ်နှင့် ဆက်စပ်သော အွန်လိုင်း လူမှုအသိုင်းအဝိုင်းများ၊ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများနှင့် အခြား ဒစ်ဂျစ်တယ် နေရာများကို စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်းတို့ ပါဝင်ပါသည်။ အွန်လိုင်းဆွေးနွေးမှုများ၊ ဖိုရမ်များနှင့် ဆိုရှယ်မီဒီယာပို့စ်များမှ စုဆောင်းရရှိသော အချက်အလက်များမှတဆင့် ဒစ်ဂျစ်တယ်လောကရှိ လူများ၏ သဘောထား၊ အပြုအမူများနှင့် အပြန်အလှန် ဆက်သွယ်ပုံများကို သိရှိနိုင်သည်။ ဆိုလာ၊ မီးစက်၊ ဓာတ်အား ဖြေရှင်းချက်များနှင့် လျှပ်စစ် စသည့် သော့ချက်စကားလုံးများကို အသုံးပြု၍ ဖေ့စ်ဘွတ်တွင် စတင်ရှာဖွေခဲ့ကာ အွန်လိုင်းဖေ့စ်ဘွတ်အဖွဲ့ ၁၀၀ နီးပါးကို စောင့်ကြည့်လေ့လာခဲ့ပြီး ဖေ့စ်ဘွတ်မှ ထပ်မံအကြံပေးသည့် ဆက်စပ်အဖွဲ့များကိုလည်း လေ့လာသုံးသပ်ခြင်းဖြင့် လူမှုတုံ့ပြန်မှုများကို စောင့်ကြည့်လေ့လာခြင်း ပြုလုပ်ခဲ့သည်။

အဓိက သတင်းအချက်အလက် ပေးနိုင်သူနှင့် လူတွေ့မေးမြန်းမှုများ၊ လူမှုတုံ့ပြန်မှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် ရန်ကုန်တိုင်း၏ မြို့နယ် ၁၃ မြို့နယ်တွင် လမ်းကြောင်းသတ်မှတ် လမ်းလျှောက်လေ့လာခြင်းများမှရရှိသော ဒေတာအချက်အလက်များကို အရည်သွေးဆန်းစစ်မှု ဆော့ဖ်ဝဲ NVIVO ဖြင့် အကြောင်းအရာအလိုက်ဆန်းစစ်နည်းဖြင့် အသုံးပြုဆန်းစစ် ခဲ့သည်။ ဤဆန်းစစ်မှုတွင် ထပ်တလဲလဲဖြစ်ပေါ်လာနေသော အကြောင်းအရာများ၊ ပုံစံများနှင့် ဒေတာအချက် အလက်အတွင်းရှိ အပြန်အလှန် ချိတ်ဆက်မှုများ ပါဝင်ခဲ့သည်။ သုတေသနခေါင်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်နားလည်နိုင်စေရန်အတွက် နည်းလမ်းတစ်ခုစီ၏ တွေ့ရှိချက်များကို ရှုထောင့်စုံ နည်းဖြင့်သုံးသပ်ခဲ့သည်။ ရရှိလာသော အကြောင်းအရာများနှင့် အချက်အလက်များကို နောက်ခံအခြေအနေနှင့် ထင်ဟပ်နားလည်နိုင်စေရန်အတွက် ထပ်ဆင့်အချက်အလက်ရင်းမြစ်များထံမှ အကြံဉာဏ်ရယူမှုများ ပြုလုပ်ခဲ့သည်။

## အကန့်အသတ်များ

သုတေသန၏ တွေ့ရှိချက်များတွင် အောက်ဖော်ပြပါ အကန့်အသတ်များရှိကြောင်း သတိချပ်သင့်သည်။

- သုတေသန နည်းနာဆိုင်ရာ အခက်အခဲများ - ဤလေ့လာမှုတွင်  အရည်အသွေးစံထား နည်းလမ်းများကိုသာ အသုံးပြုထားသည်။ အခြေအနေကို ဖော်ညွှန်းသည့်အချက်အလက်များစွာ ရရှိသော်လည်း ကိန်းရှင်များအကြား တိကျသော ဆက်နွယ်မှုကို တွက်ချက်ရန် ကိန်းဂဏန်းအချက်အလက် တိကျမှုနှင့် တွက်ချက်နိုင်သော အတိုင်းအတာများ မရှိပါ။
- နယ်ပယ်နှင့် ဘေဘုယျဖြစ်မှု - သုတေသနသည် ရန်ကုန်မြို့ရှိ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကိုသာ အဓိကထား လေ့လာခဲ့ပြီး ရန်ကုန်ရှိ သုံးစွဲသူများ၏ အတွေ့အကြုံ အပြည့်အစုံ သို့မဟုတ် မြန်မာနိုင်ငံ အခြားဒေသများ၏ အခြေအနေများကို ဖော်ပြနိုင်ခြင်း မရှိပါ။
- နိုင်ငံရေး အကဲဆတ်မှု - နိုင်ငံရေးအကဲဆတ်မှုကြောင့် မြန်မာနိုင်ငံတွင် သုတေသန ပြုလုပ်ခြင်းသည် စိန်ခေါ်မှုရှိပါသည်။ မေလတွင် မြန်မာ ရက်ပ်အဆိုတော် ဗျူဟာသည် ရန်ကုန်ရှိ လျှပ်စစ်မီးဖြတ်တောက်မှုများကို အွန်လိုင်းမှ ဝေဖန်မှုကြောင့် အဖမ်းခံခဲ့ရသည်။[၁၇] ဤသည်မှာ လက်ရှိ အခြေအနေအပေါ် ဆန့်ကျင်ပြောဆိုခြင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ယေဘုယျ အခြေအနေကို ပေါ်လွင်စေပြီး ဖြေဆိုသူများက အကဲဆတ်သော အကြောင်းအရာများ ဖြစ်သည့် အခြေအနေအပေါ် ၎င်းတို့၏ အသိပညာ၊ နားလည်မှုနှင့် ခံစားရသော အကျိုးသက်ရောက်မှုများကို ဆွေးနွေးဖြေဆိုရာတွင် အကန့်အသတ် ဖြစ်စေနိုင်သည်။
- လက်လှမ်းမီမှုဆိုင်ရာ အခက်အခဲများ - မြန်မာနိုင်ငံ၏ ခက်ခဲသောအခြေအနေများကြောင့် ကွန်ရက်ချိတ်ဆက် နမူနာ ကောက်ယူခြင်း နည်းလမ်းကို အသုံးပြုခဲ့သည်။ ဤသည်က ပညာရေးနှင့် လူမှုစီးပွားရေးနောက်ခံ စသည့် မတူကွဲပြားသော ဖြေဆိုသူများ စုံလင်စွာ ပါဝင်နိုင်ရန် အကန့်အသတ် ဖြစ်စေခဲ့သည်။

၎င်းကန့်သတ်ချက်များ ရှိသော်လည်း ဤသုတေသနသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများနှင့် ပတ်သက်၍ အဖိုးတန်သော အသိအမြင် အချက်အလက်များကို ပံ့ပိုးပေးနိုင်ပြီး လျှပ်စစ်ကဏ္ဍ၏ ခံနိုင်ရည်နှင့် စိတ်ချယုံကြည်မှုကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရာတွင်  အနာဂတ် စူးစမ်းလေ့လာမှုများနှင့် သတင်းအချက်အလက် ပံ့ပိုးမှုများအတွက် အခြေခံ ဖြစ်စေရန် ရည်ရွယ်ပါသည်။

# တွေ့ရှိချက်များ

အစီရင်ခံစာ၏ ဤအပိုင်းတွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူများနှင့် ပြုလုပ်ခဲ့သည့် အဓိကတွေ့ရှိ ချက်များကို ဆွေးနွေးထားသည်။ ရှေးဦးစွာ လျှပ်စစ်ဓာတ်အား အခြေအနေ အပေါ်သုံးစွဲသူများ၏ အသိပညာနှင့် နားလည်မှုတို့ကို အခြေခံပြီး ၎င်းတို့၏ သဘောထား အမြင်များကို ဆွေးနွေးကာ ဓာတ်အား ပြတ်တောက်မှုများက ၎င်းတို့အပေါ် သက်ရောက်မှုများကို မေးမြန်းဖော်ထုတ် ထားသည်။ နောက်ဆုံးတွင် အကောင်အထည်ဖော်မည့် ဖြေရှင်းနည်းများကို ရွေးချယ်ရာတွင် ထည့်သွင်းစဥ်းစားသည့် အချက်များနှင့် လိုက်လျောညီထွေ ပြောင်းလဲရာတွင် တွေ့ကြုံရသည့် အဟန့်အတားများကို ဆွေးနွေးထားသည်။

## ဓာတ်အားပြတ်တောက်မှုများ  အပေါ် ပြည်သူလူထု၏ ရှုမြင်နားလည်မှု

သုံးစွဲသူများသည် လျှပ်စစ်ဓာတ်အား အခြေအနေကို ရာသီအလိုက်၊ နှစ်အလိုက်နှင့် ရေရှည်ဟူ၍ သုံးမျိုး ရှုမြင်ကြသည်။ သုံးစွဲသူအများစုက မြန်မာနိုင်ငံသည် ရေအားလျှပ်စစ် အပေါ်မှီခိုအားထား နေရခြင်းကြောင့် ရာသီအလိုက် အတက်အကျများကို နားလည်ကြပြီး  မိုးရာသီရောက်သည်နှင့် ဓာတ်အားပေးဝေမှုမှာ ပိုမို ကောင်းမွန်လာမည်ဖြစ်ပြီး ဓာတ်အားပြတ်တောက်မှု အနည်းငယ်သာ ဖြစ်လိမ့်မည်ဟု ယုံကြသည်။ လာမည့်နှစ်တွင် အခြေအနေပိုမိုကောင်းမွန်လာမည်ဟု စဥ်းစားချက်နှင့်ပတ်သက်၍ အားလုံးလိုလိုက ပိုမိုကောင်းလာမည်ဟု မယုံကြပါ။ သုံးစွဲသူအများ အပြားက ၂၀၂၄ ခုနှစ်တွင်လည်း အလားတူ ရာသီအလိုက် အတက်အကျ များဖြစ်ပေါ်မည်ဟု  မျှော်မှန်းထားကြသည်။ ဓာတ်အားအခြေအနေ၏ ရေရှည်အလားအလာမှာ နိုင်ငံရေးအခြေအနေအပေါ်မူတည်နေ၍ သုံးစွဲသူများအနေဖြင့်  ခန့်မှန်း စဥ်းစားရန်မှာမူ  ပိုမိုခက်ခဲပါသည်။ လက်ရှိ စီမံခန့်ခွဲမှုအောက်တွင် လျှပ်စစ်ဓာတ်အားအခြေအနေမှာ ပိုဆိုးလာမည်ဟု ယုံကြည်ကြသည်။ သို့သော် ဖြေဆိုသူတစ်ဦးကမူ ရှေးနည်းပညာဖြင့် တိုးတက်လာနိုင်မည်ဟု မျှော်လင့်ကြောင်း ဖြေကြားခဲ့သည်။

လျှပ်စစ်မီးပြတ်တောက်မှုများသည်  မြန်မာနိုင်ငံတွင်  ကြုံတွေ့နေဆဲ  စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း  အများပြည်သူက  နားလည်သဘောပေါက်ကြပြီး လက်ရှိအကြပ်အတည်းသည် နိုင်ငံရေး စီမံခန့်ခွဲမှု လွဲမှားခြင်းအဖြစ် ရှုမြင်ကြသည်။ ဖြေဆိုသူများ၏ ဖြေကြားချက်များအရ ၂၀၂၂ ခုနှစ်မှ စတင်၍ ဖြစ်ပေါ်လာသော ဓာတ်အား ထုတ်လွှတ်ပေးနိုင်မှု ယိုယွင်းလာရခြင်း၏ အဓိကအကြောင်းအရင်းများမှာ နိုင်ငံရေးမတည်ငြိမ်မှု၊ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ SAC ၏ ဦးစားပေး ဆောင်ရွက်မှု မရှိခြင်း၊ ဘတ်ဂျက် မလုံလောက်ခြင်းနှင့် လက်ရှိ ဓာတ်အား ထုတ်လုပ်မှုပုံစံကို ပြောင်းလဲရန် လိုအပ်ခြင်း စသည်တို့ ဖြစ်သည်။ YESC အများအခေါ် ယခင်အမည် EPC တွင် ရန်ကုန် တစ်မြို့လုံးသို့ လျှပ်စစ်ဓာတ်အား ပေးဝေနိုင်စွမ်းရှိသော်လည်း အာဏာပိုင်များက မပေးဝေရန် ပြုလုပ်ကြသည်ဟု ဖြေဆိုသူအနည်းစုက ယုံကြသည်။  ဤသို့ ယုံကြည်ရခြင်း၏ အကြောင်းရင်းကိုမူ နိုင်ငံရေးအကဲဆတ်သည့် သဘောထားအမြင် ဖြစ်သောကြောင့် ဖြေဆိုသူများက အကျယ်ချဲ့ မဖြေဆိုခဲ့ကြပါ။ လက်ရှိကာလတို လျှပ်စစ်ဓာတ်အားဆိုင်ရာ စိန်ခေါ်မှုများနှင့် ပတ်သက်၍ အများပြည်သူတို့က အတန်အသင့် နားလည်သော်လည်း  စွမ်းအင်ကဏ္ဍ၏ လက်ရှိအခြေအနေနှင့် နိုင်ငံရေး အခြေအနေ ရောယှက်နေသည့် အနေအထားကြောင့် အများပြည်သူတို့အနေဖြင့် ရေရှည်အလားအလာနှင့်ပတ်သက်၍မူ  ရှင်းလင်းစွာသိရှိခြင်း မရှိပါ။ သို့ဖြစ်၍  မသေချာ မရေရာသော မြန်မာ့နိုင်ငံရေး အခြေအနေကြောင့် သုံးစွဲသူများအနေဖြင့်  အနာဂတ်အတွက် ထိရောက်သော  အစီအစဥ်ချမှတ်မှုများ မပြုလုပ်နိုင်ပါ။ ယင်းအစား ဓာတ်အားပြတ်တောက်မှုများကြောင့်ဖြစ်ပေါ်လာသော အဆင်မပြေမှုများကို လက်ခံပြီး ဖြေရှင်းနည်းများကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ရာတွင် အများစုက လက်ရှိအခြေအနေကို ဆက်လက်စောင့်ကြည့်မည်ဟူသည့် သဘောထားအမြင်ဖြင့်သာ လက်ခံကျင့်သုံး နေထိုင်ကြပါသည်။

လျှပ်စစ်မီးနှင့်  လက်ရှိနိုင်ငံရေးအခြေအနေတို့အပေါ်  ရောယှက်စဥ်းစားသည့်  အယူအဆကို  ပံ့ပိုး  ပေးသည့်  အချက်မှာ  ဖြေဆိုသူအများစုအနေဖြင့်  လက်ရှိ  ဓာတ်အားပြတ်တောက်မှုများသည်  NLD  အစိုးရကာလထက်  ပိုမိုဆိုးသည်ဟု  ယုံကြည်ကြပြီး  ၂၀၁၅ မတိုင်မီကာလများနှင့်ယှဥ်လျှင်မူ ပိုမိုကောင်းမွန်သည်ဟု ယူဆကြသည်။ ၂၀၁၅ မတိုင်မီကာလနှင့် နှိုင်းယှဥ်ပါက ပိုမိုကောင်းမွန်လာသည်ဟု ဆိုနိုင်သည့် အချက်တစ်ခုမှာ  လစဥ် ဝန်အားလျှော့ချခြင်း အချိန်ဇယားအား မိတ်ဆက် အသုံးပြုခြင်းကြောင့် ဖြစ်သည်။ ဖော်ပြထားသော အချိန်အတိုင်း အမြဲဖြစ်ပေါ်သည် မဟုတ်သော်လည်း  အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများ အနေဖြင့် အစီစဥ်ချမှတ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်စေသည်။ သုံးစွဲသူများသည် အချိန်ဇယားကို

သတိပြုမိကြပြီး လက်ရှိအခြေအနေနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် အများစုက အချိန်ဇယား မည်သို့လည်ပတ်ပုံ သို့မဟုတ် အလုပ်မလုပ်ပုံကို ဖော်ပြ ပြောဆိုကြသည်။ အချိန်ဇယားအတိုင်း မဖြစ်သည့်အပေါ် စိတ်ပျက်မှုအတိုင်းအတာမှာ မြင့်မားသည်။ အထူးသဖြင့် ရန်ကုန်စည်ပင် နယ်နမိတ် အစွန်အဖျားမြို့နယ်များ၏ ရပ်ကွက်များတွင်ဖြစ်ပြီး အချို့နေရာများတွင် ဂန်အားလျှော့ချခြင်း အချိန်ဇယားကို မသိရှိရခြင်း သို့မဟုတ် အချိန်ဇယားနှင့် မကိုက်ညီသည့် ကြီးမားသော ဓာတ်အားပြတ်တောက်မှုများ အဖြစ်များခြင်း စသည်တို့ ကြုံတွေ့ရကြောင်း သိရှိရသည်။ ရန်ကုန်မြို့လည်ခေါင်ရှိ မြို့နယ်များတွင်ပင် အချိန်ဇယားနှင့် မကိုက်ညီမှုများ ဖြစ်ခြင်းကြောင့် အချိန်ပိုကြာသော၊ မမျှော်လင့်ထားသော ဓာတ်အားပြတ်တောက်မှုများ ကြုံရတတ်သည်။

> ***"မီးပြတ်တဲ့အကြောင်း ပြောတဲ့အခါ ကျွန်တော်တို့အနေနဲ့ အခြားညွှန်းကိန်း အများကြီးကို ထည့်သွင်းစဥ်းစားသင့်ပါတယ်။ ကျွန်တော်ထင်တာကတော့ နောက်နှစ်ဆို ပိုဆိုးလာပါလိမ့်မယ်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို အကောင်အထည်ဖော်ဆောင်ရွက်ရင်တော့ နောက်ငါးနှစ်အတွင်း ရလဒ်ပြောင်းလဲ သွားပါမယ်။ မြန်မာနိုင်ငံက အခုဆို လျှပ်စစ်ကားတွေ တင်သွင်းပြီဖြစ်တဲ့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် အကောင်ထည်ဖော်ဆောင်ရွက်ဖို့ စီစဥ်ပြီးသားလို့ ထင်ပါတယ်။ မြန်မာနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို အကောင်ထည်ဖော်ဆောင်ရွက်မယ်ဆိုရင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတွေ လျော့ကျသွားမှာပါ။ အနာဂတ်မှာ ကမ္ဘာကြီးဟာ မိုးခေါင်ရေရှားမှုနှင့် အပူချိန်မြင့်မားမှုတို့ကို ရင်ဆိုင်ရမှာဖြစ်တယ်။ ခုချိန်မှာ မြန်မာက ရေအားလျှပ်စစ်အပေါ် မှီခိုနေရတယ်။ မိုးခေါင်မှုတွေကြုံလာရရင် ရေအားလျှပ်စစ်ကို မှီခိုလို့မရတော့ပါဘူး။ မြန်မာနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို အကောင်ထည်ဖော်ဆောင်ရွက်မယ်ဆိုရင်တော့ မီးပြတ်တဲ့ပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။"***
>
> **- အင်္ဂလိပ်စာသင်သည့် အမျိုးသားဆရာ၊ သာကေတ**

ဆိုရှယ်မီဒီယာသည် လူအများ သတင်းအချက်အလက်ရယူသည့် အဓိကရင်းမြစ်ဖြစ်ပြီး ဖေ့စ်ဘွတ်ခ်ကို သတင်းအချက်အလက်ရယူရာ နေရာအဖြစ် အများက သတ်မှတ်ကိုးကားကြသည်။ YESC မြို့နယ်ရုံး တစ်ခုစီ ကစီမံကိုင်တွယ်သော YESC တရားဝင် ဖေ့စ်ဘွတ်ခ်စာမျက်နှာများသည် စနစ်ချို့ယွင်းမှုများနှင့် ဓာတ်အားအချိန်ဇယားဆိုင်ရာ တရားဝင်အချက်အလက်များကို လစဥ်ထုတ်ပြန်သည်။ ဤသတင်းအချက်အလက်များသည် မြို့နယ်ရုံးပေါ်မူတည်ပြီး လိုအပ်သလို ထုတ်ပြန်သည့် သဘောသဘာဝရှိသည်။ အချို့စာမျက်နှာများတွင် လပေါင်းများစွာ သို့မဟုတ် နှစ်နှင့်ချီ၍ အချက်အလက်အသစ်များ သတင်းများထုတ်ပြန်ခြင်း မရှိသည်ကိုလည်း တွေ့ရသည်။ YESC ဆိုရှယ်မီဒီယာကို သတင်းအချက် အလက်အရင်းအမြစ်အဖြစ် ကိုးကားကြပြီး ဤသည်မှာ ယခင်က YESC ဖေ့စ်ဘွတ်ခ် စာမျက်နှာများကို like ပြုလုပ်ခဲ့ကာ စောင့်ကြည့်နေခြင်းကြောင့် သတင်းအချက်အလက်များ ရရှိနေခဲ့ခြင်း ဖြစ်သည်။ ယခုအခါတွင်မူ YESC သည် ဖေ့စ်ဘွတ်ခ်မှတဆင့် ဆက်သွယ်ထုတ်ပြန်မှုများ နည်းပါးလာပါသည်။ ၂၀၂၁ခုနှစ်မှစ၍ လူအများသည် YESC ထံမှ သတင်းအချက်အလက်နှင့် တုံ့ပြန်ဆက်သွယ်မှုရရှိရန် ခက်ခဲလာခြင်း၊ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်ရရှိရန် စိန်ခေါ်မှုများ ရှိခြင်းကြောင့် ရုံးများ၊ ဖေ့စ်ဘွတ်ခ် မက်ဆေ့ဂျာ သို့မဟုတ် ဖုန်းခေါ်ဆိုမှုများမှတဆင့် အချက်အလက် ရယူရန် လုပ်ဆောင်ခြင်း မရှိကြတော့ပါ။

**ပုံ ၅ - ၂၀၂၃ ခုနှစ် ဧပြီလတွင် ဖေ့စ်ဘွတ်ပေါ် ပျံ့နှံ့ခဲ့သည့် မြန်မာ ကာတွန်းတစ်ခု**




*ရင်းမြစ် - ဖေ့စ်ဘုခ် အင်တာနက်ပေါ်မှဖြန့်ချိမှု*

ဖေ့စ်ဘွတ်ခ်ပေါ်ရှိ လူမှုအသိုင်းအဝိုင်း အဖွဲ့များသည်လည်း လျှပ်စစ်ဓာတ်အား အခြေအနေနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အများပြည်သူ ရယူလေ့ရှိသည့် ရင်းမြစ်တစ်ခုဖြစ်သည်။ အဖွဲ့များကို တူညီသော စိတ်ဝင်စားမှု သို့မဟုတ် နေထိုင်ရာဒေသအပေါ် အခြေခံထားပြီး ဖွဲ့ထားခြင်းဖြစ်သောကြောင့် အဖွဲ့ဝင်များသည် မိမိတို့၏ အသိမိတ်ဆွေများနှင့် ယုံကြည်စိတ်ချရသည့် အဆက်အသွယ်များမှ ရရှိသော သတင်းအချက်အလက်များကို အချင်းချင်းဝေမျှကြသည်။ ဆိုရှယ်မီဒီယာသည် သတင်းအချက်အလက်ရယူရန်နှင့် သုံးစွဲရန် နေရာတစ်ခု ဖြစ်သကဲ့သို့ ၎င်း၏ သဘောသဘာဝအရ ယေဘုယျအခြေအနေပေါ် အများအားဖြင့် အပျက်သဘော ဆွေးနွေးပြောဆိုခြင်းနှင့် ပျက်ရယ်ပြုသည့် အမြင်များကို မျှဝေရာ ပလက်ဖောင်းတစ်ခုအဖြစ် အသုံးပြုကြသည်။

> *“လူမှုအသိုင်းအဝိုင်းအဖွဲ့ကရရှိတဲ့ သတင်းအချက်အလက်တွေက ပိုယုံရပြီး အသုံးဝင်ပါတယ်။ ဘယ်မြို့နယ်တွေရဲ့ ဘယ်အပိုင်းတွေမှာ မီးပြတ်နေတယ်ဆိုတာတွေနဲ့ ဘာကြောင့်ပြတ်နေတာလဲ ဆိုတဲ့ အကြောင်းတွေကို သိရတယ်။”*
>
> **- အွန်လိုင်း စီးပွားရေးလုပ်ငန်းရှင် အမျိုးသား၊ တာမွေ**

အသက်အရွယ်ကြီးသူများ သို့မဟုတ် လုပ်ငန်းရှိရာတွင် မနေထိုင်သော လုပ်ငန်းရှင်များအတွက် သတင်း အချက်အလက်ရင်းမြစ်များမှာ မိသားစု၊ အသိမိတ်ဆွေများ သို့မဟုတ် ဝန်ထမ်းများ စသည့် လူအချင်းချင်း ဖြစ်ပြီး တခါတရံတွင် နောက်ဆုံးအခြေအနေကို မထင်ဟပ်သည့် သတင်းအချက်အလက်ဟောင်းများ ရရှိခြင်း သို့မဟုတ် အဖြစ်အပျက်ဖြစ်ပြီးကာမှ အကြောင်းကြားခံရခြင်းတို့ ကြုံရလေ့ရှိသည်။

> *“ကျွန်မက လျှပ်စစ်မီးနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဖေ့စ်ဘွတ်အဖွဲ့တွေ၊ အိမ်နီးချင်းတွေနဲ့ မိသားစုဝင်တွေဆီကနေ ရပါတယ်။ မီး လာမယ့်အချိန်၊ ပြတ်မယ့်အချိန်နဲ့ မီးပျက်ရတဲ့ အကြောင်းတွေကို ရှာကြည့်နိုင်ပါတယ်။ တခါတလေ ကျွန်မအိမ်နီးချင်းက ဖေ့စ်ဘွတ်ခ် မက်ဆေ့ဂျာကတဆင့် သတင်းတွေကို မျှဝေပါတယ်”*
>
> **- ရုံးဝန်ထမ်း အမျိုးသမီး၊ မြောက်ဥက္ကလာပ**

## လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ၏ သက်ရောက်မှုများ

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများသည် ရန်ကုန်ရှိ လူမှုအသိုင်းအဝိုင်းများအတွက် အရေးကြီးသော ဝန်ဆောင်မှုများ၊ လုပ်ငန်းဆောင်တာများ၊ စက်ကိရိယာများ၊ လုပ်ငန်းနည်းဗျူဟာများနှင့် နေ့စဉ်လုပ်ဆောင်မှုများကို ထိခိုက်စေသော ကျယ်ပြန့်သည့် အကျိုးဆက်များရှိသည်။ ဤလက်ငင်းအကျိုးသက်ရောက်မှုများသည် ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများဖြစ်စေပြီး ဤသည်က လူမှုအသိုင်းအဝိုင်းအတွက် စိတ်ချယုံကြည်ရပြီး လက်လှမ်းမီရယူနိုင်သည့် လျှပ်စစ်ဓာတ်အားရရှိရန် ရေရှည်တည်တံ့သော ဖြေရှင်းနည်းများ အရေးတကြီးလိုအပ်နေသည်ကို မြင်သာစေသည့်အရာများပင်ဖြစ်သည်။ ဤအပိုင်းတွင် ရန်ကုန်ရှိ ဓါတ်အားသုံးစွဲသူများအပေါ် လတ်တလော ပြတ်တောက်မှုများနှင့် နောက်ဆက်တွဲဆိုးကျိုးများ အပါအဝင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၏ ရှုထောင့်စုံ သက်ရောက်မှုများကို ဆန်းစစ်ထားသည်။

### အရေးကြီးသော ဝန်ဆောင်မှုများ၊ နေ့စဉ်လုပ်ငန်းဆောင်တာများ ထိခိုက်ခြင်းနှင့် လူနေမှုဘဝအရည်အသွေး ယိုယွင်းလာခြင်း

> *“ကျွန်မအိမ်မှာ ချက်ပြုတ်ဖို့ ဂတ်စ်မီးဖိုသုံးတယ်။ ရေတင်တာနဲ့ အဝတ်လျှော်ဖို့ ကတော့ မီးလာတဲ့ အချိန်မှ လုပ်လို့ရတာ”*
>
> **- အိမ်မှုအလုပ်လုပ်သူ အမျိုးသမီး၊ အင်းစိန်**

ဝန်အားလျှော့ချခြင်းနှင့် ဓာတ်အား ဖြတ်တောက်မှုများ ကြောင့် ရန်ကုန်မြို့ရှိ အိမ်ထောင်စုများနှင့် အသေးစား လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား မရရှိဘဲ ဖြစ်နေစေပြီး မီးထွန်းခြင်း၊ ချက်ပြုတ်ရေး ပစ္စည်းများ၊ ဆက်သွယ်ရေး ပစ္စည်းများ၊ အအေးပေးစနစ်များ၊ ရေတင်ခြင်းနှင့် ဓာတ်လှေကားကဲ့သို့သော အဆောက်အအုံဆိုင်ရာ စက်ပစ္စည်းများ အသုံးပြု ခြင်းတို့ အပေါ် သက်ရောက်မှုရှိသည်။ အထူးသဖြင့် ဧည့်ဝန်ဆောင်မှု၊ အစားအသောက်ဝန်ဆောင်မှု၊ တစ်ကိုယ်ရည် စောင့်ရှောက်မှု၊ ကုန်သွယ်မှုနှင့် စားသုံးသူဝန်ဆောင်မှု ကဏ္ဍများရှိ စီးပွားရေးလုပ်ငန်း များအနေဖြင့် ဓာတ်အားပြတ်တောက်သောအခါ ၎င်းတို့၏ စက်ပစ္စည်း ကိရိယာများ သိသာထင်ရှားသော အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ ထို့အပြင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကြောင့် လမ်းမီးများနှင့် မီးပွိုင့်များ ကဲ့သို့သော အများပြည်သူပိုင်ပစ္စည်းများ အသုံးပြုမှုကို ထိခိုက်စေခြင်းကြောင့် လူမှုအသိုင်းအဝိုင်း တစ်ခုလုံးအပေါ် သက်ရောက်မှု ရှိပါသည်။

> ***"အလုပ်ကတော့ လက်ပ်တော့ကွန်ပျူတာသုံးပြီး ဆက်လုပ်လို့ရပေမဲ့ လုပ်ငန်းခွင်အနေအထားပေါ် အများကြီး ထိခိုက်မှုရှိပါတယ်။ ကျွန်မအလုပ်စားပွဲမှာ အလင်းရောင် ကောင်းကောင်းမရရင် အဆင်မပြေပါဘူး။ ကျွန်မက ညနက် တဲ့အထိ အလုပ်လုပ်လေ့ရှိသူမို့ ညမှာ မီးပျက်တာက ဒီအလုပ်နေကျ ပုံစံကို ထိခိုက်ပါတယ်။ အလုပ်လုပ်ချိန်တွေက တသမတ်တည်းမရှိတော့တဲ့အခါ ကျွန်မရဲ့ အလုပ် ပြီးမြောက်နိုင်မှုတွေအပေါ် သက်ရောက်မှုရှိလို့ ပရော်ဖက်ရှင်နယ်အသက်မွေးဝမ်းကြောင်း မှုကို ထိခိုက်စေပါတယ်။"***
> **- အိမ်မှ အလုပ်လုပ်သော အမျိုးသမီး၊ အင်းစိန်)**

အရေးကြီးသောဝန်ဆောင်မှုများနှင့် နေ့စဉ်ဘဝအဆင်ပြေချောမွေ့စေသည့်အထောက်အပံ့များကို ထိခိုက်စေခြင်းသည် လူတစ်ဦးချင်းစီနှင့် စီးပွားရေးလုပ်ငန်းများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် လူမှုဘဝ အရည်အသွေးအပေါ် ထပ်ဆောင်းသက်ရောက်မှုများ ဖြစ်စေသည်။ ပန်ကာများနှင့် လေအေးပေးစက်များကဲ့သို့သော လျှပ်စစ်အအေးပေးစက် ပစ္စည်းများမရှိပါက ရန်ကုန်၏ အပူပိုင်းမုတ်သုံရာသီဥတုတွင် လူအများအဖို့ သက်တောင့်သက်သာရှိသော ပတ်ဝန်းကျင်ဖြစ်ရန် ခက်ခဲပေလိမ့်မည်။ ဤသို့သော အဆင်ပြေသက်သာမှုမရှိခြင်းသည် အထူးသဖြင့် လေဝင်လေထွက်နည်းသော လူနေထူထပ်သည့်နေရာများတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှု၊ အလုပ်စွမ်းဆောင်ရည်၊ ကောင်းမွန်စွာ အိပ်စက်နိုင်မှု စသည်တို့အပေါ်တွင် သက်ရောက်မှုများရှိသည်။

> ***"မီးပျက်တာတွေကြောင့် ကောင်းကောင်းအိပ်မရပဲ ညဘက်မှာ လေအေးပေးစက်လဲ ဖွင့်လို့ မရပါဘူး။ ကျွန်မကရန်ကုန်မှာ တိုက်ခန်းကျဥ်းလေးထဲနေရတာကြောင့် ပူတဲ့ရာသီမှာဆိုရင် ကျွန်မရဲ့ တိုက်ခန်းကျဥ်းထဲ လေဝင်လေထွက်မရှိဘူး။ လေအေးပေးစက်မရှိရင် နွံးချိနေတာပဲ။ ရုံးကိုရောက်တဲ့အခါ အိပ်ငိုက်နေပြီး အလုပ်ကို အာရုံမစိုက်နိုင်တော့ဘူး။ ဦးနှောက်က အလုပ်ကောင်းကောင်း မလုပ်တော့ဘူး။"***
> **- ရုံးဝန်ထမ်း အမျိုးသမီးတစ်ဦး၊ သာကေတ**

လျှပ်စစ်ဓာတ်အားရရှိရေးသည် အိမ်ထောင်စု များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် အလွန်အရေးကြီးပြီး ပုံမှန်အားဖြင့် ့ အိမ်မှုကိစ္စ အဓိကလုပ်ဆောင်သူများဖြစ်သည့် အမျိုးသမီးများ အပေါ် သိသိသာသာ သက်ရောက်မှုရှိသည်။ မီးဖိုခန်းသုံးလျှပ်စစ်ပစ္စည်းများ၊ ရေတင်စက်များနှင့် အခြားစက်ပစ္စည်းများကို အသုံးမပြုနိုင်သည့်အခါ ချက်ပြုတ်ခြင်း၊ ရေပေးဝေခြင်းနှင့် အိမ်မှု ကိစ္စများဆောင်ရွက်ရန် အခက်အခဲဖြစ်စေသည်။ လျှပ်စစ်မီးပျက်ချိန်များတွင် ရေရရှိရေးသည် အဓိကစိုးရိမ်စရာ ဖြစ်လာပြီး အိမ်ရာများတွင် ရက်အတန်ကြာ ရေပြတ်လပ်သွားခြင်းများ ရှိခဲ့သည်ဟု သိရှိရသည်။[၁၈]

ပညာရေး၊ အလုပ်နှင့် ဖျော်ဖြေရေး အပိုင်းတို့တွင်လည်း များစွာ ထိခိုက်မှုများရှိသည်။ အွန်လိုင်း ပညာရေးနှင့် အဝေး (အွန်လိုင်းမှ) အလုပ်လုပ်ခြင်း တို့သည် အီလက်ထရွန်းနစ်ပစ္စည်းများနှင့် တည်ငြိမ်သော လျှပ်စစ်ဓါတ်အားလိုအပ်သည်။ ဓာတ်အားဖြတ်တောက်ခြင်းများက အွန်လိုင်းအစည်းအဝေးများ၊ အလုပ် ပုံမှန်လည်ပတ်မှုနှင့် လုပ်ဖော်ကိုင်ဖက်များအကြား ဆက်သွယ်မှုကို အနှောင့်အယှက် ဖြစ်စေသည်။ လျှပ်စစ်ဓာတ်အားအပေါ် မှီခိုနေရသော စီးပွားရေး လုပ်ငန်းများသည် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများ ပုံမှန်ပေးရန် ရုန်းကန်နေရပြီး အစားအသောက် ဝန်ဆောင်မှုနှင့် တကိုယ်ရည်ကျန်းမာရေး ဝန်ဆောင်မှုကဲ့သို့သော ကဏ္ဍများပေါ် သက်ရောက်မှုများ ရှိသည်။

*"မီးပြတ်တော့ အသားငါးတွေကို တရက် နှစ်ရက်စာထက်ပိုပြီး မှာလို့မရပါဘူး။ အသားနဲ့ငါးတွေကို သင့်တော်တဲ့အပူချိန်မှာ အေးခဲထားဖို့ မီးစက်ကို တချိန်လုံးလဲနှိုးထားလို့မရဘူး။ ဒါက ကျွန်တော့်ဆိုင်တစ်ခုထဲအတွက် တင်မဟုတ်ပဲ ကုန်စည် ထောက်ပို့သူ တွေအတွက်လည်း စိန်ခေါ်မှုဖြစ်နေတာပါ။"*

**- စားသောက်ဆိုင် အမျိုးသားမန်နေဂျာ၊ ကမာရွတ်**

ဓာတ်အားပြတ်တောက်မှုများသည် ရပ်ရွာ အဆင့်နှင့် လူတစ်ဦးချင်းအဆင့် နှစ်ခုစလုံးတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို မြင့်တက်လာစေသည်။ လမ်းမီးတိုင်များတွင် မီးအလင်းရောင် မရှိခြင်းသည် ညဘက် လမ်းလျှောက်ရာတွင် ထိခိုက်လွယ်သော အခြေအနေရှိသူများအတွက် တစ်ကိုယ်ရည်လုံခြုံမှုအန္တရာယ် ဖြစ်စေပါသည်။ လုံခြုံရေး ကောင်းမွန်စေရန် တပ်ဆင်ထားသော CCTV စနစ်များသည် လျှပ်စစ်ဓာတ်အားမရှိဘဲ အလုပ်မလုပ်နိုင်ခြင်းက လူများကို စိတ်ဖိစီးမှုဖြစ်စေပြီး စိတ်မလုံမခြုံဖြစ်စေသည်။ လျှပ်စစ်ဓာတ်အား ပုံမှန်မရရှိမှုနှင့် ရုတ်တရက် ဓာတ်အား ဆောင့်တက်မှုများက အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများ၏ လျှပ်စစ်စနစ်များနှင့် စက်ပစ္စည်းများကို ထိခိုက်စေပြီး ဘေးကင်းမှုနှင့် အလုပ်လုပ်နိုင်စွမ်းကို လျော့ကျစေသည်။

*"အပြင်သွားတဲ့အခါ ကျွန်တော် အဓိကစိုးရိမ်တာက ဘေးကင်းလုံခြုံရေးပါ။ လမ်းတွေ ပေါ်မှာ မီးအလင်းရောင် အားနည်းလို့ မှောင်နေတဲ့အခါ လုံခြုံတယ်လို့ မခံစားရဘူး။ "*

**- အွန်လိုင်း စီးပွားရေး လုပ်ငန်း ရှင် အမျိုးသား၊ တာမွေ**

## လူမှုဘဝ အပေါ် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုများ

ဓာတ်အားပြတ်တောက်မှုများ၏ အကျိုးဆက်များသည် လတ်တလော ထိခိုက်မှုများထက် ကျော်လွန်၍ လူမှုဘဝနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ဖြစ်စေသည်။ အပူချိန်မြင့်မားမှု၊ အိပ်ရေးမဝမှုနှင့် စိတ်ဖိစီးမှုတိုးပွားခြင်းတို့သည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကို ဆိုးရွားစေနိုင်သည်။ မြင့်မားသောအပူချိန်တွင် အလုပ်လုပ်ရခြင်းသည် ကျန်းမာရေး ပြဿနာများကို ဖြစ်စေနိုင်ပြီး အိပ်ရေးမဝခြင်းနှင့် စိတ်ဖိစီးမှု များပြားလာခြင်းတို့က စိတ်ကျန်းမာရေးကို ထိခိုက်စေသည်။ ဓာတ်အားပြတ်တောက်မှုများနှင့်ပတ်သက်၍ အဆက်မပြတ် အစီအမံများပြုလုပ်ရန် လိုအပ်မှုသည် လူအများ၏ စိတ်ဖိစီးမှုအဆင့်ကို မြင့်တက်စေပြီး ၎င်းတို့၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှုကို ထိခိုက်စေသည်။

*"ည ၁၀ နာရီ နောက်ပိုင်းဆို နေ့တိုင်းလိုလို လျှပ်စစ်မီးမရှိဘူး။ တခါတလေ ညသန်းခေါင်လောက်မှ မီးပြန်လာတယ်။ မီးပျက်တာတွေ ကြောင့်ကျွန်မတို့ အိပ်ရေးပျက်ရတယ်။ ညဘက်မှာ လုံလောက်အောင်မအိပ်ရပေမယ့် နေ့ဘက်ကျ ပုံမှန်အတိုင်း အလုပ်လုပ်ရတယ်။ တခါတလေ ကျွန်မ အပါအဝင် ဝန်ထမ်းတွေအားလုံး အိပ်ရေးပျက်တာတွေကြောင့် အလုပ်ချိန်မှာခေါင်းကိုက်တာတွေ၊ ခေါင်းမူးတာတွေ ဖြစ်တတ်တယ်။"*

**- ဆံပင်နှင့်အလှပြင် ဆရာမ၊ ကမာရွတ်**

*"ရာသီဥတု အရမ်းပူတဲ့အခါ အပူလျှပ်တာဖြစ်နိုင်ပြီး ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေ ထိခိုက်နိုင်တယ်။ မီးလာရင်တော့ ဒီပြဿနာကို အခန်းထဲလေအေးပေးစက်ဖွင့်ထားပြီး ထိန်းလို့ရတယ်။"*

**- ဂရပ်ဖစ် ဒီဇိုင်နာ အမျိုးသား၊ မြောက်ဒဂုံ**

ယုံကြည်ကိုးစား၍မရသော ဓာတ်အားပေးဝေမှုသည် လုပ်ငန်းများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် အွန်လိုင်းပညာရေးပေါ် မှီခိုနေရသော ကျောင်းသားများ၏ သင်ယူမှုရလဒ်များအပေါ် သက်ရောက်မှုရှိသည်။ အရည်အသွေးနိမ့်ပတ်ဝန်းကျင်အခြေအနေများ၊ ဆက်သွယ်ရေး နှောင့်နှေးခြင်းများ၊ ဓာတ်အားပြတ်တောက်ချိန် ကြာမြင့်၍ လုပ်ငန်းလည်ပတ်မှု ထိခိုက်ခြင်းတို့ကြောင့် လုပ်သားအဆင့်တွင် ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်းနှင့် လုပ်ငန်းများအဆင့်တွင် အထွက်နှုန်းကျဆင်းခြင်းတို့ ဖြစ်ပေါ်သည်။ ဓာတ်အားအလုံအလောက်

မပေးနိုင်မှုနှင့် ကုန်ကျစရိတ် မြင့်တက်လာခြင်းတို့က ရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေပြီး စီးပွားရေးတိုးတက်မှုကို အတားအဆီး ဖြစ်စေသည်။ နိုင်ငံတဝှမ်းရှိ ဓာတ်အားပြတ်တောက်မှုကြုံတွေ့နေရသော ကုမ္ပဏီများ၏ ၅၄ ရာခိုင်နှုန်းက ဓာတ်အားပြတ်တောက်မှုများသည် ၎င်းတို့ကို ထိခိုက်မှုများဖြစ်စေသည်ဟု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဖြေဆိုခဲ့ကြသည်။[၁၉] ဤသည်က အထူးသဖြင့် ရန်ကုန်တွင် အများအပြား စုစည်းတည်ရှိနေသည့် ကုန်ထုတ်လုပ်မှုနှင့် ဂန်ဆောင်မှု လုပ်ငန်းများအတွက် ပကတိအခြေအနေပင်ဖြစ်ပါသည်။ ဓာတ်အားပြတ်တောက်မှုများ အကြိမ်အရေတွက် ပိုမိုများလာပြီး ဆက်တိုက်ဆက်လက် ဖြစ်နေသောကြောင့် ဤအရေအတွက်သည် တိုးလာဖွယ်ရှိသည်။ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများသည် အွန်လိုင်းပညာရေးပေါ်တွင်လည်း သက် ရောက်မှုရှိပြီး တစ်ဦးချင်း၏ အနာဂတ်ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်လာစေနိုင်သည်။

> ***"အိမ်မှာ လျှပ်စစ်မီးမရှိတာက အိမ်မှာအလုပ်လုပ်တဲ့ပတ်ဝန်းကျင်ကို ထိခိုက်စေတယ်။ အလုပ်ပြီးမြောက်အောင် မြင်အောင်လုပ်ဖို့ စိတ်အားထက်သန်မှုကို လျော့စေတယ်။"***
> **- ရုံးဝန်ထမ်း အမျိုးသား၊ ကမာရွတ်**

လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း သည် အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများကို ငွေကြေး အကုန်အကျ ပိုမိုများပြားစေသည်။ အသေးစားစီးပွားရေးလုပ်ငန်းများသည် အစားထိုးဓာတ်အားရရှိရေး ဖြေရှင်းနည်းများကို ရယူအသုံးပြုရခြင်းအတွက် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များတိုးလာသည်ကို ကြုံတွေ့ခံစားရသည်။ အကြီးစား အစားထိုးဓာတ်အားရရှိရေး ဖြေရှင်းနည်း တပ်ဆင်အသုံးမပြုသော သို့မဟုတ် တပ်ဆင်ရန်မလိုအပ်သော လုပ်ငန်းများသည်ပင် လုပ်ငန်းလည်ပတ်သည့်အချိန်နာရီများ လျော့ကျရခြင်းကြောင့် ဂင်ငွေဆုံးရှုံးမှုရှိသည်ဟု သိရှိရသည်။ အိမ်ထောင်စုများသည်လည်း ဓာတ်အား ရရှိရေး ဖြေရှင်းနည်းများကို တပ်ဆင်အသုံးပြုခြင်းအတွက် ကုန်ကျစရိတ်များ တိုးမြင့်လာခြင်းကြောင့် ငွေကြေးပိုင်အရ သက်ရောက်မှုခံရသည်။ ဓာတ်အားပြတ်တောက်မှုများဖြစ်နေသော်လည်း လျှပ်စစ်မီတာခများမှာ လျော့ကျသွားခြင်းမရှိကြောင်း အချို့အိမ်ထောင်စုများက ပြောခဲ့ပြီး ယင်းက လက်ရှိအခြေအနေပေါ် ၎င်းတို့၏ စိတ်ပျက်မှုကို တိုးလာစေသည်။ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဓာတ်အားပြတ်တောက်မှုများကြောင့် ဖြစ်လာသော ငွေကြေး အကုန်အကျဆိုင်ရာ သက်ရောက်မှုများသည် ရန်ကုန်မြို့တွင်နေထိုင်သူများ ရင်ဆိုင်နေရသော ငွေကြေးဆိုင်ရာစိန်ခေါ်မှု အမြောက်အများကို ထပ်လောင်းတိုးပွားစေသည်။

> ***"ဓာတ်အားပြတ်မှုတွေကြောင့် မလိုအပ်တဲ့ ကုန်ကျစရိတ်တွေ ပေါ်လာပါတယ်။ ဆိုလိုတာကတော့ ထုတ်လုပ်မှုစရိတ်က ၂၀ ရာခိုင်နှုန်းလောက်တက်သွားတာပါ။ ကျွန်တော့် အမျိုးသမီးရဲ့ စက်ချုပ်လုပ်ငန်းကို အသေးစား အထည်ချုပ်စက်ရုံအဖြစ် တိုးချဲ့ဖို့ ကျွန်တော်တို့ စီစဉ်ထားတာ။ ဒါပေမဲ့ ထုတ်လုပ်မှုမှာ ကုန်ကျစရိတ်တွေ မြင့်တက်လာနိုင် ခြေတွေရှိနေတော့ ဒီလုပ်ငန်းအစီအစဉ်ကို ရပ်ထားရတယ်။"***
> **- ဂရပ်ဖစ် ဒီဇိုင်နာ အမျိုးသား၊ မြောက်ဒဂုံ**

ဓာတ်အားပြတ်တောက်မှုများသည် လူမှုအသိုင်းအဝိုင်း၏ လူမှုဘဂအနေအထားများနှင့် ဆက်ဆံရေးများကို ရှုပ်ထွေးစေသည်။ ဓာတ်အားပြတ်တောက်မှုများအတွက် အချို့ဖြေရှင်းနည်းများ ဥပမာ မီးစက်များသည် အများသူငှာပတ်ဂန်းကျင်ကို ထိခိုက်မှုများရှိသဖြင့် တစ်ဦးချင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများသည် အိမ်နီးချင်းများ၏ တိုင်ကြားမှုများရှိလာနိုင်သည့်အတွက် ၎င်းတို့၏ အပြုအမူများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဓာတ်အားပြတ်တောက်မှုများအတွက် ဖြေရှင်းနည်းများကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အိမ်နီးချင်းများ ကျေနပ်စေရန်လုပ်ဆောင်ရခြင်းက လူမှုဘဂအနေအထားများအပေါ် သက်ရောက်မှုရှိသည်။ ဓာတ်အားပြတ်တောက်၍ အမှောင်ကျနေချိန်များတွင် တကိုယ်ရည် လုံခြုံရေးနှင့် ဘေးကင်းလုံခြုံရေး စိုးရိမ်ပူပန်မှုများသည် ရပ်ရွာအကြား စိုးရိမ်ကြောင့်ကြမှုကို ပိုတိုးလာစေသည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကြောင့်ဖြစ်လာသော ဤအမူအကျင့် နှစ်ခုလုံးသည် လူမှုသဟဇာတဖြစ်မှု၊ ရပ်ရွာတွင်းနေထိုင်သူများအကြား စည်းလုံးညီညွတ်မှုနှင့် ဆက်ဆံရေးခိုင်မာမှုတို့အပေါ် သက်ရောက်မှုရှိပြီး ရပ်ရွာတွင်း လူမှုရေး တင်းမာမှုကိုများ ဖြစ်စေသည်။

# ဖြေရှင်းနည်းများ

အိမ်ထောင်စုများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများသည် ဓာတ်အားပြတ်တောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အလေ့အကျင့် ပြောင်းလဲခြင်း (coping behaviors)၊ လိုက်လျောညီထွေ ပြောင်းလဲခြင်း (adaptation)နှင့် အခြားစွမ်းအင် အရင်းအမြစ် (alternative power sources) အသုံးပြုခြင်း ဟူ၍ အမျိုးအစား ခွဲခြားနိုင်သော နည်းလမ်းများကို ပေါင်းစပ်ပြီး အသုံးပြုကြသည်။ ဤမူဘောင်ကို အောက်ဖော်ပြပါ စာသားနှင့်ပုံတွင် အကျဉ်းချုံးဖော်ပြထားသည်။ ဤမူဘောင်အတွင်း အသုံးပြုထားသော ဖြေရှင်းနည်းများ၏ အသေးစိတ်ဖော်ပြချက်ကို နောက်ဆက်တွဲ ၁ တွင် ဖတ်ရှုနိုင်သည်။




**အလေ့အကျင့် ပြောင်းလဲခြင်း (coping behavior)** သည် သုံးစွဲသူများ၏ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အမူအကျင့်များ ဖြစ်သည်။ အလေ့အကျင့် ပြောင်းလဲခြင်းသည် ဓာတ်အားပြတ်တောက်ချိန်များတွင် လျှပ်စစ်ဓာတ်အားရရှိအောင် လုပ်ဆောင်ခြင်း မဟုတ်ဘဲ ဓာတ်အားပြတ်တောက်မှုများ၏ သက်ရောက်မှုတစ်ခုကို ကျော်လွှားရန် ပုံမှန်လုပ်ဆောင်နေကျပုံစံကို ပြောင်းလဲခြင်း ဖြစ်သည်။ အလေ့အကျင့်ပြောင်းလဲမှု ပုံစံတစ်ခုစီသည် လုပ်ဆောင်ချက် တစ်ခုထဲဖြင့် ကိစ္စအများအပြားကို ဖြေရှင်းခြင်းမျိုးမဟုတ်ဘဲ သက်ရောက်မှု တစ်ခုစီအတွက်သာ တိုက်ရိုက်တုံ့ပြန် ဆောင်ရွက်ခြင်း ဖြစ်သည်။ အလေ့အကျင့် ပြောင်းလဲခြင်း ပုံစံများကို အိမ်ထောင်စုများက ပိုမိုအသုံးပြုပြီး တစ်ဦးချင်းကမူ လိုအပ်သလိုသာ အသုံးပြုလေ့ ရှိပါသည်။ သာဓကများမှာ ပြင်ပစားသောက်ဆိုင်များတွင် သွားရောက်စားသောက်ခြင်း သို့မဟုတ် ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များတွင် အချိန်ဖြုန်းခြင်း၊ လျှပ်စစ်မီးလာချိန်တွင် အိမ်မှုကိစ္စများ ပြုလုပ်ခြင်း၊ အလုပ်အတွက် ကိုယ်ပိုင်ဆက်သွယ်ရေး ကိရိယာများကို အသုံးပြုခြင်း၊ အမှောင်ထဲတွင် ထိုင်နေခြင်း စသည်တို့ ဖြစ်သည်။

**လိုက်လျောညီထွေ ပြောင်းလဲမှု (adaptations)** ဆိုသည်မှာ သုံးစွဲသူများက ၎င်းအသုံးပြုသည့် စက်ပစ္စည်းများအတွက် လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်များတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ရန်နှင့် ဓာတ်အားသို လှောင်ထားရန် ဘက်ထရီ ပါဝါကိုအသုံးပြုပြီး ကြိုတင်စီစဥ်ပြုလုပ်သည့် အပြောင်းအလဲများ ဖြစ်သည်။ ၎င်းတို့သည် ဓာတ်အားပြတ်တောက် နေစဥ်အတွင်း လျှပ်စစ်သုံး ပစ္စည်းများကို အသုံးပြုနိုင်ရန် ပံ့ပိုးပေးပြီး ဓာတ်အားပြတ်တောက်မှုများ၏ သက်ရောက်မှုများကို ဖြေရှင်းရန် ကြိုတင်ပြင်ဆင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လိုပါသည်။ လိုက်လျောညီထွေ ပြောင်းလဲမှု အချို့သည် သက်ရောက်မှုတစ်ခုကို တိုက်ရိုက် တုံ့ပြန်ဆောင်ရွက်ပြီး အချို့မှာမူ လုပ်ဆောင်မှုတစ်ခုတည်းဖြင့် သက်ရောက်မှုအများအပြားကို တုံ့ပြန်ဆောင်ရွက်နိုင်သည်။ လိုက်လျောညီထွေ ပြောင်းလဲမှုနည်းလမ်းများကို အိမ်ထောင်စုများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ နှစ်ခုလုံးက အသုံးပြုကြသည်။ နည်းလမ်းဥပမာများမှာ အားပြန်သွင်းနိုင်သော ကိရိယာများနှင့် မီးချောင်းများ၊ ပါဝါဘဏ်များ၊ UPS များ၊ ပါဝါစတေရှင်များ၊ အင်ဗာတာများနှင့် ဘက်ထရီများ အသုံးပြုခြင်း ဖြစ်သည်။






**အခြား စွမ်းအင်အရင်းအမြစ်များ အသုံးပြုမှု (alternative power sources)** နည်းလမ်းသည် အစားထိုး စွမ်းအင်ရင်းမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သောကြောင့် ဓာတ်အားလိုင်းကို အားကိုးစရာမလိုပဲ အသုံးပြုနိုင်သည်။ ဓာတ်အား ပြတ်တောက်ချိန်များတွင် လျှပ်စစ်ဓာတ်အား ပံ့ပိုးပေးနိုင်ပြီး ဓာတ်အားပြတ်တောက်မှုများ၏ သက်ရောက်မှုများကို ဖြေရှင်းရန် ကြိုတင်ပြင်ဆင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လိုပါသည်။ အခြား စွမ်းအင်ရင်းမြစ်များ အသုံးပြုသည့် နည်းလမ်း အများစုသည် လျှပ်စစပစ္စည်း အများအပြားကို တစ်ချိန်ထဲတွင် ဓာတ်အား ပံ့ပိုးပေးခြင်းဖြင့် သက်ရောက်မှု အများအပြားကို တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိသည်။ အခြားစွမ်းအင်ရင်း မြစ်များ အသုံးပြုသည့် နည်းလမ်းကို အိမ်ထောင်စုများက အသုံးပြုပြီး လုပ်ငန်းဆက်လက်လည်ပတ်ရန် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်နိုင်သည်။ ဥပမာများတွင် ဒီဇယ်နှင့် ဓာတ်ဆီသုံး မီးစက်များ၊ နေရောင်ခြည်စွမ်းအင်သုံး ကိရိယာများနှင့် ဓာတ်အားပေး စက်ရုံများနှင့် ဆိုလာ စနစ်များ တည်ဆောက်ခြင်းတို့ ပါဝင်သည်။

**ပုံ ၆ - ရန်ကုန်တွင် တွေ့ရှိရသည့် အလေ့အကျင့် ပြောင်းလဲမှု၊ လိုက်လျောညီထွေ ပြောင်းလဲမှုနှင့် အခြား စွမ်းအင်ရင်းမြစ် အသုံးပြုခြင်း ဥပမာများ**




*ရင်းမြစ် - လမ်းလျှောက်မှတ်တမ်းတင်ခြင်းနှင့် အင်တာနက်စာမျက်နှာများမှ ဖြန့်ဝေမှု*

## ဖြေရှင်းနည်း ရွေးချယ်စရာများကို လေ့လာခြင်း။ သုံးစွဲသူများအတွက် အတားဆီး များနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များ

အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအနေဖြင့် ဖြေရှင်းနည်းများကို ရှာဖွေရန်နှင့် အကောင်ထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အဓိက စိန်ခေါ်မှုများမှာ ငွေကြေး အကန့်အသတ်များ၊ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊ စွမ်းအင်လိုအပ်ချက်များနှင့် ကိုက်ညီမည့် ဖြေရှင်းနည်းကို ရှာဖွေရခြင်း တို့ဖြစ်သည်။ ဤအပိုင်းတွင် အဆိုပါစိန်ခေါ်မှုများကို ထပ်မံရှင်းပြထားပြီး လျှပ်စစ်ဓာတ်အားပြတ် တောက်မှုဆိုင်ရာ ဖြေရှင်းနည်းများကို အကောင်ထည်ဖော်ရန် အဆိုပါစိန်ခေါ်မှုများနှင့် ပတ်သက်၍ ၎င်းတို့၏ အခြေအနေကို မည်သို့ အကဲဖြတ်ရမည်ကို တင်ပြထားသည်။ သုံးစွဲသူများသည် ၎င်းတို့၏ မတူညီသော အခြေအနေများအလိုက် မူဘောင်အတွင်းရှိ ဖြေရှင်းနည်း အချို့ကို ပေါင်းစပ် အသုံးပြုရမည် ဖြစ်သည်။ သုံးစွဲသူများ အနေဖြင့် ၎င်းတို့ ဆောင်ရွက်နိုင်

# စာစု ၄ - ဖြေရှင်းနည်း မူဘောင်



မည့် နည်းလမ်းများကို ရွေးချယ်ရာတွင် အဓိက ထည့်သွင်းစဥ်းစားရမည့် အရာများကို ကနဦးတကည်းကပင် ချိန်ထိုး လုပ်ဆောင်ရမည်။ ဤသို့ပြုလုပ်ရန်မှာ ရှုပ်ထွေးသော သတင်းအချက်အလက်များကို စီမံခြင်းနှင့် ၎င်းတို့၏ မတူညီသော လိုအပ်ချက်များနှင့် ဆောင်ရွက်နိုင်စွမ်းတို့အပေါ် ကောင်းစွာ နားလည်သဘောပေါက်မှုရှိရန် လိုအပ်ပါသည်။ ဤသည်တို့ကို ပြုလုပ်ရခြင်းသည်ပင်လျှင် သုံးစွဲသူများအတွက် ထပ်လောင်း အခက်အခဲများ ဖြစ်လာတတ်သည်။

ဓါတ်အားသုံးစွဲသူများ ကငင်းတို့နှစ်သက်သော ဖြေရှင်းနည်းများကိုအသုံးပြုရန် အခက်အခဲအတားဆီး များမှာ ငွေကြေးနှင့် ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ဖြစ်သည်ဟု ပြောဆိုကြသည်။ အဆိုပါ အတားအဆီးများနှင့် ရင်ဆိုင်ရသောအခါရွေးချယ်စရာနည်းလမ်း အများအပြားတွေ့ကြပြီးနောက် အများအားဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြေရှင်းမပေးနိုင်သည့် နည်းလမ်းများကို အကောင်ထည်ဖော် ဆောင်ရွက်မိလေ့ရှိကြသည်။ သုံးစွဲသူများအနေဖြင့် ဖြေရှင်းနည်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စွမ်းအင်လိုအပ်ချက်၊ ငွေကြေးသုံးစွဲနိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်တို့နှင့် ချိန်ထိုးပြီး ၎င်းတို့၏ အခြေအနေများကို အထပ်ထပ်အကဲဖြတ်ရန် လိုအပ်သည်။

## စွမ်းအင်လိုအပ်ချက်ကို ကိုက်ညီစေခြင်း

စွမ်းအင် လိုအပ်ချက်နှင့်ပတ်သက်၍ ထည့်သွင်းစဥ်းစားရမည့် အချက်နှစ်ခု ရှိသည်။ ပထမတစ်မျိုးမှာ ဓာတ်အား ပြတ်တောက်ချိန်များအတွင်း ဓာတ်အား လိုအပ်သည့် ပစ္စည်း အမျိုးအစားနှင့် အရေအတွက် ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ အသုံးပြုထားသော ဖြေရှင်းနည်း၏ ကြာရှည်ခံမှုနှင့် အားပြန်သွင်းနိုင်မှု အတိုင်းအတာဖြစ်သည်။ အသုံးပြုသောနည်းလမ်း၏ စွမ်းအင်ပမာဏအတိုင်းအတာပေါ်မူတည်၍ ကုန်ကျစရိတ်နှင့် လိုအပ်သော နေရာအကျယ်အဝန်းတို့သည်လည်း အပြောင်းအလဲရှိလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင်မူ လုပ်ငန်းသဘောသဘာဝမှာ ထည့်သွင်းစဥ်းစားရမည့် အဓိကအချက် ဖြစ်သည်။ ဥပမာအားဖြင့် စားသောက်ဆိုင်များနှင့် အလှပြင်ဆိုင်များသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်ရန်အတွက် လျှပ်စစ်ဓာတ်အားအပေါ် များစွာ မှီခိုအားထားကြရသော်လည်း ယင်းတို့နှင့် နှိုင်းယှဉ်ပါက လက်လီ အရောင်းလုပ်ငန်းများမှာ လျှပ်စစ်ဓာတ်အားအပေါ် မှီခိုရမှု နည်းသည်။ လျှပ်စစ် ဓာတ်အား လိုအပ်ချက် မြင့်မားသော လုပ်ငန်းများတွင်ပင် ကွဲပြားမှုရှိသည်။ ဥပမာ စားသောက်ဆိုင်များသည် လုပ်ငန်းဖွင့်လှစ်သည့် အချိန်တွင်သာမက အစားအစာ သိုလှောင်ရန် ရေခဲသေတ္တာများကို အဆက်မပြတ် ဓာတ်အားပေးထားရန် လိုအပ်သည်။ အလှပြင်ဆိုင်များမှာမူ ဧည့်သည်များ ရှိနေချိန်တွင်သာ လျှပ်စစ်ဓာတ်အား မရှိမဖြစ် လိုအပ်သောကြောင့် ဓာတ်အား ပြတ်တောက်မှုများ နှင့်အတူ လုပ်ငန်းလည်ပတ်နိုင်သည်။ အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများသည် ရန်ကုန်၏ လက်ရှိဓာတ်အား ရရှိနိုင်မှု အခြေအနေနှင့် ၎င်းတို့၏ လက်တလောလိုအပ်ချက်များအပေါ် အခြေခံ၍ ဖြေရှင်းနည်းများကို ရွေးချယ်ကြသည်။မီးပုံမှန်မလာဘဲ အခြေအနေ ပိုမိုဆိုးရွားလာနိုင်ပြီး စွမ်းအင်ပိုမိုရရှိနိုင်မည့် ဖြေရှင်းနည်းများ လိုအပ်ကြောင်းကို အများစုက သိကြသော်လည်း ၎င်းတို့၏ အပြုအမူ နည်းလမ်းများမှာ ယင်းသတိပြုချက်ကို ထင်ဟပ်နေခြင်း မရှိပါ။ ငွေရေးကြေးရေး အခက်အခဲများကြောင့် စွမ်းအင်ပိုမို ရရှိနိုင်မည့် ဖြေရှင်းနည်းများကို အသုံးပြုရန် ခက်ခဲနေခြင်းလည်း ဖြစ်နိုင်ပါသည်။

> *"အိမ်မှာ မရှိမဖြစ် သုံးရမဲ့အရာတွေကို အရင်သိအောင်လုပ်တယ် - မီးလင်းဖို့က ၂ ပွိုင့် နဲ့ အားသွင်းဖို့ ၂ ပွိုင့် လိုတယ်ဆိုပြီး သတ်မှတ်တယ်။ အဲ့လိုမှပဲ EPC (YESC)မီးဖြတ်တဲ့အချိန်ကျ အင်ဗာတာက ၈ နာရီ ခံမှာဖြစ်တယ်။"*
>
> **- ရုံးဝန်ထမ်း အမျိုးသား၊ တောင်ဒဂုံ**

> *"အခုရွေးထားတဲ့ နည်းက ကျွန်တော့်အိမ်ရဲ့ ဓာတ်အားလိုအပ်ချက်ကို အကုန်အပြည့်အဝ မပေးနိုင်ဘူး။ ဒါပေမဲ့ တခြားနည်းတွေ ဥပမာ မီးစက်သုံးမယ်ဆို ဆီအတွက် ပုံမှန်ကုန်ကျစရိတ်နဲ့ အနီးနားဝန်းကျင် ဆူညံသံတွေနဲ့ အနှောင့်အယှက်ဖြစ်ရင် အိမ်နီးချင်းတွေနဲ့ ညှိရမှာ အဲ့ ဒါတွေကို စဥ်းစားပြီးတော့ အင်ဗာတာပဲသုံးဖို့ ရွေးခဲ့တယ်။"*
>
> **- ဂရပ်ဖစ်ဒီဇိုင်နာ အမျိုးသား၊ မြောက်ဒဂုံ**

## ဘဏ္ဍာရေးအရ စဉ်းစားရန် အချက်များကို အကဲဖြတ်ခြင်း

ဘဏ္ဍာရေးနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားမှု နှစ်မျိုးရှိသည်- ပထမ တစ်ခုမှာ ကနဦး ရင်းနှီးမြှုပ်နှံမှု ဖြစ်ပြီး ဒုတိယတစ်ခုမှာ လုပ်ငန်း လည်ပတ်စရိတ် နှင့် ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ်တို့ ဖြစ်သည်။ အလေ့အကျင့် ပြောင်းလဲခြင်း နည်းလမ်းများအတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် မရှိသော်လည်း လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲသည့် နည်းလမ်းနှင့် အခြား စွမ်းအင် ရင်းမြစ်သုံး နည်းလမ်းများအတွက်မူ ယင်းကုန်ကျစရိတ်ရှိပြီး သုံးစွဲသူများအတွက် အခက်အခဲ အတားအဆီး ဖြစ်စေသည်။ ဤ ကနဦး ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များသည် ရွေးချယ် ထားသောဖြေရှင်းနည်း အမျိုးအစားနှင့် အဆိုပါဖြေရှင်းနည်း၏ လုပ်ဆောင် နိုင်စွမ်းပေါ်မူတည်ပြီး ကွဲပြားနိုင်သည်။ စွမ်းဆောင်ရည်နိမ့်သော ဖြေရှင်းချက်များသည် စွမ်းရည်မြင့်မားသော နည်းလမ်းများထက် ကုန်ကျစရိတ် သက်သာနိုင်သည်။ သို့သော် ဤနည်းဖြင့် ကုန်ကျစရိတ် လျှော့ချခြင်းသည် စွမ်းအင် လိုအပ်ချက်များကို လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်သည့် အခြေအနေမျိုးဖြင့် ကြုံတွေ့ရနိုင်ပြီး စိတ်ပျက်မှုများ ဖြစ်လာစေနိုင်သည်။ ဤသည်မှာ အိမ်ထောင်စု များနှင့် အသေးစားစီးပွားရေး လုပ်ငန်းများ မကြာခဏ ကြုံရသော စိတ်ပျက်ရမှု ဖြစ်သည်။ မီးစက်များ၏ ဈေးနှုန်း မြင့်တက်လာ သဖြင့် သုံးစွဲနိုင်သော ငွေကြေးပမာဏအတွင်း ရွေးချယ်ဝယ်ယူနိုင်သည့် မီးစက်များ၏ စွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်းတွင် အကန့်အသတ် များဖြစ်စေမည် ဖြစ်သည်။ စနစ်လည်ပတ်ရန် လိုအပ်သည့် အစိတ်အပိုင်းများစွာ - အင်ဗာတာ၊ ဘက်ထရီနှင့် ဆိုလာ ပြားများကို တပ်ဆင်ရန်အတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရမည်ဖြစ်သောကြောင့် ဆိုလာကို သုံးစွဲသူများက ဈေးကြီးသည် ဟု မြင်ကြသည်။ ဟိုက်ဘရစ် အင်ဗာတာများကို ဦးစွာရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ကြီးမားသော အကြိုကုန်ကျစရိတ်များကို ထေမိ နိုင်ရန် ဆိုလာပြား အသေး (သို့မဟုတ်) အရေအတွက် နည်းနည်း တပ်ဆင်ခြင်းကဲ့သို့ နည်းများကို အသုံးပြုကြသည့် သာဓကများ လည်း ရှိသည်။

ဖြေရှင်းနည်းအချို့တွင် ယင်းကို အသုံးပြုမှုနှင့် ပတ်သက်၍ ဆက်စပ်ကုန်ကျစရိတ်များ ရှိသည်။ ဥပမာ- ပြင်ပတွင် သွားရောက်စား သောက်ပါက စားသောက်ဆိုင်များ၏ မြင့်မားသော ဈေးနှုန်းများဖြင့် ဝယ်ယူရန်လိုသည်။ မီးစက်များသည် လောင်စာဆီလိုသည်။ အားပြန်သွင်းနိုင်သော စက်ပစ္စည်းများသည် လျှပ်စစ်ဓာတ်အား အသုံးပြုရန် လိုအပ်သည်။ ဤကုန်ကျစရိတ် အမျိုးအစားများသည် ဖြေရှင်းနည်းအပေါ် မှီခိုမှု သို့မဟုတ် အသုံးပြုမှုတို့ကို ထိန်းညှိခြင်းတို့ဖြင့် ထိန်းချုပ်နိုင်သည်။ စက်ကိရိယာနှင့် ဘက်ထရီများ လိုအပ် သည့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲသည့် နည်းလမ်းနှင့် အခြားစွမ်းအင်ရင်းမြစ်သုံး နည်းလမ်းများအတွက်မူ ပြုပြင်ထိန်းသိမ်း ခများ အမြဲ ကုန်ကျနေမည်ဖြစ်သည်။ ထိန်းသိမ်းခများကို အများအားဖြင့် ပြင်ဆင်ခြင်းနှင့် အစားထိုးခြင်းဟုလည်း ယူဆကြသည်။ သို့သော် ကုန်ကျစရိတ် နည်းနည်းသုံး၍ ကြိုတင်စစ်ဆေးမှုများအားဖြင့် ပြုပြင်ထိန်းသိမ်းခြင်းကို ပုံမှန်ဆောင်ရွက်မည်ဆိုပါက ကြီးမားသောပြင်ဆင်မှုနှင့် ပစ္စည်းအစားထိုးရခြင်းကဲ့သို့ တလုံးတည်းငွေအများအပြားကုန်မှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အာမခံပါသော ပစ္စည်းများသည် ကနဦး ရင်းနှီးမြှုပ်နှံစရိတ်တွင် ပိုမိုများပြားနိုင်သော်လည်း ပျက်သွားပါက သုံးစွဲသူများအနေဖြင့် အစားထိုး ပြန်လည်ရနိုင်သည်။ အာမခံ မပါသော်လည်း လျှပ်စစ်နှင့်ပတ်သက်သော ပစ္စည်းများရောင်းသည့် လုပ်ငန်းများ အထူး သဖြင့် မိမိတို့ အနီးနားဝန်းကျင်မှ လုပ်ငန်းများသည် သုံးစွဲသူများကို တတ်နိုင်သမျှ ကူညီပေးလိုကြသည်။

> ***"ကျွန်တော်က ကျွန်တော့် ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ အိမ်တစ်အိမ်အနေနဲ့ သုံးစွဲမှုပမာဏကို ဘယ်လို တွက်ချက်ရမလဲဆိုတဲ့ အကြံဥာဏ်တွေ ပေးခဲ့ဖူးတယ်။ သူငယ်ချင်းအချို့က သူတို့ရဲ့ ဘတ်ဂျက်နဲ့သုံးစွဲမှု အပေါ်မူတည်ပြီး ဘက်ထရီနဲ့ ဆိုလာ ဘယ်ဟာသုံးရမလဲဆိုတာ ကျွန်တော့်ဆီလမေးခဲ့ပါတယ်။"***
> **- ဒီဇိုင်နာ အမျိုးသား၊ မြောက်ဒဂုံ**

### ပုံ ၇ - မျှဝေသုံးရသော အများပိုင်နေရာအတွက် ညှိနှိုင်းလုပ်ဆောင်ထားသော ရပ်ရွာအနေအထား




*ရင်းမြစ် - လမ်းလျှောက်မှတ်တမ်းတင်ခြင်း*

## ရပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်တွင် ကိုက်ညီမှုကို စဉ်းစားခြင်း

အိမ်ထောင်စု သို့မဟုတ် အသေးစားစီးပွားရေးလုပ်ငန်း၏ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်သည် ဖြေရှင်းနည်းများ အကောင်ထည်ဖော်ဆောင်ရွက်ပုံ အထူးသဖြင့် လိုက်လျောညီထွေ ပြောင်းလဲခြင်းဖြစ်သည့် ဘက်ထရီနှင့် အင်ဗာတာများသုံးခြင်းနှင့် အခြားစွမ်းအင်ရင်းမြစ် သုံးခြင်းတို့အပေါ် သက်ရောက်မှုရှိသည်။ ရုပ်ပိုင်းဆိုင်ရာပတ်ဂန်းကျင်ဟု ဆိုရာတွင် အများပိုင်နေရာနှင့် ပုဂ္ဂလိကပိုင် နေရာများပါပြီး နေရာအကျယ် သို့မဟုတ် ဆူညံမှု သို့မဟုတ် လေထုညစ်ညမ်းမှုတို့ကို လျှော့ချခြင်း တို့ကဲ့သို့ ဖြေရှင်းနည်း၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို ဆိုလိုခြင်း ဖြစ်သည်။ ပုဂ္ဂလိကပိုင်နေရာ အကန့်အသတ်ရှိသောနေရာတွင် ရပ်ရွာအနေအထားက အရေးပါသည်။ အိမ်နီးချင်းများ အနေဖြင့် မည်သည့် အများပိုင်နေရာများကို အသုံးပြုရန် အဆင်ပြေခြင်းနှင့် တစ်နေ့တာအတွင်း မည်သည့်အချိန်များတွင် မည်သို့သော အနှောင့်အယှက်အတိုင်းအတာကို လက်ခံသည်စသည်တို့ကို စဉ်းစားဆုံးဖြတ်ကြသည်။

ဥပမာအားဖြင့် မီးစက်တစ်ခုအသုံးပြုရန် စဉ်းစားသည့်အခါ သုံးစွဲသူအနေဖြင့် ဆူညံသံနှင့် လေထုညစ်ညမ်းမှု ဖြစ်နိုင်သည့် အခြေအနေ၊ လူမှုရေး အကျိုးသက်ရောက်နိုင်မှုနှင့် လမ်းပေါ်တွင် နေရာချထားခြင်းက လမ်းသွား လမ်းလာများကို အနှောင့်အယှက်ဖြစ်စေနိုင်မှု စသည်တို့ကို အကဲဖြတ်ရမည် ဖြစ်သည်။ ရန်ကုန်မြို့လည်ရှိ လူသွားစင်္ကြန်များနှင့် လမ်းများသည် ရွှေ့ရန်မလွယ်သော မီးစက်ကြီးများနှင့် ပြောင်းရွှေ့နိုင်သော မီးစက်ငယ်များဖြင့် ပြည့်နေသည်။ မီးစက်ငယ်များကို ထားသိုရန်နှင့် အသုံးပြုရန် အများပိုင်နှင့် ပုဂ္ဂလိကပိုင်နေရာ နှစ်မျိုးလုံးကို လိုအပ်သည်။ အများပိုင်နေရာကို အသုံးပြုသည်ဆိုပါက နေရာမျှဝေ သုံးစွဲရခြင်းကြောင့် အခြားသူများ လာသုံးခြင်း သို့မဟုတ် ဖျက်ဆီးခြင်းတို့ကို ကာကွယ်ရန် ပိုမိုခက်ခဲမည် ဖြစ်သောကြောင့် လုံခြုံရေးအပိုင်းကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ အချို့သော လုပ်ငန်းငယ်များသည် ၎င်းတို့ဆိုင်နှင့် မီးစက်ကြားရှိ မီးကြိုး ဖြတ်ခိုးခံခဲ့ရပြီး ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရကာ လုံခြုံရေးအတွက် ထပ်မံဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြရသည်။

ဆိုလာအသုံးပြုရန်အတွက် နေရာင်ခြည်စွမ်းအင် လိုအပ်ပြီး အဆောက်အအုံများ ပြည့်ကြပ်နေခြင်းနှင့် အဆောက်အဦ ခေါင်မိုးများကို အသုံးပြု၍ မရခြင်းက သုံးစွဲနိုင်မှုကို အကန့်အသတ်ဖြစ်စေသည်။ တိုက်ခန်းများတွင် နေထိုင်သူ အများအပြားက ဆိုလာမှာ လုံးချင်းအိမ်များဖြင့် နေထိုင်သူများ အတွက်သာ ဖြစ်သည်ဟု ယုံကြည်ကြသည်။ သို့သော် ဆိုလာပြား အသေးများကို နေကာအမိုးများနှင့် အဆောက်အအုံ ဘောင်တန်းများတွင် တပ်ဆင်ခြင်းဖြင့် လူဦးရေထူထပ်သည့် မြို့ပြနေရာများတွင် နေထိုင်ကြသည့်သူများ ကြုံတွေ့ရသည့် ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင် အခက်အခဲကို ကျော်လွှားနိုင်ကြောင်း လေ့လာသိရှိခဲ့သည်။ ဘက်ထရီများနှင့် အင်ဗာတာများသည် အမိုးအကာအောက်တွင် ထားရန်လိုအပ်သည့်အတွက် ဤကဲ့သို့သော စက်ပစ္စည်းများ ထားသိုရန်အတွက် သင့်တော်သော ဖွဲ့စည်းပုံအနေထားနှင့် နေရာအကျယ်အဝန်း လိုအပ်သည်။ အိမ်တွင်း နေရာ အလုံအလောက်မရှိပါက အသုံးပြုမည့် ဘက်ထရီ အရွယ်အစားကို ချိန်ညှိရမည်ဖြစ်ပြီး ဤသည်က ကုန်ကျစရိတ်အပေါ် သက်ရောက်မှု ရှိမည်ဖြစ်သည်။

## ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် သတင်းအချက်အလက်များ ကို စုဆောင်းခြင်း

ဤ စဥ်းစားရန်အချက်များကို ချိန် ထိုးခြင်းသည် လူတစ်ဦးချင်းစီ ကြုံတွေ့နေရသောအခြေအနေတစ်ခုစီ အတွင်း မည်သည့်ဖြေရှင်းနည်းများရရှိနိုင်သည်ကို ဖော်ထုတ်သတ်မှတ်ရာတွင် အရေးကြီးသည့် ပထမအဆင့်ဖြစ်သည်။ သုံးစွဲသူများအတွက် အသိပညာ/သတင်းအချက်အလက် ရရှိရန်မှာ စိန်ခေါ်မှုတစ်ခု ဖြစ်လာသည်။ စားသုံးသူများသည် ၎င်းတို့ ရရှိနိုင်သော ရွေးချယ်စရာများကို အပေါ်ယံအားဖြင့် နားလည်သော်လည်း ဖြေရှင်းနည်း၏ အသေးစိတ်အချက်များကို ကောင်းစွာ သိရှိနားလည်မှု မရှိခြင်း သို့မဟုတ် ဖြေရှင်းနည်းတစ်ခုသည် အိမ်ထောင်စု သို့မဟုတ် လုပ်ငန်းအတွက် သင့်တော်မှုမရှိ ဟူ၍ ထင်မြင်ယူဆလိုက်ခြင်းများ ရှိနေသည်။ ဥပမာအားဖြင့် ရန်ကုန်ရှိ တိုက်ခန်းများတွင် နေထိုင်သူများသည် အမိုး (ခေါင်းမိုး) အသုံးပြုနိုင်မှု မရှိသဖြင့် နေရောင်ခြည်သုံး စွမ်းအင် (ဆိုလာ)သည် သင့်တော်မှုမရှိဟု ယုံကြည်ကြသည်။ သို့သော် အချို့ အိမ်ထောင်စုများသည် ယင်းတို့၏ နေကာအမိုးများနှင့် ဂရန်တာများကို ဆိုလာပြားများထားရှိရန် မျက်နှာပြင်များအဖြစ် အသုံးပြုကြသည်။ အလားတူပင် မီးစက်အသုံးပြုခြင်းသည် အနီးပတ်ဝန်းကျင်အား မီးခိုးငွေ့နှင့် ဆူညံသံများဖြင့် အနှောင့်အယှက်ဖြစ်စေမည်ဟု အသေးစား စီးပွားရေး လုပ်ငန်းများက ထင်ကြသည်။ သို့သော် မီးစက်များကို သေချာ နေရာချထားခြင်း၊ အဖုံးအကာ အမျိုးအစားနှင့် ပိုမို ရှည်လျားသော မီးခိုးခေါင်းတိုင် အသုံးပြုခြင်းတို့ဖြင့် အနီးပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးခြင်း လျှော့ချနိုင် ပါသည်။

ဖြေရှင်းနည်းကို ရွေးချယ်ပြီးသော အခါတွင်လည်း သုံးစွဲသူ အများအပြားသည် နည်းပညာ ဗဟုသုတအပိုင်းတွင် အကန့်အသတ်ရှိပြီး အထူးသဖြင့် ဆိုလာကဲ့သို့သော နည်းပညာအသစ်များအတွက် အချက်အလက်များနှင့် သတ်မှတ်ချက်များကို နားလည်သဘောပေါက်ရန် ရုန်းကန်နေရသည်။ အမှတ်တံဆိပ်များနှင့် ပုံစံအများအပြားရှိသော ဈေးကွက်များကလည်း သုံးစွဲသူများအတွက် အခက်အခဲ ဖြစ်စေသည်။ အချို့သုံးစွဲသူများသည် အင်ဂျင်နီယာများ သို့မဟုတ် ဤလုပ်ငန်းနယ်ပယ်တွင် အလုပ်လုပ်သော သူငယ်ချင်းများ၊ မိသားစု သို့မဟုတ် ယုံကြည်ရသော အဆက်အသွယ်များနှင့် ဆွေးနွေးမှုများ မှတဆင့် သတင်းအချက်အလက်များ ရရှိခြင်းဖြင့် ဤစိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြသည်။ ဤ အခြေအနေမှာ ထိုကဲ့သို့သော အဆက်သွယ်များ ရှိသည့်သူများကို မျက်နှာသာ ပေးသည့် အခြေအနေဖြစ်သောကြောင့် မမျှတသည့် သတင်းအရင်းအမြစ်ပင် ဖြစ်သည်။

ဆိုရှယ်မီဒီယာသည် ခါတ်အားသုံးစွဲသူများအတွက် သတင်းအချက်အလက်ရယူသည့် အဓိကအရင်းအမြစ်တစ်ခု ဖြစ်သည်။ လိုက်လျောညီထွေ ပြောင်းလဲမှုများနှင့် အခြားစွမ်းအင်ရင်းမြစ်သုံးခြင်း ဖြေရှင်းနည်းများအတွက် (မြန်မာဘာသာဖြင့်) ဆွေးနွေးမှုများနှင့် ပစ္စည်းအရောင်းအဝယ်များကို ပြုလုပ်နိုင်သည့် ဖေ့စ်ဘွတ် အဖွဲ့ပေါင်း ၁၀၀ ကျော်ရှိကြောင်း တွေ့ရှိခဲ့သည်။ ဤအဖွဲ့များသည် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊ အကြံဉာဏ်ရယူခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း နှင့် အဖွဲ့ဝင်များထံမှ မေးခွန်းများကို ဖြေကြားခြင်းများဖြင့် တစ်ရက်လျှင် ပျမ်းမျှ ပို့စ် ၂၅ ခုခန့် တင်ကြသည်။ ဤဖေ့စ်ဘွတ်အဖွဲ့များတွင် ပျမ်းမျှ အဖွဲ့ဝင်ဦးရေ ၂၄,၀၀၀ ရှိပြီး *"ဒီမှာ ရောင်းတဲ့သူ၊ ဝယ်တဲ့သူ၊ တပ်ဆင်သူများနှင့် ပြင်ဆင်သူများကို ချိတ်ဆက်ပေးပြီး သုံးစွဲသူများကို ဆိုလာ အင်ဗာတာစနစ် အခြေခံအသိပညာများ မျှဝေရန် ဖြစ်ပါတယ်"* ဟု ဖော်ပြထားသည့် ဆိုလာစွမ်းအင်နှင့် ပတ်သက်သော အဖွဲ့တစ်ခုတွင် အမြင့်ဆုံးအဖွဲ့ဝင် ဦးရေ ၂၀၀,၀၀၀ ထိရောက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဖွဲ့ များမှာ ၂၀၁၅ ခုနှစ်တွင် အစောဆုံးဖွဲ့ခဲ့ကြပြီး သုံးပုံတစ်ပုံကျော်မှာ ၂၀၂၂နှင့် ၂၀၂၃ ခုနှစ်များတွင် စတင်ဖွဲ့ခဲ့ကြခြင်းဖြစ်သည်။ အဖွဲ့များသည် လူအများပိုမို လက်လှမ်းမီနိုင်ပြီး ချိတ်ဆက်နိုင်သောကြောင့် ဆိုရှယ်မီဒီယာသည် ပိုမိုမျှတသော သတင်းအချက်အလက် ရင်းမြစ်တစ်ခုဖြစ်သည်။

သို့ရာတွင် ထုတ်ကုန်ကြော်ငြာများ၊ ပရိုမိုးရှင်းများ စသည့် အရောင်းအားပေး အကြောင်းအရာ ဖြစ်သည့် ပို့စ်များ အများအပြား တက်နေသောအခါ အဖွဲ့များ၏ တန်ဖိုးကို အပျက်သဘော သက်ရောက်မှု ရှိသည်။ ယင်းပို့စ်များ ပျံ့နှံ့မှုသည် အဖွဲ့ဝင်များအကြား မျှဝေထားသော အချက်အလက်များအပေါ် သိသိသာသာ သက်ရောက်မှုရှိသည်။ ပရိုမိုးရှင်းပို့စ်များ လွှမ်းမိုးလာသည်နှင့်အမျှ စစ်မှန်သော ဆွေးနွေးမှုများ၊ အထောက်အကူ ဖြစ်စေသော အကြံဉာဏ်များ သို့မဟုတ် ဘက်မလိုက်သော ထင်မြင်ချက်များကဲ့သို့သော စီးပွားဖြစ် မဟုတ်သော အကြောင်းအရာများကို ရှာဖွေတွေ့ရှိရန် ခက်ခဲ လာနိုင်သည်။ အရောင်း အသားပေးပို့စ်များ အလွန်များပြားနေခြင်းသည် စစ်မှန်သော အသိုင်းဝိုင်း အတွေ့အကြုံကို ရှာဖွေသည့် အဖွဲ့ဝင်အချို့ကို တွန်းဆုတ်သွားစေနိုင်သည်။ ဖေ့စ်ဘွတ်အဖွဲ့များတွင် အချင်းချင်း သင်ယူလေ့လာပြီး ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်နှင့် အရောင်းအသားပေး အကြောင်းအရာများနှင့် ရှုပ်ပွနေသော ဈေးကွက်နေရာတစ်ခု မဖြစ်စေရန် ထိန်းသိမ်းမှု လိုအပ်ပါသည်။

## ပုံ ၈ - အကြံဉာဏ် ရယူခြင်းနှင့် ပေးခြင်း နမူနာ ဖေ့စ်ဘွတ်ပို့စ်




*ရင်းမြစ် - အင်တာနက်ပေါ်မှ ဖြန့်ဝေမှုများ*

# ဖြစ်ရပ်လေ့လာမှုများ

အောက်တွင် ဖော်ပြထားသော ဖြစ်ရပ်လေ့လာမှုများသည် ဆွေးနွေးခဲ့သော တွေ့ရှိချက်များကို လက်တွေ့ ဥပမာများဖြင့် မြင်သာထင်ရှားစေသည်။ ဖြစ်ရပ်လေ့လာမှုများသည် လူများနှင့် စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုများနှင့် သက်ရောက်မှုများကို လေ့လာထားပြီး ၎င်းတို့၏ မတူညီသော အခြေအနေများ အတွက် အလေ့အကျင့် ပြောင်းလဲမှုများ၊ လိုက်လျောညီထွေ ပြောင်းလဲမှုများနှင့် အခြားစွမ်းအင်ရင်းမြစ်သုံးခြင်း စသည့်နည်းလမ်းများကို မည်သို့ပေါင်းစပ် အသုံးပြုထားခြင်းကို စူးစမ်းထားသည်။ နောက်ဆက်တွဲ ၂ တွင် ထပ်တိုး ဖြစ်ရပ်လေ့လာမှု ၄ ခုကို တွေ့နိုင်ပါသည်။



**ဟိုင်း ကျမ နန်းခင်မြတ်ပါ။**

**နန်းခင်မြတ်[၂၀] သည် ရန်ကုန်ရှိအခြားအိမ်ထောင်စုများကဲ့သို မျိုးဆက်စုံပေါင်းနေကြသော အိမ်ထောင်မိသားစုမှ လာသည်။ သူမရဲ့ လိုအပ်ချက်တွေအတွက် နည်းလမ်းပေါင်းစုံကို သုံးရပါသော်လည်း ထိုသို့ နည်းလမ်းစုံသုံးသည့်တိုင် သူမအတွက် ပြည့်စုံမှုမရပါ။ သူမသည် လုံခြုံမှုနဲ့ ဘဏ္ဍာရေးအရ အကန့်အသတ်ဖြစ်သည့် နည်းလမ်းတချို့ကိုလည်းကြိုးစားခဲ့သည်။ ဘဏ္ဍာရေးအရ အကန့်အသတ်ဖြစ်မှုသည် လူအများစုကြုံရသည့် ကိစ္စဖြစ်ပြီး ၎င်းသည် လူများဘာကြောင့် မီးပြတ်တောက်မှုဝန်ကို မလျော့ချနိုင်သနည်းဆိုသည့် အကြောင်းပြချက်လည်းဖြစ်သည်။**

နန်းခင်မြတ်သည် ရန်ကုန်မြို့ရှိ မြေညီထပ်တိုက်ခန်းတွင် နေထိုင်သည့် မိသားစုတွင် အငယ်ဆုံးမိသားစုဝင် ဖြစ်သည်။ ကျောင်းသူတစ်ယောက်အနေဖြင့် နန်းခင်မြတ်သည် ညတွင် လျှပ်စစ်မီးမရှိပဲ စာကြည့်ရာတွင် အခက်အခဲကြုံရသည်။ ထို့ပြင် တိုက်ခန်းအတွင်းသို့ လေဝင်လေထွက် မရှိခြင်းကြောင့်လည်း ကောင်းကောင်း မအိပ်နိုင်ပါ။ ပန်ကာမရှိခြင်းကလည်း အိပ်မရသောညများတွင် မသက်မသာဖြစ်မှုကို ပိုမိုဆိုးရွားစေသည်။ သူမ၏ စာလေ့လာရသည့် ပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာရန်နှင့် အိမ်အလုပ်များပြီးရန် အလေ့အကျင့် ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြောင်းလဲမှု နည်းလမ်းများကို အသုံးပြုခဲ့သည်။ ယခုကဲ့သို့ ခေတ်မီကာလတွင် ဤသို့သော အခြေအနေများနှင့် ရုန်းကန်နေရသည်ကို သူမအနေနှင့် စိတ်ပျက်စရာကောင်းသည်ဟု မြင်သည်။

### အလေ့အကျင့် ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြောင်းလဲမှု နည်းလမ်းများ

သက်တမ်းကြာသော အဆောက်အအုံဟောင်းတွင် ရှိသည့် နန်းခင်မြတ်၏ မြေညီတိုက်ခန်းသည် သဘာဝ အလင်းရောင် လုံလောက်စွာမရရှိပဲ လေဝင်လေထွက်လည်း မကောင်းခြင်းကြောင့် သူမ၏မိသားစုသည် အထပ်မြင့်တိုက်ခန်းသို့ ပြောင်းရွှေ့ရန် စီစဥ်နေသည်။ ကျောင်းသူတစ် ဦးဖြစ်သူ နန်းခင်မြတ်သည် ဓာတ်အားပြတ်တောက်ချိန်အတွင်း အခက်အခဲများ ကြုံတွေ့ရသည်။ အလင်းရောင်မရှိသည့်အတွက် ဖယောင်းတိုင်များနှင့် အားပြန်သွင်းနိုင်သော မီးသီးများကို အသုံးပြုခဲ့သည်။ သို့သော်ယင်းတို့မှာ အချိန်ကြာကြာ စာဖတ်ခြင်းအတွက် သင့်တော်ခြင်း မရှိပါ။

သူမဖခင်၏ နာမကျန်းဖြစ်မှုနှင့် မိခင်၏ ပြုစုရသည့် တာဝန်များကြောင့် နန်းခင်မြတ်သည် အိမ်မှုကိစ္စများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။ လျှပ်စစ်မီးရရှိသည့် အချိန်ပိုင်းအတွင်း ချက်ပြုတ်ခြင်း၊ အဝတ်လျှော်ခြင်းနှင့် ရေတင်ခြင်းတို့ကို ပြုလုပ်ရသည်။ လုံခြုံဘေးကင်းရေး စိုးရိမ်မှုများကြောင့် ချက်ပြုတ်ရန်အတွက် ဂက်စ်မသုံးပါ။ နန်းခင်မြတ်သည် အိမ်အလုပ်များကို ပြုလုပ်ရမည် ဖြစ်သောကြောင့် သူမ၏ စာကြည့်ချိန်များကို မီးပျက်သည့် အချိန်များတွင် ပြုလုပ်ရန် စီစဥ်ထားရသည်။ ရန်ကုန်တွင် လေးနာရီခြားတစ်ခါ မီးဖြတ်သည်။ နေ့အချိန်အတွင်း အိမ်နီးချင်း၏ ရေတင်သံကို နားစွင့်၍ ရေတင်၍ ရမရကို သူမအနေနှင့် သိရသည်။ ကံကောင်းသည်

# ပုံ ၉ - လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန်နန်းခင်မြတ်၏ စီမံမှုခရီးစဉ်



မှာ သူမသူငယ်ချင်း အချို့ကဲ့သို့ ရေတင်ရန် ညအထိ စောင့်ဆိုင်းရန် လိုအပ်ခြင်း မရှိဘဲ သူမရပ်ကွက်တွင် နေ့အချိန်များ၌ ရေတင်လည်း ရေရရှိနိုင်ပါသည်။

အခက်အခဲများကို သက်သာစေရန် နန်းခင်မြတ်၏ အစ်မသည် ပိုင်ဖိုင်စက်အတွက် ပါဝါဘဏ်ကို ဝယ်ယူခဲ့ပြီး ရပ်ကွက်ဆိုင်မှ အားပြန်သွင်းနိုင်သော မီးသီးများကိုလည်း ဝယ်ယူခဲ့သည်။ ယင်းပစ္စည်းများကို ဈေးကွက်အတွင်း ရောင်းချသူများစွာ ရှိခြင်းကြောင့် ဝယ်ယူရ လွယ်ကူသလို စူးစမ်းလေ့လာရန် နှင့် ငွေကြေးများစွာ အသုံးချရန် လိုအပ်ခဲ့ခြင်း မရှိပါ။

**အနာဂတ် ထည့်သွင်းစဥ်းစားချက်များ**

အထူးသဖြင့် သူမဖခင်၏ နာမကျန်းဖြစ်မှုနှင့် စိတ်ကျန်းမာရေးကောင်းမွန်စေရန်အတွက် အင်ဗာတာသည် အိမ်အတွက်အကျိုးရှိမည်ဟု နန်းခင်မြတ်က ဆုံးဖြတ်ခဲ့သည်။ သို့သော် သူမဖခင်၏ ဆေးဖိုးဝါးခများကြောင့် သူမတို့တွင် ငွေကြေးအခက်အခဲ ရှိနေပြီး လျှပ်စစ်ဓာတ်အား အမြဲမရခြင်းအတွက် အင်ဗာတာတပ်ဆင်ရန်မှာ သူမတို့လုပ်နိုင်သည့် အတိုင်းအတာထက် ကျော်လွန်နေသည်ဟု ခံစားရသည်။ ပုံမှန်ဝင်ငွေမရှိသော ကျောင်းသူတစ်ယောက် ဖြစ်သောကြောင့် သူမတို့ဖခင်၏ ဆေးကုသစရိတ်ကို တာဝန်ယူထားရသော အစ်မဖြစ်သူအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုပါ။

**နိဂုံး**

နန်းခင်မြတ်၏ ဖြစ်ရပ်လေ့လာချက်သည် မကြာခဏ ဓာတ်အားပြတ်တောက်မှုများ ကြုံတွေ့နေရသည့် လူတစ်ဦးချင်း၏ နေ့စဥ်အခက်အခဲများကို မီးမောင်းထိုးပြသည်။ ငွေကြေး အကန့်အသတ်များရှိသော်လည်း နန်းခင်မြတ်သည် ရင်ဆိုင်နေရသောပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ပြီး မိသားစု၏ လတ်တလောလိုအပ်သည့် ဦးစားပေး ကိစ္စများကို ဖြေရှင်းဆောင်ရွက်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ သူမ၏ဇာတ်လမ်းသည် ပြုလွယ်ပြောင်းလွယ်ရှိသော လှုပ်ရှားမှုအချိန်ဇယား တစ်ခုက မည်မျှတန်ဖိုးရှိပြီး သေးငယ်သော လုပ်ဆောင်ချက်များကလည်း ဓာတ်အားပြတ်တောက်မှုများ၏ သက်ရောက်မှုများကို လျော့ပါးသွားစေနိုင်ပုံတို့ကို မြင်သာစေနိုင်ပြီး ဓာတ်အားပြတ်တောက်မှုကြောင့် လူအများ စိတ်ပျက်အားမလိုအားမရ ဖြစ်စေသည်ကိုလည်း တွေ့နိုင်သည်။



**ဟိုင်း ကျမ သက်စံပါ။**

**သက်စံ[၂၁] သည် မိသားစုဝင်(၅)ဦးနှင့်အတူ ရန်ကုန်မြို့ရှိအိမ်တွင်နေထိုင်သည်။ လျှပ်စစ်မီးမရရှိမှုကြောင့် သူမအတွက်နှောင့်နှေးမှုများဖြစ်ရပြီး အနှောင့်အယှက်ဖြစ်ရသည်။ ဆိုလာနည်းလမ်းကို ရွေးချယ်စရာအခြားနည်းလမ်းအဖြစ် သူမ စဥ်းစားခဲ့သေးသော်လည်း မည်သို့တပ်ဆင်ရမည်မသိဖြစ်နေသည်။ သူမ မိသားစုကလည်း မီးစက်မှဆူညံသံကိုမခံနိုင်သဖြင့် မီးစက်သုံးရန်လည်း မနှစ်သက်ကြပါ။ ထို့ကြောင့် သူမတို့အိမ်ထောင်စုသည် လိုက်လျောညီထွေနေထိုင်ခြင်းကိုနည်းနာကို ကျင့်သုံးကြသည်။ မီးအလှည့်ပေး (A) နှင့် (B) နှစ်လိုင်းစလုံးကိုချိတ်ဆက်နိုင်လျှင် (၂၄)နာရီအပြည့်မီးရနိုင်သဖြင့် သက်စံက ထိုသို့ချိတ်ဆက်ရန်လိုလားသော်လည်း ထိုသို့လုပ်ရန်မခွင့်ပြုထားသဖြင့် သူမ မလုပ်နိုင်ခဲ့ပါ။**

သက်စံသည် ရန်ကုန်မြို့ရှိ ခြံနှင့် လုံးချင်းအိမ်တွင် မိသားစုဝင် ငါးဦးနှင့် အတူနေထိုင်သည်။ သူက ရန်ကုန်မြို့၏ လျှပ်စစ်မီး အခြေအနေနှင့်ပတ်သက်ပြီး အဆိုးမြင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)က ဆက်လက် စီမံခန့်ခွဲဆောင်ရွက်နေပါက ရေတို (၁ နှစ်)နှင့် ရေရှည် (၅ နှစ်) ကာလ နှစ်ခုစလုံး လျှပ်စစ်ဓာတ်အား ပေးဝေခြင်းအခြေအနေ ပိုမိုဆိုးရွားလာမည်ဟု သူကယုံသည်။ ဤအဆိုးမြင်မှုသည် နိုင်ငံတော်ဘတ်ဂျက် လျာထားမှု လျှော့ချခြင်းများ၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းလာခြင်းနှင့်

# ပုံ ၁၀ - လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် သက်စံ၏ စီမံမှုခရီးစဉ်



ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း အပေါ် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများ စသည့် အကြောင်းအရင်း များကြောင့် ဖြစ်သည်။

သက်စံနှင့် သူ၏မိသားစုများသည် ညအချိန် ညနေ ၅ နာရီမှ ၈ နာရီကြားတွင် အချိန်ဇယားတွင် ဖော်ပြမထားသော ဓာတ်အားပြတ်တောက်မှုများ မကြာခဏ ကြုံတွေ့ရသည်။ ဤသို့သော ကြိုတင်ခန့်မှန်းမရနိုင်မှုသည် အိမ်ရှိလူများ၏ နေ့စဉ်ဘဝနှင့် လုပ်ငန်းဆောင်တာများကို ထိခိုက်သည်။ ချက်ပြုတ်ရာတွင် အခက်အခဲများကြုံရပြီး ပူလောင်စွာ အိပ်ရခြင်းနှင့် အလုပ်ကို အာရုံစိုက်လုပ်ဆောင်ရန် အခက်အခဲများကြုံရသည်။ ဖောက်ထွင်းကျူးကျော်မှုများ ဖြစ်လာပါက သိရှိနိုင်ရန် ခွေးများကိုသာ အားထားရသောကြောင့် ဓာတ်အားပြတ်တောက်မှုများသည် ဘေးကင်းလုံခြုံရေးကိုလည်း ထိခိုက်မှုရှိသည်။ ယခင်နှစ်က သူတို့သည် စိန်ခေါ်မှုအခက်အခဲများကို ကြုံတွေ့ ခဲ့ရသော်လည်း ယခုနှစ်တွင် ရေပုံမှန်ရရှိလာခြင်းမှာ တိုးတက်မှုတစ်ခုဖြစ်သည်။

## အလေ့အကျင့် ပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြောင်းလဲမှု နည်းလမ်းများ

လျှပ်စစ်မီးပြတ်တောက်မှုများကို ရင်ဆိုင်ရန် သက်စံတို့ အိမ်ထောင်စုသည် အလေ့အကျင့် ပြောင်းလဲမှုနှင့် လိုက်လျောညီထွေပြောင်းလဲမှု နည်းလမ်းများစွာကို အသုံးပြုခဲ့သည်။ ရုံးသို့ နေ့လည်စာ ထမင်းဘူးများ ယူဆောင်နိုင်ရန်အတွက် မီးလာသည့်အချိန် တခါတရံ မနက် ၂ နာရီ သို့ ၃ နာရီ ဝန်းကျင် မနက်စောစောထပြီး ချက်ပြုတ်ကြသည်။ မီးသွေးနှင့် ဂက်စ်မီးဖိုနှစ်မျိုးလုံးကို အသုံးပြုကြပြီး မီးသွေးကို နေ့ဘက် မီးပျက်ချိန်များတွင် ပိုမိုအသုံးပြုသည်။ ထမင်းချက်ရန်အတွက်မူ ပေါင်းအိုးကိုသာ အမြဲအသုံးပြုပြီး လျှပ်စစ်မီးရှိမှသာ အသုံးပြုနိုင်သည်။ ပိုင်ဖိုင်နှင့် မီးအလင်းရောင်အတွက် ၃၀၀ ဝပ် အင်ဗာတာနှင့် ဘက်ထရီစနစ်ကို အသုံးပြုသည်။ ယခင်က ပိုင်ဖိုင်အတွက် ပါဝါဘဏ်ကို အသုံးပြုရန် ကြိုးစားခဲ့သော်လည်း သူတို့၏ ပိုင်ဖိုင်စက်မှာ အလွန်ဟောင်းနေပြီး ဖြစ်သောကြောင့် ချိတ်ဆက်၍ မရတော့ပါ။ အင်ဗာတာနှင့် ဘက်ထရီ ဝယ်ယူသည့်အခါ သက်စံ၏အစ်ကိုက ဤပစ္စည်းများနှင့် ပတ်သက်ပြီး နားလည်တတ်ကျွမ်းမှုရှိသောကြောင့် သူတို့ ဆုံးဖြတ်ချက်ချနိုင်အောင် ကူညီခဲ့သည်။

ဓာတ်အား ပြတ်တောက်မှုများကြောင့် အိမ်သုံးစရိတ်များ တိုးလာသည်။ ချက်ပြုတ်ရန်အတွက် မီးသွေးနှင့် ဂက်စ်ကို အသုံးပြုသောကြောင့် ဂက်စ်ဈေးနှုန်းများ တက်လာသည့်အခါ ငွေကြေးအခက်အခဲ ဖြစ်စေသည်။ လောင်စာဆီနှင့် အင်ဗာတာ အသုံးပြုမှုအပါအဝင် အပို ကုန်ကျစရိတ်များသည် ၎င်းတို့၏ ဘဏ္ဍာရေးအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ဓာတ်အား ပြတ်တောက်နေချိန်များတွင် သက်စံသည် လေအေးပေးစက်၊ ရေခဲသေတ္တာ၊ ထမင်းပေါင်းအိုးနှင့် ရေစုပ်စက်များကဲ့သို့ စက်ပစ္စည်းများ ပျက်စီးမည်ကို စိုးရိမ်ပါသည်။ အင်ဗာတာ ဘက်ထရီ အားသွင်းခလုပ်ကို ပိတ်ရန် မေ့ပါက အင်ဗာတာပျက်စီးသွား မည်ကိုလည်း စိုးရိမ်ရပြီး ဤသည်က သူတို့၏ နေ့စဉ်ဘဝတွင် နောက်ထပ်အနှောင့်အယှက်များ ဖြစ်စေသည်။

## အခြားထည့်သွင်းစဉ်းစားချက်များ

သက်စံနှင့် သူ့မိသားစုသည် ဓာတ်အားလိုင်းမှတဆင့် လျှပ်စစ်မီး ၂၄ နာရီ ရလိုကြပြီး ဓာတ်အားလိုင်းအချိန်ဇယားပါ အုပ်စု Aနှင့် B နှစ်ခုလုံးနှင့် ချိတ်ဆက်ပြီး ၂၄ နာရီ ဓာတ်အားခအတွက် အခကြေးငွေ ပေးဆောင်လိုကြသည်။ သူတို့သည် ဤသို့သော ဝန်ဆောင်မှုနှင့် အသုံးပြုသည့် ယူနစ်များအတွက် ပေးဆောင်ရန် ဆန္ဒရှိကြသော်လည်း EPC ထံ စုံစမ်းသောအခါ ဤသို့ မပြုလုပ်နိုင်ကြောင်း အကြောင်းပြန်ခဲ့သည်။ နည်းပညာအသစ်အကြောင်း သေချာမသိရှိသောကြောင့် ဆိုလာစွမ်းအင်ကို အသုံးပြုရန် စိတ်မဝင်စားကြပေ။

## နိဂုံး

ဤဖြစ်ရပ်လေ့လာမှုသည် ကြိုတင်ခန့်မှန်း၍မရသော လျှပ်စစ်ဓာတ်အားကြောင့် မြန်မာနိုင်ငံရှိ အိမ် ထောင်စုများ ကြုံတွေ့ရသော စိန်ခေါ်မှုများကို သရုပ်ဖော်ထားသည်။ သက်စံ၏ အိမ်ထောင်စုသည် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် အမျိုးမျိုးသော အလေ့အကျင့် ပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြောင်းလဲမှု နည်းလမ်းများ အသုံးပြုခဲ့သည်။ သို့သော် သူတို့သည် အနာဂတ်တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စိုးရိမ်နေဆဲဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ အစားထိုးစွမ်းအင် အသုံးပြု ဖြေရှင်းနည်းများကို အကောင်ထည်ဖော်ဆောင်ရွက်ရန် အသိပညာ မရှိပါ။ ဤဖြစ်ရပ်လေ့လာမှုသည် သုံးစွဲသူများအတွက် ဆုံးဖြတ်ချက်ချခြင်း ပိုမိုကောင်းမွန်လာရန်နှင့် ရေရှည်တည်တံ့သော စွမ်းအင်ဖြေရှင်းနည်းများကို အသုံးပြုနိုင်ရန် ကောင်းမွန်သည့် သတင်းရင်းမြစ်များ လိုအပ်နေကြောင်း မီးမောင်းထိုးပြထားသည်။

**ဟိုင်း ကျနော် ကိုဝင်းပါ။**



**ကိုဝင်း[၂၂] သည် ရေခဲမုန့်ဆိုင်ကိုဦးစီးသည်။ ကြုံလာသည့်အခြေနေကိုကိုင်တွယ်ဖြေရှင်းခြင်းနှင့် အခြားစွမ်းအင်ရင်းမြစ်ကိုသုံးခြင်း နည်းလမ်း(၂)ခုကို သုံးခြင်းဖြင့် လျှပ်စစ်မီးပြတ်တောက်ခြင်း မကောင်းသည့်အကျိုးဆက်များကို ရှောင်ရှားနိုင်ခဲ့သည်။ မီးပြတ်ပြတ်ခြင်းအစကာလပိုင်းမှာ ကိုင်တွင်ဖြေရှင်းခြင်း နည်းလမ်းများကိုသုံးပြီး မီးပြတ်ပြီး တစ်နာရီခန့်အကြာ ရေခဲသေတ္တာအပူချိန်မြင့်လာသည့်ချိန်မှာတော့ အခြားစွမ်းအင်ရင်းမြစ်နည်းလမ်းကို ပြောင်းသုံးသည့် နည်းကို သူကျင့်သုံးသည်။ ကိုဝင်းအဆိုအရ သူဦးစီးရသည့် တာဝန်ထဲတွင် မီးစက်အတွက် လောင်စာဝယ်ရန်ရှားပါးမှုသည် တော်တော်ခက်ခဲပြီး သူ့အတွက် ဖိစီးမှုဖြစ်စေသည်ဟုဆိုသည်။**

ဤဖြစ်ရပ်လေ့လာမှုတွင် ရန်ကုန်မြို့ရှိ ကိုနိုင် ရေခဲမုန့်လုပ်ငန်း ဌာနခွဲတစ်ခု၏ မန်နေဂျာ ကိုဝင်းကို အဓိကထား လေ့လာထားသည်။ အေးခဲခန်းများနှင့် ရေခဲသေတ္တာများ လည်ပတ်နိုင်စေရန် လျှပ်စစ်ဓာတ်အားအပေါ် အများအပြားမှီခိုနေရသဖြင့် ကိုဝင်းသည် ဓာတ်အားပြတ်တောက်မှု စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး ယုံကြည် စိတ်ချရသော အခြားစွမ်းအင်ရင်းမြစ် လိုအပ်နေသည်။ ဤဖြစ်ရပ်လေ့လာမှုသည် ဓာတ်အားပြတ်တောက်ချိန်များတွင် သူ၏ဆိုင်ကို စီမံခန့်ခွဲပုံနှင့် အရန်စွမ်းအင်ဖြေရှင်းနည်း ရွေးချယ်မှုများအား ပုံဖော်သည့် ထည့်သွင်းစဥ်းစားမှုများကို စူးစမ်းလေ့လာထားသည်။

## အခြားစွမ်းအင်ရင်းမြစ်

ဆိုင်ကို ပြုပြင်မွမ်းမံမှုပြုလုပ်စဥ် ပိုင်ရှင်ဖြစ်သူ ကိုနိုင်က ဓာတ်အားအဆက်မပြတ်ရရှိရန် ဆိုင်ရှေ့တွင် မီးစက်ကိုတပ်ဆင်ခဲ့သည်။ မီးစက်သည် ရေခဲမုန့်ထုတ်ကုန်များ သိုလှောင်ရန် လိုအပ်သော သတ်မှတ် အအေးဓါတ်ကို ထိန်းသိမ်းနိုင်ရေးအတွက် အရေးကြီးသည်။ သူခိုးရန်မှ ကာကွယ်ရန်အတွက် မီးစက်၏ ဓာတ်ကြိုးများကို ကွန်ကရစ်ဖြင့် လုံအောင်ပြုလုပ်ထားသည်။ မီးပျက်ချိန်အတွင်း ဓာတ်ကြိုးများ အဖြတ်ခံခဲ့ ရဖူးသည့်အတွက် ကြိုတင်ကာကွယ်မှု တစ်ခုအနေဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် ဆိုင်ရှိပစ္စည်းများပျက်စီးခြင်းမှ ကာကွယ်ရန်အတွက် ညအချိန် လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်တွင် မီးစက်ကိုချက်ချင်းဖွင့်နိုင်ရန် ဝန်ထမ်းတစ်ဦးက ဆိုင်တွင် အိပ်ရသည်။

ကုန်ကျစရိတ်များကို ထိန်းချုပ်ရန်အတွက် ကိုဝင်းနှင့် ပိုင်ရှင်တို့က စွမ်းအင်စီမံခန့်ခွဲမှု နည်းလမ်းကို စီစဥ်ချမှတ်ခဲ့သည်။ လေးနာရီကြာ ဓာတ်အားပြတ်တောက်မှုအတွင်း မီးစက်ကို သတ်မှတ်အချိန်များတွင်သာ လည်ပတ်စေသည်။ မီးပျက်ပြီး တစ်နာရီအကြာမှသာ ကိုဝင်းသည် မီးစက်ကို ဖွင့်ကာ နှစ်နာရီကြာ နှိုးထားပြီးနောက် ကျန်သည့်နောက်ထပ် တစ်နာရီအတွင်း ပိတ်ထားသည်။ ဤနည်းလမ်းသည် လောင်စာဆီသုံးစွဲမှုကို အကောင်းဆုံးဖြစ်စေပြီး ရေခဲမုန့်များကိုလည်း မပျက်စီးအောင် ထိန်းသိမ်းထားနိုင်သည်။ ဤအစီအစဥ် အတိုင်း မီးစက်ကို လည်ပတ်ရန် ဝန်ထမ်းအားလုံးကို လေ့ကျင့်ထားပေးသည်။ မီးစက် ပိတ်ထားသောအခါ ဓာတ်အားမရရှိချိန်တွင် ရေခဲမုန့် စက်များသည် ယာယီရပ်တန့်သွားပြီး ပြန်လည် အလုပ်လုပ်ရန် ၁၅ မိနစ်ခန့်စောင့်ရသည်။ ဤအဆင်မပြေမှုမှလွဲ၍ ကိုဝင်းအနေဖြင့် အခြေအနေကို စီမံခန့်ခွဲနိုင်သည်ဟု မြင်သည်။

မီးစက်သည် လုပ်ငန်းလိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းပေးသကဲ့သို့ ယင်းလည်ပတ်မှုနှင့် ထိန်းသိမ်းမှုတို့အတွက် ကုန်ကျစရိတ်များ ရှိသည်ကို ကိုဝင်းက သတိပြုမိပါသည်။ မီးစက်အတွက် လောင်စာဆီ ကုန်ကျစရိတ်မှာ ဧပြီလတွင် နှစ်ရက်လျှင် ၇၀,၀၀၀ ကျပ်ခန့် ရှိသည်။ အဆက်မပြတ် ဓာတ်အားရရှိရန် ကိုဝင်းသည် အမှန်တကယ်သုံးရန်နှင့် အရန်ထားရှိရန် လောင်စာဆီ အများအပြားကို ဝယ်ယူရန်မှန်းထားသည်။ သို့ရာတွင် လိုချင်သော ပမာဏကို ဝယ်ယူရရှိရန်မှာ မလွယ်ကူပေ။ လောင်စာဆီ ကုန်ကျစရိတ်အပြင် ပုံမှန် ပြုပြင်ထိန်းသိမ်းခများဖြစ်သော သုံးလတစ်ကြိမ် အင်ဂျင်အအေးခံရည် (coolant) လဲလှယ်ရခြင်း၊ အင်ဂျင်ဝိုင် ဖြည့်ရခြင်းနှင့်

# ပုံ ၁၁ - လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် ကိုဝင်း၏ စီမံမှုခရီးစဉ်



ခြောက်လတစ်ကြိမ် လဲလှယ်ရခြင်းနှင့် ရံဖန်ရံခါ ဝန်ဆောင်မှုစရိတ် များရှိသည်။ ဤစရိတ်များသည် လုပ်ငန်း၏ အမြတ် အစွန်းပေါ် သက်ရောက်မှုရှိသည်။

## လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲခြင်း နည်းလမ်းများကို ထည့်သွင်းစဉ်းစားခြင်း

အင်ဗာတာများ သို့မဟုတ် ဆိုလာစွမ်းအင်များသည် အချို့လူများအတွက် အစားထိုးအသုံးပြုနိုင်သည့် နည်းများဖြစ်သော်လည်း ကိုဝင်းကမူ ဓာတ်အားလိုအပ်ချက်နှင့် ဆိုင်၏ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင် အခြေအနေကြောင့် သူ၏ လုပ်ငန်းအတွင့်မသင့်တော်ဟု ယူဆသည်။ ဆိုင်အဆောက်အအုံသည် နိမ့်ပြီး ဘေးတွင် တိုက်အမြင့်များရှိသောကြောင့် ဆိုင်ခေါင်မိုးပေါ်သို့ အမှိုက်များပစ်ချခံရနိုင်ပြီး ဆိုလာပြားများ ပျက်စီးနိုင်ခြေရှိသည်။

## နိဂုံး

ကိုဝင်း၏ အတွေ့အကြုံသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများအတွင်း စီးပွားရေးလုပ်ငန်းများ ကြုံတွေ့ရသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများကို မီးမောင်းထိုးပြပါသည်။ သေချာစွာ စီမံခန့်ခွဲမှုနှင့် အရန်ဓာတ်အား နည်းလမ်းများဖြင့် ဓာတ်အား ပြတ်တောက်ချိန်များတွင် ၎င်းတို့၏လုပ်ငန်းကို အောင်မြင်စွာ လည်ပတ်စေနိုင်ခဲ့သည်။ သို့သော် လောင်စာဆီသုံးစွဲမှုနှင့် မီးစက် ထိန်းသိမ်းပြုပြင် စရိတ်များသည် ငွေကြေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြစ်စေသည်။ အခြားစွမ်းအင်ရင်းမြစ်သုံး ဖြေရှင်းနည်းများဖြစ်သော အင်ဗာတာများ သို့မဟုတ် ဆိုလာစွမ်းအင်များကို ထည့်သွင်းစဉ်းစားသော်လည်း ဆိုင်၏ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လိုအပ်ချက်များအရ ဤနည်းလမ်းများသည် အလုပ်ဖြစ်နိုင်ချေနည်းသော နည်းလမ်းများ ဖြစ်သွားစေသည်။ ကိုဝင်း၏ ဖြစ်ရပ်လေ့လာမှုသည် စီးပွားရေးလုပ်ငန်းများတွင် ဓာတ်အား ပြတ်တောက်မှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ ၎င်းတို့၏ ထူးခြားသော အခြေအနေများနှင့် အခက်အခဲများကို ထည့်သွင်းစဉ်းစားပြီး မိမိတို့နှင့် အံဝင်ခွင်ကျဖြစ်ပြီး လက်တွေ့ကျသော ဖြေရှင်းနည်းများ လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။



# နိဂုံးချုပ်

**မြန်မာနိုင်ငံတဝှမ်းတွင် ယုံကြည်ကိုးစားရသော လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေသည် အလျင်အမြန်ယိုယွင်းလာနေကြောင်းကို သက်သေအထောက်အထားများစွာတို့က ဖော်ပြနေသည်။** စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေအမျိုးမျိုးကြား အနာဂတ်ကာလတွင် စွမ်းအင် ထောက်ပံ့မှုနှင့် လိုအပ်ချက် ကွာခြားမှု ဆက်လက်ဖြစ်ပေါ်နေမည်ဟု ကြိုတင်ခန့်မှန်းချက်များက ဟောကိန်းထုတ်ထားသည်။ လျှပ်စစ်ဓာတ်အား စီမံကိန်းသစ်များ ရေးဆွဲအတည်ပြုဆောက်လုပ်ရန် အချိန်ကာလကြာမြင့်မည် ဖြစ်သောကြောင့် လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်အား ပြတ် တောက်မှုသည် နှစ်ပေါင်းများစွာ ဆက်လက်ဖြစ်ပေါ်နေဖွယ်ရှိသည်။ ဤပြဿနာသည် ရန်ကုန်တွင် ပိုမိုပြင်းထန်သည်။

**ရန်ကုန်ရှိ ဓါတ်အားသုံးစွဲသူများသည် ၎င်းတို့မြို့၏ နှစ်စဉ်နှင့် ရာသီအလိုက် လျှပ်စစ်မီးရရှိနိုင်မှုကို သဘောပေါက် နားလည်ကြသော်လည်း လူအနည်းစုကသာ ဓာတ်အားပြတ်တောက်မှုကို ဖြေရှင်းရာတွင် စွမ်းအင်ကဏ္ဍ၏ ရေရှည်အလားအလာကို ထည့်သွင်းစဉ်းစားကြသည်။** ထို့ကြောင့် ဤနယ်ပယ်တွင် ရေရှည်နှင့်လိုက်လျောညီထွေဖြစ်သော နည်းလမ်းအပြုအမူများကို အားပေးရန် မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ် အား အကြပ်အတည်းသည် ရေရှည်ဖြစ်မည့်အကြောင်း သုံးစွဲသူများအား အသိပေးရန်လိုသည်။ ရေရှည်ကြည့်ရန်အတွက် သုံးစွဲသူများ ရုန်းကန်နေရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ လျှပ်စစ်ဓာတ်အားလက်လှမ်းမီ ရရှိနိုင်မှု၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးမှုတို့အကြား ရောယှက်ချိတ်ဆက်နေခြင်းကြောင့် ဖြစ်သည်။

**ဓာတ်အားပြတ်တောက်မှုများသည် အခြေခံအသုံးဆောင်ပစ္စည်းများကို အသုံးပြုနိုင်မှု အကန့်အသတ်များ ဖြစ်စေပြီး လုပ်ငန်းခွင်နှင့် လုပ်ငန်းပတ်ဝန်းကျင်၊ နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှုတို့တွင် စိန်ခေါ်မှုများ ဖြစ်ပေါ်စေသည်။** သုတေသနတွင် ကျန်းမာရေး၊ လုပ်ငန်းကုန်ထုတ်စွမ်းအား၊ လုပ်သားအလုပ်လုပ်နိုင်စွမ်း၊ လုပ်ငန်းရှင်းနှီးမြှုပ်နှံမှုနှင့် ရပ်ရွာအသိုင်းအဝိုင်း လည်ပတ်ဆောင်ရွက်မှုများအပေါ် ကျယ်ပြန့်သော သွယ်ဝိုက်ဆင့်ပွား သက်ရောက်မှုများကို မှတ်တမ်းတင်ထားသည်။

**ရန်ကုန်မြို့တွင် သုံးစွဲသူများက ဓာတ်အားပြတ်တောက်မှုများကို ရင်ဆိုင်ဖြေရှင်းနေရသော်လည်း အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုများ ဆက်တိုက်ဖြစ်ပေါ်စေနေသော ဆင့်ကဲ ပြောင်းလဲနေသည့် အခြေအနေဖြစ်သည်။** လျှပ်စစ်ပစ္စည်းများပေါ် မှီခိုအားထားမှု တိုးလာကာ ဈေးကွက်အတွင်း နည်းပညာအသစ်များ ပိုမိုများပြားလာ၍ မျှော်လင့်ချက်များပြောင်းလဲလာသည်။ အလားအလာရှိသော ဖြေရှင်းနည်းများအတွက် ဈေးကွက်အများအပြားရှိပြီး သုံးစွဲသူများအနေဖြင့် ပိုမိုကောင်းမွန်သော ရွေးချယ်မှုများမှ အကျိုးခံစားရသော်လည်း ပိုမိုရှုပ်ထွေးသော ဆုံးဖြတ်ချက်များကို ရင်ဆိုင်ကြရသည်။

**သုံးစွဲသူများအတွက် နည်းလမ်းတစ်ခုတည်းဖြင့် မှော်ဆန်ဆန်ဖြေရှင်းနိုင်သောနည်းလမ်း မရှိပါ။** ရန်ကုန်ရှိ သုံးစွဲသူများသည် အလေ့အကျင့် ပြောင်းလဲမှု၊ လိုက်လျောညီထွေ ပြောင်းလဲမှုများနှင့် အခြား စွမ်းအင်အရင်းအမြစ် အသုံးပြုခြင်တို့ကဲ့သို့ နည်းလမ်းများကို ပေါင်းစပ် အသုံးပြုနေကြပါသည်။ ငွေကြေးတတ်နိုင်မှုအကန့်အသတ်များနှင့် ပတ်ဝန်းကျင်ရှိ ရပ်ပိုင်းဆိုင်ရာ အကန့်အသတ်များကြောင့် ဖြေရှင်းရေး နည်းလမ်းများကို ပေါင်းစပ်အသုံးပြုရန် လိုအပ်နေပါသည်။

**သုံးစွဲသူ တစ်ဦးချင်းအလိုက် သီးသန့်ဖြစ်မှုများရှိသော်လည်း ၎င်းတို့ရွေးချယ်မှုနှင့် ဆောင်ရွက်မှုများထံမှ လေ့လာနိုင်ဖွယ်များ ရှိသည်။** သုတေသနတွင် သုံးစွဲသူများက ၎င်းတို့၏ တမူထူးခြားသည့် အခြေအနေများအလိုက် သင်ယူပြီး ဆောင်ရွက်ခဲ့သည့် ဥပမာများစွာကို မှတ်တမ်းတင်ထားသည်။

**ဓာတ်အားပြတ်တောက်ခြင်းများကို ဖြေရှင်းရာတွင် သုံးစွဲသူများ ကြုံတွေ့ရသည့် အဓိက အခက်အခဲများမှာ ငွေကြေး၊ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊ ၎င်းတို့၏ စွမ်းအင်လိုအပ်ချက် အတိုင်းအတာကို ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းနှင့် ရှုပ်ထွေးသော သတင်းအချက်အလက်ဝန်းကျင်များ ဖြစ်သည်။** ဆိုလာစနစ် တပ်ဆင်ခြင်း၊ အင်ဗာတာများ၊ ဘက်ထရီများ သို့မဟုတ် မီးစက်များ စသည့် လျှပ်စစ်လိုအပ်ချက် အများအပြားကို ပံ့ပိုးပေးနိုင်မည့် အစားထိုး စွမ်းအင်ဖြေရှင်းနည်းများကို ပြောင်းလဲအသုံးပြုရန်နှင့် ပုံမှန်ထိန်းသိမ်းနိုင်ရန် ငွေကြေးများစွာ ကုန်ကျမည့် ဝန်ထုတ်ဝန်ပိုး ရှိနေပါသည်။ ဈေးသက်သာသည့် နည်းလမ်းများရှိသော်လည်း

စီးပွားရေး ခက်ခဲမှုများအရ ပြဿနာကို ရင်ဆိုင်ဖြေရှင်းခြင်း၊ အလိုက်သင့် ပြောင်းလဲခြင်းများတွင် ရင်းနှီးမြှုပ်နှံရန်ကပင် အိမ်ထောင်စုများ၏ တတ်နိုင်စွမ်းထက် ကျော်လွန်နေပါသည်။ ရပ်ပိုင်းဆိုင်ရာ ဝန်းကျင်အနေအထားက အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ ရွေးချယ်စရာနည်းလမ်းများကို အကန့်အသတ်ဖြစ်စေသော်လည်း အချို့မှာ ဤအခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။ ပြောင်းလဲဖြစ်ပေါ်နေ သောအခြေအနေများကို စီမံခန့်ခွဲရန်နှင့် ဖြေရှင်းနည်းများစွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အသိပညာ၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ရပ်ရွာတွင်း ဆက်ဆံရေးကောင်းများ ရှိရန် လိုအပ်နေပါသည်။

**သုံးစွဲသူများသည် နည်းပညာကျွမ်းကျင်သည့် အသိမိတ်ဆွေများနှင့် ဆိုရှယ်မီဒီယာ မှတဆင့် အကြံဥာဏ်လမ်းညွှန်မှုများရယူကြသည်။** ဤပလက်ဖောင်းများသည် ပိုမိုထိရောက်သော နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးနိုင်ရန် အခွင့်အလမ်းတစ်ခု ဖြစ်သည်။ အသိမိတ်ဆွေများသည် နည်းပညာ ဆိုင်ရာအသိပညာအတွက် ရင်းမြစ်ကောင်းတစ်ခု ဖြစ်သော်လည်း တစ်ဦးချင်း ဆက်ဆံရေးများအပေါ် မူတည်နေသောကြောင့် ရယူအသုံးပြုနိုင်မှုမှာ တစ်ဦးနှင့်တစ်ဦး တူညီခြင်း မရှိပါ။ ဆိုရှယ်မီဒီယာ ရင်းမြစ်များမှာမူ ပိုမို လက်လှမ်းမီနိုင်ပြီး မျှတမှုရှိသည်။ အချို့ လျှပ်စစ်အကြောင်း ဖေ့စ်ဘွတ် စာမျက်နှာများတွင် အဖွဲ့ဝင်ဦးရေ ၁၀၀,၀၀၀ ကျော်ရှိသည်။ သို့ရာတွင် ဤစာမျက်နှာများသည် ပစ္စည်းရောင်းချသူများ၏ ပရိုမိုးရှင်းပစ္စည်းများဖြင့် လွှမ်းမိုးခံရနိုင်ပြီး သုံးစွဲသူများ အနေဖြင့် မမှန်ကန်သော ခေတ်မမီသော သတင်းအချက်အလက်များကို ဖယ်ရှား ကြည့်ရှုရန် လိုအပ်သည်။

**ဓါတ်အားသုံးစွဲသူများ အနေဖြင့် ဖြေရှင်းနည်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် သတင်းအချက်အလက်ရှာဖွေရယူခြင်း၊ သင်ယူခြင်းနှင့် မျှဝေခြင်းတို့ ပြုလုပ်နိုင်သည့် ပိုမိုကောင်းမွန်သော ဝန်းကျင်တစ်ခုရှိပါက ပိုမို အထောက်အကူ ဖြစ်နိုင်ပါသည်။** ဓါတ်အား သုံးစွဲသူများသည် ရေတိုကာလအတွက်သာ သိမြင်နားလည်နေကြသဖြင့် ၎င်းတို့၏ အကောင်ထည်ဖော်ဆောင်ရွက် ထားသည့် ဖြေရှင်းနည်းများသည် လက်ရှိလိုအပ်ချက်များကို မဖြည့်နိုင်သည့်အပြင် ရန်ကုန်မြို့၌ ရေရှည်တွင် လျှပ်စစ်ဓာတ်အားရရှိနိုင်မှု ပိုမိုဆိုးရွားလာနိုင်မှုအား ထည့်သွင်းစဥ်းစားထားခြင်း မရှိကြောင်းကို သုတေသနကတွေ့ရှိခဲ့သည်။ အကောင်းဆုံးအနေဖြင့် ဤသုတေသနမှ ဖော်ထုတ်နိုင်သည်မှာ ရန်ကုန်ရှိ ဓါတ်အားသုံးစွဲသူများ၏ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကို ဖြေရှင်းသည့် တီထွင်ဖန်တီးနိုင်စွမ်းနှင့် ထိုနည်းလမ်းများကို အခြား မိမိနည်းတူ လူများအား ကူညီလမ်းညွှန်ပေးလိုသည့် အပြုသဘောဆောင်သည့် စိတ်ဓါတ်များ ရှိခြင်းတို့ပင် ဖြစ်ပါသည်။

## ဖွံ့ဖြိုးရေးမိတ်ဘက်များအတွက် အကြံပြုချက်များ

၁။ **ဓါတ်အားသုံးစွဲသူများကို အသိပညာနှင့်ဗဟုသုတ ပံ့ပိုးရန်** - ဖြစ်နိုင်ခြေများနှင့် ဖြေရှင်းနည်းများကို မည်သို့ အကောင်းဆုံး ရွေးချယ်ပြီး အကောင်ထည်ဖော်ဆောင်ရွက်ရမည်ကို စားသုံးသူများသိရှိရန် သတင်းအချက်အလက်နှင့် အသိပညာပေးအစီစဥ်များကို စီစဥ်ပြုလုပ်ပေးရန်။ ဖေ့စ်ဘွက်ဂရုများနှင့် စုဖွဲ့မှုများကဲ့သို့ လူမှုမီဒီယာများ အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် တိကျပြီး စိတ်ချရသည့် သတင်းအချက်အလက်များကို ဝေမျှပေးနိုင်ရန် အဓိကထားပါ။

၂။ **သတင်းအချက်အလက်မျှဝေခြင်းနှင့် အချင်းချင်း ပံ့ပိုးကူညီမှုကို မြှင့်တင်ရန်** - အထူးသဖြင့် အစားထိုးလျှပ်စစ် စွမ်းအင်အရင်းမြစ်များအတွက် ဝယ်ယူခြင်း၊ အသုံးပြုနည်းနှင့် ထိန်းသိမ်းနည်း စသည့် ဖြေရှင်းနည်းကို အကောင်ထည်ဖော်ဆောင်ရွက်ရန် အိမ်ထောင်စုများနှင့် အသေးစားလုပ်ငန်းများအကြား သတင်းအချက် အလက်မျှဝေခြင်းနှင့် အချင်းအချင်း ပံ့ပိုးကူညီမှုပေးနေသည့် လက်ရှိပလက်ဖောင်းများနှင့် ကွန်ရက်များတွင် ရင်းနှီးမြှုပ်နှံရန်။ ယင်းတို့တွင် ဓာတ်အား ပြတ်တောက်မှုကို ရင်ဆိုင်ကျော်လွှားသည့် အတွေ့အကြုံ၊ လက်တွေ့နည်းလမ်းကောင်းများ နှင့် အကြံဉာဏ်များကို အချင်းချင်း မျှဝေနေကြသည့် အွန်လိုင်း (အင်တာနက်) ရပ်ဝန်းများ နှင့် ဆွေးနွေးပွဲများ ပါဝင်ပါသည်။

၃။ **နည်းပညာ နယ်ပယ်စုံကို ထည့်သွင်းစဉ်းစားထားသည့် ဆန်းသစ်သောဖြေရှင်းနည်းများ ထွက်ပေါ်လာစေရေး အားပေးရန်-** အိမ်ထောင်စု နှင့် အသေးစား စီးပွားရေးလုပ်ငန်းများအပေါ် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၏ ဆိုးကျိုးသက်ရောက်မှုများ နှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်တို့ကို လျှော့ချနိုင်ရေးအတွက် အစုအဖွဲ့ အသီးသီးဖြင့် အတူတကွ လက်တွဲလုပ်ဆောင်ရန်။ အစုအဖွဲ့ အသီးသီး ဆိုရာတွင် မြို့ပြဒီဇိုင်း ကျွမ်းကျင်သူများ၊ ရာသီဥတု ပြောင်းလဲမှုအရေး နှိုးဆော်သူများ၊ လူထုဆက်ဆံရေး

ကျွမ်းကျင်သူများ၊ စွမ်းအင် ပညာရှင်များ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ လူသားဗဟိုပြု ဒီဇိုင်းရေးဆွဲသူများ၊ ဂျဲန်ဒါ(လိင်)ဆိုင်ရာ ကျွမ်းကျင်သူများ နှင့် စီးပွားရေး အကြံပေးများ စသည်တို့ ပါဝင်ပါသည်။

၄။ **ယုံကြည်စိတ်ချရပြီး အသုံးစရိတ်နည်းသော စွမ်းအင်ဖြေရှင်းနည်းများကို ရယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန်** - အိမ်ထောင်စုများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအနေဖြင့် ယုံကြည်စိတ်ချရပြီး အသုံးစရိတ်နည်းသော စွမ်းအင်ဖြေရှင်း နည်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် အသေးစားချေးငွေ သို့မဟုတ် အတိုးနည်းချေးငွေ စသည့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဒေသတွင်းရှိ သက်ဆိုင်သူများနှင့် လက်တွဲဆောင်ရွက်ပြုလုပ်ပေးရန်။ ဈေးနှုန်းသက်သာပြီး အရည်အသွေး ကောင်းမွန်သည့် လျှပ်စစ်ပစ္စည်းများကို တင်သွင်းနိုင်ရန် ကူညီထောက်ပံ့ပေးပြီး ယင်းပစ္စည်းများကို အများပြည်သူ လက်လှမ်းမီ နိုင်မှု ရှိစေရန် (မတူညီသည့် ရပ်ရွာအသီးသီးအတွက် လျှော့ဈေး သို့မဟုတ် ဈေးကွက်ဈေးနှုန်းဖြင့် ရရှိနိုင်ရန်) လုပ်ဆောင်ပေး ရန် ဖြစ်ပါသည်။

၅။ **စွမ်းရည်မြှင့်တင်ရေးနှင့် နည်းပညာသင်တန်းများ ပံ့ပိုးပေးရန်** - ရောင်းချသူ နှင့် သုံးစွဲသူများအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် နည်းပညာသင်တန်းများကို ဒေသတွင်းအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်၍ စီစဥ်ပြုလုပ်ပေးရန်။ ဤသည်မှာ ဈေးကွက် အတွင်း ရရှိနိုင်သော နည်းပညာသစ်များနှင့် ထုတ်ကုန်များအတွက် အလွန်အရေးပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် စွမ်းအင် နည်းပညာများ အသုံးချခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ပညာရပ်နှင့် ကျွမ်းကျင်မှုတို့ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စွမ်းအင်ပြတ် တောက်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အမှီအခိုကင်းစွာဖြင့် လုပ်ဆောင်လာနိုင်မည် ဖြစ်သည်။ ထို့ပြင် ဈေးကွက်တွင်းရှိ ဝန်ဆောင်မှုများ၏ အရည်အသွေးကိုလည်း တစ်စိတ်တစ်ပိုင်း မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။ ထောက်ပံ့မှုပေးရာတွင် သဘာဝ ပတ်ဝန်းကျင်နှင့် ကိုက်ညီပြီး လူများ ရင်းနှီးကျွမ်းဝင်မှုနည်းသော နည်းပညာသစ်များ (ဥပမာ- ဆိုလာနည်းပညာ) အပေါ် အာရုံစိုက်သင့်ပြီး ဘက်ထရီ၊ အင်ဗာတာနှင့် အခြားသော ဖြေရှင်းနည်းများကိုလည်း ထည့်သွင်းသင့်ပါသည်။

၆။ **စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးမှုအစီစဥ်များကို စတင်တည်ထောင်ရန်** - လျှပ်စစ်ဓာတ်အားပြတ် တောက်မှုဒဏ်ခံရသော အသေးစားစီးပွားရေးလုပ်ငန်းများကို ဦးတည်ပံ့ပိုးပေးမည့် အစီအစဥ်များကို ပြုလုပ်ရန်။ ဤတွင် ငွေကြေးအကူအညီ၊ လုပ်ငန်း ဆက်လက်လည်ပတ်ရန် အစီအစဥ်လမ်းညွှန်ချက်၊ အရန်ဓာတ်အား သို့မဟုတ် မျှဝေအသုံးပြုနိုင်သည့် စွမ်းအင်အခြေခံ အဆောက်အဦများကို သုံးစွဲရယူနိုင်ခြင်း စသည့်နည်းလမ်းများ ပါဝင်နိုင်သည်။ စီးပွားရေး လုပ်ငန်းများ ဆက်လက်လည်ပတ် နိုင်ရန်၊ ဆုံးရှုံးမှုများ လျှော့ချနိုင်ရန်နှင့် ဓာတ်အားပြတ်တောက်ခြင်း စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယင်းအစီအစဥ်များ က အကူအညီပေးနိုင် ပါသည်။

၇။ **သုတေသနနှင့် ရှေ့ပြေးပရောဂျက်များ ပြုလုပ်ဆောင်ရွက်ရန်** - ရန်ကုန်ရှိ အိမ်ထောင်စုများနှင့် အသေးစား လုပ်ငန်းများ အတွက် တီထွင်ဖန်တီးမှုရှိပြီး ဒေသ/အခြေအနေနှင့် ကိုက်ညီသည့် နည်းလမ်းများကို ရှာဖွေစူးစမ်းနိုင်ရန် ရှေ့ပြေးသုတေသန ပရောဂျက်များတွင် ရင်းနှီးမြှုပ်နှံပါ။ ၎င်းတို့တွင်

က၊ နည်းပညာအသစ်များကို စမ်းသပ်ရန်

ခ၊ နိုင်ငံခြား ဝန်ဆောင်မှုပေးသူ/ရောင်းချသူများနှင့် လျှပ်စစ်ပစ္စည်း တင်သွင်းဖြန့်ဖြူးပေးနေပြီး လျှပ်စစ်ပြဿနာများကို ဖြေရှင်းပေးနေသော ပြည်တွင်းလုပ်ငန်းများအကြား ဈေးကွက်ချိတ်ဆက်ပေးရန်နှင့် ဘဏ္ဍာရေးပံ့ပိုးမှု စီစဥ်ပေးရန်

ဂ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ထိရောက်ပြီး ရေရှည်တည်တံ့စွာ ဖြေရှင်းနိုင်ရေး ရပ်ရွာက ဦးဆောင်သည့် အစပြု လုပ်ဆောင်မှုများ၊ လုပ်ငန်း ပုံစံများနှင့် နည်းပညာအသစ်များအား စမ်းသပ်ခြင်းတွင် ကူညီရန် တို့ ပါဝင်နိုင်ပါသည်။

# နောက်ဆက်တွဲ

## ၁။ ဖြေရှင်းနည်း မူဘောင်ဆိုင်ရာ ဆွေးနွေးချက်နှင့် သာဓကများ

### အလေ့အကျင့် ပြောင်းလဲခြင်း (Coping Behaviours)

အလေ့အကျင့် ပြောင်းလဲခြင်း (coping behaviours) ဆိုသည်မှာ အိမ်ထောင်စုနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ ပုံမှန်ဆောင်ရွက်နေကျ အမူအကျင့်/ အလေ့အကျင့် ပြောင်းလဲခြင်းတို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဥပမာ- လေဝင်လေထွက် ကောင်းစေရန် အိမ်ပြတင်းပေါက်ဖွင့်ခြင်း၊ ဓါတ်လှေကား အစား ရိုးရိုးလှေကားကို အသုံးပြုခြင်း၊ ယပ်တောင်အသုံးပြုခြင်း၊ အမှောင်ထဲတွင် ထိုင်နေခြင်း၊ ရေခဲသေတ္တာများ၏ အအေးဓာတ်ကို ထိန်းသိမ်းနိုင်ရန် မဖွင့်ဘဲထားခြင်း ကဲ့သို့သော အလေ့အကျင့်များ ဖြစ်ပါသည်။ အဝတ်လျှော်ခြင်း၊ ထမင်း/ဟင်း ချက်ခြင်း၊ ရေတင်ခြင်း ကဲ့သို့ လျှပ်စစ်ဓာတ်အား တောင်းဆိုမှုမြင့်မားသည့် အလုပ်များအတွက် လျှပ်စစ်မီး ရရှိနိုင်သည့် အချိန်နာရီအတွင်း လုပ်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင် ထားရပါသည်။

လျှပ်စစ်မီး ပြတ်တောက်နေသည့် အချိန်တွင် အချို့သော လုပ်ငန်းများကို အိမ်ပြင်ပသို့ထွက်၍ လုပ်ဆောင် ရပါသည်။ ဥပမာ- စားသောက်ဆိုင် တစ်ခုခုတွင် သွားရောက်စားသောက်ခြင်း၊ အလုပ်များ လုပ်နိုင်ရန် လျှပ်စစ်မီးရှိသည့် ကော်ဖီဆိုင်များသို့ သွားခြင်း၊ ဟိုတယ်တွင် သွားရောက်တည်းခိုခြင်း၊ ဈေးဝယ်စင်တာကဲ့သို့ အများပြည်သူ နေရာများကို အသုံးချခြင်း၊ အသိမိတ်ဆွေနှင့် ဆွေမျိုးသားချင်းအိမ်သို့ သွားရောက်လည်ပတ်ခြင်းတို့ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများအတွက်မူ ယင်းကဲ့သို့နေရာရွှေ့ပြောင်း လုပ်ဆောင်ရန် ခက်ခဲသောကြောင့် အိမ်ထောင်စုများကဲ့သို့ အလေ့အကျင့် ပြောင်းလဲခြင်းနည်းလမ်းကို အပြည့်အဝ အသုံးချနိုင်ခြင်း မရှိပါ။ လျှပ်စစ်မီး ပြတ်တောက်မှု အဆိုးရွားဆုံး ကာလဖြစ်သည့် ဧပြီလတွင် အချို့ဆိုင်များက လျှပ်စစ်ပစ္စည်းများအားသွင်းရန် နေရာများ ဖန်တီးပေးထားခြင်းနှင့် အချို့လူများက လျှပ်စစ်မီးလှူဒါန်းခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ လျှပ်စစ်မီး ဆက်လက်ရရှိနေသူ သို့မဟုတ် အခြားသော လျှပ်စစ်အရင်းအမြစ်ရှိသူတို့က ယင်းကဲ့သို့ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။

မိသားစုနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ နောက်ထပ်အလေ့အကျင့် ပြောင်းလဲခြင်း နည်းလမ်းမှာ လျှပ်စစ်လိုအပ်ချက်ကို အခြားသောနည်းဖြင့် အစားထိုးခြင်း ဖြစ်သည်။ လျှပ်စစ်ဓာတ်အား မရရှိသည့် အချိန်အတွင်း ချက်ပြုတ်ရန် ဓာတ်ငွေ့ (ဂတ်စ်) နှင့် မီးသွေး (အသုံးနည်း) ကို အသုံးပြုသည်။ အလင်းရောင်အတွက် ဖယောင်းတိုင်ကို အစားထိုး အသုံးပြုသည်ဟုလည်း အချို့က ဆိုသည်။ ယခုသုတေသနအတွက် အင်တာဗျူး ဖြေဆိုမှုတွင်မူ အထက်ပါနည်းလမ်းများအား မီးဘေးအန္တရာယ် စိုးရိမ်မှုကြောင့် အသုံးများခြင်း မရှိသည်ကို တွေ့ရသည်။

အလေ့အကျင့် ပြောင်းလဲရာတွင် စိန်ခေါ်ချက်များ ရှိပါသည်။ ပထမဆုံးသော အချက်မှာ လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကဆိုင်ရာ စွမ်းအင်လိုအပ်ချက်ကို အစားထိုး မရနိုင်ခြင်း ဖြစ်သည်။ တုံ့ပြန် အလေ့အကျင့်များလည်း လိုအပ်နိုင်ပြီး ယင်းမှာ တရက်တာလုံး အနှောင့်အယှက် ဖြစ်နေမည် ဖြစ်ကာ အချိန် သို့မဟုတ် ငွေကြေး အခက်အခဲ ရှိသူများအတွက်မူ ယင်းသို့ အလေ့အကျင့် ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ အလေ့အကျင့် ပြောင်းလဲမှုဖြင့် ဓာတ်အားပြတ်တောက်ခြင်း သက်ရောက်မှုများကို လျှော့ချနိုင်သော်လည်း ပြောင်းလဲခြင်းကြောင့် စိန်ခေါ်မှုများ အသစ်များ ထွက်ပေါ်လာပါသည်။ လျှပ်စစ်ဓာတ်အား ရရှိချိန် အတောအတွင်း ဓာတ်အား သုံးစွဲမှုများသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရပါသည်။ ယင်းကြောင့် ပုံမှန်အချိန်ထက် စောစော အိပ်ရာထရပြီး အိပ်စက်ခြင်းအပေါ် ထိခိုက်မှုများ ဖြစ်စေပါသည်။ လျှပ်စစ်မပါသည့် ဖြေရှင်းနည်းများ ပြုလုပ်ပါက လျှပ်စစ်ဓာတ်အား ပြတ်တောက်နေသည့် အချိန်တွင်လည်း လျှပ်စစ်ပစ္စည်းများကို အသုံးပြုခြင်းအား လုံးဝ လျှော့ချထားရပါသည်။

အိမ်တွင် အလုပ် သို့မဟုတ် ပညာရေးအတွက် အလေ့အကျင့် ပြောင်းလဲခြင်း သာဓကများမှာ - လုပ်ဖော်ကိုင်ဖက် နှင့် အထက်လူကြီးများဖြင့် ညှိနှိုင်းပြီး အလုပ်ပြီးရမည့် ရက်သတ်မှတ်ချက် (deadline) များကို ရွှေ့ဆိုင်းရခြင်း၊ စာသင်ချိန် နှင့် အစည်းအဝေးများကို ကျောင်းသားများဖြင့် ညှိနှိုင်းပြီး ရွှေ့ဆိုင်းရခြင်း၊ ကိုယ်ပိုင် လျှပ်စစ်ပစ္စည်းများကို ပြောင်းလဲအသုံးပြုရခြင်း၊ တခါတရံတွင် ဖုံးဒေတာ/ မိုဘိုင်းဒေတာ များကို အသုံးပြုရခြင်းတို့ ပါဝင်ပါသည်။ မိုဘိုင်း လျှပ်စစ်ပစ္စည်းများကို အသုံးပြုရခြင်းက အထူးသဖြင့် အတန်းချိန် ပြောင်းလဲတက်ရသည့် ကလေးများ၏ မျက်လုံးအပေါ် ထိခိုက်မှု ရှိနိုင်ပါသည်။

## လိုက်လျောညီထွေ ပြောင်းလဲခြင်း (Adaptations)

လိုက်လျောညီထွေ ပြောင်းလဲခြင်းပုံစံတွင် လျှပ်စစ်မီး ပြတ်တောက်ချိန်၌ ပြန်လည် အားသွင်းနိုင်သည့် ဘက်ထရီများကို အသုံးပြုသော နည်းလမ်းများ ပါဝင်ပါသည်။ ၎င်းတို့တွင် ပြန်လည် အားသွင်း အသုံးပြုနိုင်သည့် လျှပ်စစ်စနစ်များ (UPS, ပါဝါစတေရှင် နှင့် ပါဝါဘဏ်များ) မှ အကြီးစား လျှပ်စစ်စနစ်များ (အင်ဗာတာ နှင့် ဘက်ထရီ အားသွင်းစနစ်များ) အထိ ပါဝင်ပါသည်။ အချိန်အပိုင်းအခြားဖြင့် လျှပ်စစ်ဓာတ်အား ရရှိပြီး ဘက်ထရီ အားပြန်သွင်းနိုင်သဖြင့် လိုက်လျောညီထွေ ပြောင်းလဲခြင်းပုံစံကို ရန်ကုန်မြို့ရှိ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများက တွင်တွင်ကျယ်ကျယ် အသုံးပြုကြပါသည်။ သို့သော်လည်း အလိုအလျောက် အားသွင်းနိုင်ခြင်းမရှိသည့် ပစ္စည်းများကို အသုံးပြုသူများ အနေဖြင့် မီးလာသည့် အချိန်၌ ၎င်းတို့၏ လျှပ်စစ်ပစ္စည်းအနားတွင် မရှိပါက အားသွင်းနိုင်ခြင်း ရှိမည်မဟုတ်ပါ။ လုံခြုံရေးအရ ကြည့်ပါကလည်း ဘက်ထရီများကို အချိန်ကြာမြင့်စွာ အားသွင်းရန် မသင့်တော်ပါ။ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မကြာခဏဖြစ်ခြင်း၊ ဓာတ်အား အတက်အကျ မတည်ငြိမ်ခြင်း တို့ကလည်း လျှပ်စစ်ပစ္စည်းများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို စိုးရိမ်စရာ ဖြစ်စေစေပါသည်။

အလင်းရောင်နှင့် လေအေးပေးစက်ကဲ့သို့ အအေးဓါတ်အတွက်သုံးသည့် ပစ္စည်းများတွင် ဘက်ထရီကို အားပြန်လည်သွင်းနိုင်သော ပစ္စည်းအမျိုးအစားများ ရှိပါသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်တွင် ယင်းပစ္စည်းများကို ပိုမို အသုံးပြုလာကြပါသည်။ အအေးဓာတ် ရရှိရန် သုံးသည့် ပစ္စည်းများကိုမူ အထူးသဖြင့် လှုပ်ရှားမှုများများ မလုပ်နိုင်သော သက်ကြီးရွယ်အိုများ ညဘက်တွင် သက်တောင့်သက်သာ အိပ်စက်နိုင်ရေး အထောက်အကူ ဖြစ်စေရန် အသုံးပြုကြပါသည်။ အားသွင်းမီးများကို အိမ်ထောင်စုများနှင့် အသေးစား စီးပွားရေး လုပ်ငန်းများတွင် အသုံးပြုကြပါသည်။ အားသွင်းမီးတွင် အမျိုးအစား နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ ပလပ်ပေါက်တွင် အားပြန်သွင်းကာ အသုံးပြုနိုင်သော မီးသီးများ ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ အလိုအလျောက် အားပြန်သွင်းနိုင်သည့် စနစ်မျိုး ပါဝင်သည့် မီးသီးဖြစ်သည်။ အမျိုးအစား နှစ်မျိုးလုံးကို လူသုံးများကြပြီး ရပ်ကွက်တိုင်းရှိ ဆိုင်များတွင် လည်းကောင်း၊ လိုက်လံရောင်းချသည့် ဈေးသည်များထံတွင် လည်းကောင်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ပါဝါဘဏ်များ နှင့် ပါဝါစတေရှင်တို့ကိုမူ ဈေးနှုန်းသက်သာခြင်းနှင့် တပ်ဆင်ရလွယ်ကူခြင်းကြောင့် အသုံးများကြပြီး ဝိုင်ဖိုင်စက်များအတွက် အသုံးပြုရန် လည်းကောင်း တကိုယ်ရေ လျှပ်စစ်ပစ္စည်းများကို အားသွင်းရန် လည်းကောင်း အသုံးပြုကြပါသည်။ ပါဝါစတေရှင်များကို အသုံးချမှု အနည်းငယ် နည်းပါးသေးပြီး ၎င်း၏ အားသာချက်မှာ ၎င်းတွင် ပါဝင်သည့် လျှပ်စစ်ပလပ်ပေါက်ကို အသုံးပြုပြီး အားသွင်းနိုင်ခြင်း ဖြစ်သည်။ ပါဝါဘဏ်များကို အသုံးများသလို လျှပ်စစ်ပြတ်တောက်ချိန်တွင် Wifi စက်များကို တဆက်တည်း အားပေးထားနိုင်သည့် UPS စနစ်များကို အသုံးပြုကြပြီး ၎င်းသည်လည်း တပ်ဆင်ရ လွယ်ကူသလို ဈေးနှုန်းလည်း သက်သာပါသည်။

အိမ်ထောင်စုများ အသုံးပြုများသည့် လိုက်လျောညီထွေ ပြောင်းလဲခြင်း နည်းလမ်းမှာ အင်ဗာတာနှင့် ဘက်ထရီတို့ကို တပ်ဆင်ခြင်း ဖြစ်သည်။ အင်ဗာတာ ဆိုသည်မှာ direct current (DC) လျှပ်စစ် ထုတ်ပေးသည့် ဘက်ထရီများ နှင့် alternating current (AC) လျှပ်စစ်ထုတ်ပေးသည့် လျှပ်စစ်ဓာတ်အားလိုင်း တို့အကြား ကြားခံအနေဖြင့် ဆောင်ရွက်ပေးသည့် လျှပ်စစ်စက်ပစ္စည်း ဖြစ်ပါသည်။ ရေခဲသေတ္တာ အကြီးစားများကို အသုံးပြုရပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပမာဏ ကြီးမားသည့် စားသောက်ဆိုင်ကဲ့သို့ လုပ်ငန်းများ အတွက်မူ ဓာတ်အားလိုအပ်ချက် ကိုက်ညီမှု မရှိခြင်းကြောင့် အင်ဗာတာနှင့် ဘက်ထရီ အသုံးပြုသော နည်းလမ်းကို အသုံးပြုနိုင်ခြင်း မရှိပါ။ ကွန်ပြူတာကဲ့သို့ လျှပ်စစ်ပစ္စည်းမျိုးကိုသာ အသုံးပြုရန် လိုအပ်သည့် လုပ်ငန်းများတွင်မူ အင်ဗာတာနှင့် ဘက်ထရီတို့ကို ထိရောက်စွာ အသုံးပြုပါသည်။ များသောအားဖြင့် အလင်းရောင် ရရှိရန် နှင့် ဝိုင်ဖိုင်စက်၊ တီဗီ၊ ပန်ကာ၊ လုပ်ငန်းသုံးကွန်ပြူတာ တို့ကို အသုံးပြုရန် အတွက်သာ အင်ဗာတာနှင့် ဘက်ထရီ တို့ကို တပ်ဆင်ကြပါသည်။

ဘက်ထရီနှင့် အင်ဗာတာတို့၏ စွမ်းဆောင်ရည် အတိုင်းအတာ အပေါ်မူတည်ကာ အသုံးပြုနိုင်သည့် လျှပ်စစ်ပစ္စည်း အရေအတွက်နှင့် အသုံးပြုနိုင်ချိန် ကွာခြားမှု ရှိနိုင်ပြီး အိမ်ထောင်စုနှင့် လုပ်ငန်းငယ်များ အနေဖြင့် အဓိကလိုအပ်သော လျှပ်စစ်ပစ္စည်းများကိုသာ ဦးစားပေး အသုံးပြုနိုင်မည် ဖြစ်သည်။ အခြားသော လျှပ်စစ် အရင်းအမြစ်များနှင့် နှိုင်းယှဉ်ပါက အင်ဗာတာနှင့် ဘက်ထရီ တို့ကို တပ်ဆင်အသုံးပြုရသည်မှာ စရိတ်သက်သာကောင်း သက်သာနိုင်ပါသည်။ သို့သော်လည်း ပန်ကာနှင့် လျှပ်စစ်မီးသီး တို့ကဲ့သို့ မိမိ အသုံးပြုလိုသော လျှပ်စစ်ပစ္စည်းကိုသာ ဓာတ်အားပေးရန်အတွက် ဝါယာကြိုးများကို ပြန်လည် သွယ်တန်းရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ ပင်မ လျှပ်စစ်လိုင်းမှ ရရှိသော ဓါတ်အားနှင့် ဘက်ထရီမှ ရရှိသော လျှပ်စစ်ဓာတ်အားတို့ကို အလိုအလျောက် ပြောင်းလဲပေး

သည့် အင်ဗာတာ အမျိုးအစားတို့မှာ အသုံးပြု ရန်ပိုမိုလွယ်ကူပြီး သက်တောင့်သက်သာ ရှိပါသည်။ သို့သော်လည်း ၎င်းတို့မှာ ဈေးနှုန်းပိုမို ကြီးမြင့်ပါသည်။ လျှပ်စစ်မီးပျက်ပါက မီးလိုင်းလျှပ်စစ်မီးလိုင်းကို မိမိကိုယ်တိုင် ပြောင်းလဲရသည့် အင်ဗာတာမျိုးမှာမူ ဈေးနှုန်းသက်သာပါသည်။

## ပုံ ၁၂ - အားသွင်းမီးချောင်း လှည့်လည်ရောင်းချသူ




*ရင်းမြစ် - အင်တာနက်ပေါ်မှ ဖြန့်ဝေမှုများ*

### စာစု ၅ - ဘက်ထရီအကြောင်း မှတ်စု

လိုက်လျောညီထွေ ပြောင်းလဲခြင်း နည်းလမ်းတွင် အဓိကမဖြစ်မနေပါဝင်သည့် အစိတ်အပိုင်းမှာ ဘက်ထရီများ ဖြစ်ပြီး ဆိုလာလျှပ်စစ်စနစ် အသုံးပြုသည့် နည်းလမ်းစနစ်တွင်လည်း အသုံးပြုပါသည် (၎င်းကိုနောက်တွင် ဆက်လက်ရှင်းပြထားသည်)။ လျှပ်စစ်ဓာတ်အား မလုံလောက်မှု ဖြေရှင်းသည့်နည်းလမ်းများတွင် ပြဿနာအများဆုံးကြုံတွေ့ရသော အစိတ်အပိုင်းမှာ ဘက်ထရီများ ဖြစ်သည်။ အသုံးပြုသူများသည် ဘက်ထရီများကို ပြုပြင်ရန်နှင့် ပုံမှန်ထိန်းသိမ်းမှု ဆောင်ရွက်ရန်အတွက် ရောင်းချသူထံသို့ ပြန်လာရလေ့ရှိပါသည်။

အင်ဗာတာနှင့် ဆိုလာစနစ်များအတွက် အသုံးအများဆုံး ဘက်ထရီအမျိုးအစားများ -

- **Lead-Acid ဘက်ထရီ** - Lead Acid အသုံးပြု ဘက်ထရီ အထူးသဖြင့် အကြိမ်ရေများစွာ အားသွင်းအသုံးပြုနိုင်သည့် (deep-cycle) ဘက်ထရီများကို အိမ်သုံး အင်ဗာတာနှင့် ဆိုလာစနစ်များတွင် အသုံးများကြ ပါသည်။ ၎င်းတို့မှာ ဈေးနှုန်းအနည်းငယ် သက်သာပြီး ဝယ်ယူရ လွယ်ကူကာ ဆိုလာစနစ်တွင် အသုံးပြုရန် သင့်တော်ပါသည်။ Lead-acid ဘက်ထရီတွင် အချိန်မှန် ထိန်းသိမ်းရန် (အက်ဆစ်ရည် အနည်းအများ စစ်ခြင်း နှင့် မိုးရဖြည့်ခြင်း ) လိုအပ်သည့် flooded lead-acid ဘက်ထရီနှင့် ထိန်းသိမ်းရန် လိုအပ်ခြင်းမရှိသော အသေပိတ်ထားသည့် (VRLA) lead-acid ဘက်ထရီဟူ၍ အဓိက အမျိုးအစား ၂ မျိုး ရှိပါသည်။
- **LiFePO4 ဘက်ထရီများ (Lithium Iron Phosphate – LiFEPO4) -** LiFEPO4 ဘက်ထရီများမှာ လစ်သီယမ် ဘက်ထရီအမျိုးအစားတစ်မျိုးဖြစ်ပြီး အိမ်သုံးဆိုလာစနစ်နှင့် အင်ဗာတာများဖြင့် အသုံးပြုလာကြပါသည်။ ၎င်းတို့သည် ဘက်ထရီသက်တမ်း ကြာရှည်ခံမှု၊ လုံခြုံစိတ်ချရမှု နှင့် အပူချိန်တည်ငြိမ်မှု တို့တွင် နာမည်ကြီးပါသည်။ LiFEPO4 ဘက်ထရီများမှာ ကနဦးကုန်ကျစရိတ် များသော်လည်း ရေရှည်အသုံးပြုနိုင်ပြီး ထိန်းသိမ်းရန်လည်း များစွာလိုအပ်ခြင်း မရှိပါ။

## အခြား စွမ်းအင် အရင်းအမြစ် အသုံးပြုခြင်း

အခြားစွမ်းအင် ရင်းမြစ် အသုံးပြုခြင်း နည်းလမ်းများတွင် ပင်မလျှပ်စစ် ဓာတ်အားလိုင်းမှ မဟုတ်သော လျှပ်စစ်စွမ်းအင် နှင့် ဘက်ထရီကို အသုံးပြုခြင်း မရှိသည့် စွမ်းအင်များ ပါဝင်ပါသည်။ ယင်းတို့တွင် ဆိုလာစနစ်များ၊ ဓါတ်ဆီ/ဒီဇယ် ဖြင့်မောင်းနှင် သည့် မီးစက်တို့ ပါဝင်ပါသည်။ ရန်ကုန်မြို့တွင် အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ၌ ဓါတ်ဆီ နှင့် ဒီဇယ် မီးစက်များကို အရန်လျှပ်စစ်ဓာတ်အားပေးသည့် နည်းလမ်းများအဖြစ် ယခင်ကတည်းကပင် အသုံးပြုခဲ့ကြပြီး ယခုတွင်လည်း အရေးပါသော အရန်ဓာတ်အားပေးစနစ်အဖြစ် အသုံးပြုနေကြဆဲ ဖြစ်ပါသည်။ အချက်အလက်များ အရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတွင်းရှိ ကုမ္ပဏီ ၉၁ ရာခိုင်နှုန်းက ဒီဇယ်မီးစက်များကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပြဿနာကို ဖြေရှင်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။[၂၄] မီးစက်များက အိမ်သုံးနှင့် လုပ်ငန်းသုံး လိုအပ်ချက်အတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ပံ့ပိုးနိုင်ပါသည်။ နေရာငှားရမ်းထားရသည့် အိမ်ထောင်စု နှင့် လုပ်ငန်းငယ်များ အတွက်မူ မီးစက်အသေးစား (၁ ကီလိုဝပ် မှ ၁၀ ကီလိုဝပ် အကြား) တို့မှာ နေရာများစွာ မယူသည့်အတွက် အသုံးပြုရ အဆင်ပြေ ပါသည်။ ၎င်းမီးစက်များသည် မီးထွန်းရန်၊ ရေခဲသေတ္တာနှင့် ပန်ကာများ အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အား ပံ့ပိုးပေးနိုင်ပါသည်။ အသေးစား မီးစက်များကို မိသားစုများ သို့မဟုတ် စီးပွားရေးလုပ်ငန်းငယ်များအကြား မျှဝေသုံးစွဲကြသည်ကိုလည်း တွေ့ရတတ်ပါသည်။ လေအေးပေးစက်များ သို့မဟုတ် လုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများကို အသုံးပြုရန်အတွက်မူ ၅၀ ကီလိုဝပ် အထိ ရှိသော မီးစက်များကို အသုံးပြု ကြရပါသည်။ အသုံးပြုသူများသည် ယခင်မီးစက်များတွင် တွေ့ရသည့် ကြိုးကိုဆွဲ၍ နှိုးရသည့်စနစ်ထက် ခလုတ် အဖွင့်/အပိတ်ဖြင့် မီးစက်ကို နှိုးနိုင်သည်ကို ပိုမို သဘောကျ ကြပါသည်။ ကွန်ဒို အဆောက်အအုံနှင့် လူအများ အသုံးပြုသည့် အဆောက်အအုံကြီးများတွင်မူ မီးစက်အကြီးစား (၅၀ ကီလိုဝပ် အထက်) တို့ကို အသုံးပြုကြပြီး အဆောက်အဦ၏ ရေစက်များ နှင့် ဓါတ်လှေကားများ အတွက် အသုံးပြုကြပါသည်။

> *“ကျွန်တော်ရဲ့ မီးစက်ကို ဝယ်တဲ့သူအများစုက စီးပွားရေး လုပ်ငန်းရှင်တွေပါ။ စားသောက်ဆိုင်၊ ဘားနဲ့ ရေသန့် စက်ရုံ လုပ်ငန်းရှင် အများစု ဖြစ်ကြပါတယ်။ သာမန် အိမ်ထောင်စုတွေကတော့ သိပ်ပြီး မရှိကြပါဘူး။”*
> **- မီးစက် ရောင်းချသူ**

### စာစု ၆ - အများသုံး မီးစက်များ၏ ကုန်ကျစရိတ်ကို တွက်ချက်ခြင်း

အများသုံးမီးစက်ရှိသည့် အဆောက်အအုံများကို ငှားရမ်းရန်နှင့်ဝယ်ယူရန် ဈေးနှုန်းပိုမိုမြင့်မားပြီး လစဉ် စီမံရေး ကုန်ကျစရိတ် (ထိန်းသိမ်းရေး ကုန်ကျစရိတ်) ရှိပါသည်။ ၎င်းအဆောက်အအုံများတွင် မီးစက်အတွက် ကုန်ကျစရိတ်ကို မီတာယူနစ်ဖြင့် တိုင်းတာထားပြီး နည်းလမ်း ၂ မျိုးဖြင့် တွက်ချက်ပါသည်။ ပထမတစ်မျိုးမှာ မီးစက် ကုန်ကျစရိတ်နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ဌာန၏ မီတာခ တို့ကို ပေါင်းစပ်ပြီး ပျမ်းမျှကောက်ခံခြင်း ဖြစ်ပါသည်။ ဒုတိယတစ်မျိုးမှာ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးဌာန မီတာခ အပြင် မီးစက်မောင်းပါက အခန်းတစ်ခန်းချင်းစီ၏ အသုံးပြုမှုအလိုက် ကုန်ကျမှုတို့ကို ကောက်ခံသည့် ပုံစံ ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကို ဖြေရှင်းရာတွင် မီးစက်များကို ယခင်ကတည်းပင် အသုံးပြုခဲ့ကြပါသည်။ သို့သော်လည်း မီးစက်များကို အသုံးပြုရာတွင် ညအချိန်၌ အိမ်နီးချင်းများကို အနှောင့်အယှက် ဖြစ်စေခြင်းသည် ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲများ ဖြစ်ပါသည်။ လူနေရပ်ကွက်များတွင် လုပ်ငန်းလည်ပတ်သည့် စီးပွားရေးလုပ်ငန်းငယ်များ နှင့် အိမ်ထောင်စုများမှာ မီးစက်ဆူညံသံ ကိစ္စနှင့် စပ်လျဉ်းပြီး အမြဲပင် တိုင်ကြားခံရပါသည်။ ဒုတိယ စိန်ခေါ်ချက်မှာ မီးစက်များ အပူလွန်ကဲခြင်း ဖြစ်ပါသည်။ အချိန်ကြာကြာ အသုံးပြုရပါက အထူးသဖြင့် မီးစက်အဟောင်းများမှာ အပူလွန်ကဲပြီး စွမ်းဆောင်ရည် ကျဆင်းတတ်သလို ရံဖန်ရံခါတွင် ရပ်တန့်တတ်ပါသည်။ မီးစက်ငယ်များကို နေရောင်မှ ကာကွယ်ရန်ကတ်ထူပြားများကို အသုံးပြုကြပြီး မီးစက်အကြီးများတွင်မူ ပြင်ပ ကိုယ်ထည် ပါရှိပြီး လေရရှိရန်အတွက် ရံဖန်ရံခါ ယင်းကို ဖွင့်ထားရပါသည်။ သို့သော်လည်း ကိုယ်ထည် နံရံများကို ဖွင့်ထားချိန်တွင် ဆူညံသံများ ပိုမို ထွက်ပေါ်သည့်အတွက် မီးစက် အပူချိန်ကို လျှော့ချရန် အခက်အခဲများ ကြုံတွေ့ရတတ်ပါသည်။ မီးစက်များကို မောင်းရန် ဒီဇယ် သို့မဟုတ် ဓါတ်ဆီကို အသုံးပြုရပြီး ဓါတ်ဆီ/ဒီဇယ် ဈေးမြင့်ချိန်တွင် အသုံးပြုသူများအတွက် ကုန်ကျစရိတ်များပါသည်။ သို့သော်လည်း မည်သည့်အချိန်တွင် မီးစက်မောင်းမည်၊ အချိန်မည်မျှကြာအောင် မောင်းမည်တို့ကို သေချာစွာ စီမံခန့်ခွဲနိုင်ပါက ၎င်းအတွက် နေ့စဉ် ကုန်ကျစရိတ်ကို ထိန်းချုပ်နိုင်မည် ဖြစ်သည်။

### ပုံ ၁၃ - အခြားစွမ်းအင် အရင်းအမြစ် မီးစက် အသုံးပြုခြင်း (ရန်ကုန်)



*ရင်းမြစ် - လမ်းလျှောက်မှတ်တမ်းတင်ခြင်း*

## ပုံ ၁၄ - အခြားစွမ်းအင် အရင်းအမြစ် မီးစက် အသုံးပြုခြင်း (ရန်ကုန်)






*ရင်းမြစ် - အင်တာနက်ပေါ်မှ ဖြန့်ဝေမှုများ*

ဆိုလာစွမ်းအင်စနစ် မှာလည်း ရန်ကုန်မြို့တွင် အသုံးပြုသူများ၏ စိတ်ဝင်စားမှုကို ပိုမို ရရှိလာပါသည်။ ဆိုလာစွမ်းအင် စနစ်သည် လျှပ်စစ်ဓာတ်အားလိုင်းကို မှီခိုရခြင်းမရှိဘဲ နေရောင်ခြည်မှတဆင့် အားသွင်းနိုင်ပါသည်။ ဆိုလာစနစ်တွင် ဆိုလာပြားများ၊ ဘက်ထရီနှင့် အင်ဗာတာ များကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်မှတဆင့် ဖြည့်တင်းနိုင်ကာ အိမ်သုံးနှင့် လုပ်ငန်းငယ်များ၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်ပါသည်။ နှစ်မျိုးသုံး အင်ဗာတာနှင့် ဘက်ထရီစနစ်များကို အသုံးပြုပါက ပင်မလျှပ်စစ် ဓာတ်အားလိုင်းနှင့် နေရောင်ခြည် နှစ်မျိုးလုံးမှတဆင့် လျှပ်စစ်ဓာတ်အား ဖြည့်တင်းနိုင်မည် ဖြစ်သည်။ ပုံမှန်အားဖြင့် ခြံနှင့်မြေကွက်လပ်ရှိသော အိမ်များတွင် ဆိုလာစနစ်ကို အသုံးပြုရ ပိုမို အဆင်ပြေပါသည်။ သို့သော်လည်း ရန်ကုန်ရှိ တိုက်ခန်းများတွင် ဝရံတာ၊ နံရံနှင့် ခေါင်မိုးတို့တွင် ဆိုလာပြားများကို တပ်ဆင်ခြင်းဖြင့် အိမ်သုံးလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ပါသည်။

## ပုံ ၁၅ - ဆိုလာစွမ်းအင် အရင်းအမြစ် အသုံးပြုခြင်း (ရန်ကုန်)






*ရင်းမြစ် - လမ်းလျှောက်မှတ်တမ်းတင်ခြင်းနှင့် အင်တာနက်ပေါ်မှ ဖြန့်ဝေမှုများ*

ဆိုလာပြားများကို ၎င်းတို့ လျှပ်စစ် ထုတ်လုပ်နိုင်မှုပမာဏနှင့် အရွယ်အစားအလိုက် အမျိုးမျိုး ဝယ်ယူနိုင်ပြီး လိုအပ်ချက်အပေါ် မူတည်ပြီး ဓာတ်အားပမာဏ ပိုမိုရရှိရန် ထပ်တိုးအသုံးပြုနိုင်ပါသည်။ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားသော လုပ်ငန်းများအတွက်မူ ဆိုလာ ဓာတ်အားပေးစနစ်ကို အသုံးပြုရန် အကန့်အသတ် ရှိပါသည်။  ဆိုလာစနစ်ကို အသုံးပြုရာတွင် အကျိုးကျေးဇူးများစွာရှိပြီး ကနဦး ကုန်ကျစရိတ် မြင့်မားသော်လည်း ရေရှည်တွင်မူ နေ့စဉ်လောင်စာဆီ ကုန်ကျစရိတ်၊ ထိန်းသိမ်းစရိတ် နှင့် ဘက်ထရီလဲလှယ် အသုံးပြုရမှု ကုန်ကျစရိတ်တို့ သိသိသာသာ သက်သာမည် ဖြစ်သည်။ ထို့ပြင် ဆိုလာစနစ်သည် သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်ပြီး ဆူညံသံသက်သာခြင်းနှင့် ဘက်စုံသုံးအင်ဗာတာများဖြင့် တွဲဆက်အသုံးပြုပါက ပင်မဓာတ်အားဖြင့် ပေါင်းစပ်အသုံးပြုနိုင်ခြင်း ကဲ့သို့ အကျိုးကျေးဇူး များစွာ ရှိပါသည်။ ဆိုလာနှင့် ပတ်သက်ပြီး ပညာရပ်ဆိုင်ရာ သိရှိမှု အားနည်းခြင်း အထူးသဖြင့် ဆိုလာစနစ် အသုံးပြုရန် မြေလွတ်/ သို့မဟုတ် လုံးချင်းအိမ် လိုအပ်သည် ဆိုသော အယူအဆများ ရှိသောကြောင့် ဆိုလာစနစ်ကို အိမ်များတွင် များစွာ အသုံးပြုကြခြင်း မရှိသေးပါ။ ဆိုလာစနစ် အသုံးပြုရာတွင် နေရောင်ခြည်ကို ထိတွေ့သည့် နေရာ လိုအပ်ခြင်းကြောင့် တိုက်ခန်းနေသူများ အသုံးပြုရန် အကန့်အသတ် ရှိသော်လည်း ရန်ကုန်မြို့ရှိ လူနေထူထပ်ရာ ရပ်ကွက်မှ အိမ်ထောင်စု အချို့သည် တီထွင်ဆန်းသစ်သော နည်းလမ်းများဖြင့် ဆိုလာစနစ်ကို အသုံးပြုနေလျက် ရှိကြပါသည်။



## ၂။ နောက်ထပ် ဖြစ်ရပ်လေ့လာမှုများ



ဟိုင်း ကျမ သူသူအောင်ပါ။

**သူသူအောင်[၂၄] သည် ပြည်ပမှတင်သွင်းသောအလှကုန်များကိုအွန်လိုင်းမှဈေးရောင်းသည့်လုပ်ငန်းကို လုပ်ကိုင်သည်။ လုပ်ငန်းကို နေအိမ်တွင်လုပ်သည်။ သူမ၏မီးစက်ပျက်သွားပြီးနောက် လိုက်လျောညီနည်းနာနှင့် အခြားစွမ်းအင်ရင်းမြစ်နည်းလမ်းများကို အတူတူရောသုံးနေခဲ့သည်။ ထိုသို့ရောသုံးသည့်ဖြေရှင်းချက်ဖြင့် မီးပျက်သည့် အကျိုးဆက်များကို ဖယ်ရှားနိုင်ခဲ့ပြီး အိမ်နှင့်လုပ်ငန်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခဲ့သည်။ အခုဆိုလျှင် သူမသည် ဖောက်သည်များနှင့် စဉ်ဆက်မပြတ်ဆက်သွယ်နိုင်ပြီး သူမ၏ တူလေးအွန်လိုင်းမှ ပညာသင်နေသည်ကိုလည်း ပံ့ပိုးနိုင်ပြီဖြစ်သည်။ သို့ပေမယ့် ရေရှည်လုံခြုံရေးအတွက်မူ အခြားဖြေရှင်းမှုနည်းလမ်းများလိုအပ်နေသေးသည်ဟု သူမခံစားမိသည်။**

သူသူအောင်သည် မိသားစုဝင် ၈ ဦးရှိသည့် အိမ်ထောင်စုတွင် နေထိုင်သည့် အသက် ၃၇ နှစ်အရွယ် အမျိုးသမီး စွန့်ဦးတီထွင်လုပ်ငန်းရှင် တစ်ဦးဖြစ်သည်။ နိုင်ငံခြားမှ တင်သွင်းသည့် အလှကုန်ပစ္စည်း များကို ရောင်းချသည့် အွန်လိုင်းစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်သည်။ ဓာတ်အားပြတ်တောက်မှုများကြောင့် သူသူအောင်သည် နေ့စဉ်ဘဝတွင် ကျန်းမာရေးပြဿနာများ၊ လုံခြုံရေးစိုးရိမ်မှုများနှင့် အနှောင့်အယှက်များ ကြုံရသည်။

သူသူအောင်သည် သက်တမ်း ၁၀ နှစ်ရှိသော အိမ်တွင် နေထိုင်ပြီး အချိန်ဇယားအရ မီးပြတ်မှုများနှင့် အချိန်ဇယားမပါ မီးပြတ်မှုများကို ကြုံရပြီး သူ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှုနှင့် အလုပ် လုပ်နိုင်စွမ်းတို့ကို ထိခိုက်စေသည်။ မီးပျက်ချိန်တွင် CCTV စနစ်အလုပ်မလုပ်သဖြင့် မကြာမီက သူမ၏ ကားဘက်ထရီများ ခိုးယူခံရပြီး သူ၏ ပစ္စည်းဥစ္စာ များ၏ လုံခြုံမှုကို ထိခိုက်သွားခဲ့သည်။

### အလေ့အကျင့် ပြောင်းလဲမှုများ၊ လိုက်လျောညီထွေပြောင်းလဲမှုများနှင့် အခြားစွမ်းအင် အရင်းအမြစ်သုံးခြင်း

သူသူအောင်သည် အစပိုင်းတွင် မီးစက်ကို အားကိုးခဲ့ရသည်။ နောက်ပိုင်းတွင် မီးစက် ပျက်သွားပြီးနောက်ပိုင်းတွင် ပြင်ဆင်ခြင်းမပြုတော့ပဲ အစားထိုးစွမ်းအင်အဖြစ် နေရောင်ခြည်သုံးစွမ်းအင်ကို အသုံးပြုခဲ့သည်။ ထို့ပြင် သူမသည် လျှပ်စစ်မီးလာသည့်အခါများတွင် မှအဝတ်လျှော်ခြင်း၊ ချက်ပြုတ်ခြင်းနှင့် ရေတင်ခြင်း စသည့် မဖြစ်မနေဆောင်ရွက်ရမည့် အရာများကို ပြုလုပ်ခြင်းဖြင့် နေ့စဉ်လုပ်ငန်းဆောင်တာများကို လိုက်လျောညီထွေဖြစ်အောင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ နေ့စဉ် ရေတင်နိုင်ရေးသည် မိသားတစ်စုလုံး၏ အဓိကပူပန်မှု ဖြစ်သောကြောင့် သူမသည် ရေတင်ရန် မနက်စောစော အမြဲအိပ်ယာထသည်။ ထိုအချိန်တွင် ထမင်းပေါင်းအိုးဖြင့်လည်း ထမင်းချက်ခြင်းကို ပြုလုပ်သည်။ Wifi ကို UPS စနစ်ဖြင့် ချိတ်ဆက်ထားသောကြောင့် ဓာတ်အားပြတ်သည့်အခါတွင် ယင်းက အလိုအလျောက် ဆက်လက်အလုပ်လုပ်နေသည်။ လျှပ်စစ်မီးပြတ်တောက်နေချိန်များတွင်ပင် ဈေးဝယ်သူများကို ဆက်သွယ်ပြောဆိုရန်နှင့် ဖုန်းဒေတာဖိုးများ အပိုမကုန်ရန် ဤသို့အင်တာနက် ဆက်လက်ရရှိရန်မှာ အရေးပါသည်။ ညဘက် အိပ်နိုင်ရန်အတွက် သူ့အိပ်ခန်းတွင် အသုံးပြုနိုင်သည့် အားပြန်သွင်းနိုင်သော လေအေးပေးစက်ကိုလည်း ဝယ်ယူထားသည်။

သူသူအောင်၏မိသားစုသည် တစ်အိမ်လုံးမီးထွန်းရန်အတွက် ဆိုလာပြားများတပ်ဆင်အသုံးပြုခြင်း ဖြင့် ဆိုလာစွမ်းအင်ကို အသုံးပြုသည်။ ဤဖြေရှင်းနည်းကို အသုံးပြုခြင်းဖြင့် မီးအလင်းရောင်ရရှိရန်အတွက် လျှပ်စစ်မီးပြတ်တောက်မှုများကို စိုးရိမ်ပူပန်စရာမလိုတော့ပါ။ ထို့ပြင် ဆိုလာစွမ်းအင်စနစ်သည် သူမ တူ နှစ်ဦး၏ ပညာရေးလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ၂၀၂၂ တွင် အွန်လိုင်းသင်တန်းများကို အဆက်မပြတ် တက်ရောက်နိုင်စေရန် ၎င်းတို့၏ကွန်ပျူတာနှစ်လုံးကို အသုံးပြုနိုင်စေခဲ့သည်။

# ပုံ ၁၆ - လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် သူသူအောင်၏ စီမံမှုခရီးစဉ်



သူသူအောင့် အိမ်ထောင်စု၏ ဆိုလာစွမ်းအင်တွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်မှုသည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဥ်းစားမှုများနှင့် ရန်ကုန်မြို့တွင် ဓာတ်အားရရှိရေးအခြေအနေ ပိုမို ဆိုးရွားလာနိုင်သည်ကို ထည့်သွင်းစဥ်းစားမှုများကြောင့် ဖြစ်သည်။ သင့်တော်သော ဆိုလာစွမ်းအင် စနစ် ရွေးချယ်ဝယ်ယူရာတွင် သူမ၏မိသားစုသည် သူမအကိုများ၏ သူငယ်ချင်းဖြစ်သူ လျှပ်စစ်အင်ဂျင်နီယာထံမှ အကူအညီရယူခဲ့သည်။ အင်ဂျင်နီယာက စနစ် ထိန်းသိမ်းမှုနှင့် ဖြေရှင်းနည်းများကိုလည်း ပြောပြခဲ့သည်။

သူသူအောင်တပ်ဆင်ထားသော ဆိုလာစွမ်းအင်စနစ်၏ ကနဦးကုန်ကျစရိတ်မှာ ၁,၇၀၀၀,၀၀၀ ကျပ် ဖြစ်သည်။ ဆိုလာပြားများသည် နှစ် ၂၀ အာမခံပါဝင်ပြီး ရေရှည်အတွက် စိတ်ချရမှုရှိသည်။

### အနာဂတ် ထည့်သွင်းစဥ်းစားချက်များ

ဆိုလာဘက်ထရီ အစားထိုးလဲလှယ်နေစဥ်တွင် ဓာတ်အားလျော့ကျသဖြင့် သူသူအောင်သည် သူ၏အစ်ကိုထံမှ ပါဝါစတေရှင်တစ်ခုကို ငှားရမ်းအသုံးပြုခဲ့သည်။ သူ့အကို၏ရုံးမှ အလုပ်အတွက် အရန်ဖြေရှင်းမှုအဖြစ် ပေးထားခြင်းဖြစ်သည်။ သုံးစွဲရသည့် အတွေ့အကြုံမှာ ကောင်းမွန်သောကြောင့် ခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အား အခြေအနေ ပိုဆိုးလာပါက သူ့အလုပ်အတွက် ပလပ်ပေါက်သုံးခုပါသော ပို့အားမြင့်ပါဝါစတေရှင်တစ်ခုဝယ်ရန် စဥ်းစားနေသည်။ ခန့်မှန်းကုန်ကျစရိတ်မှာ ၃,၅၀၀,၀၀၀ ကျပ်ခန့် ရှိနိုင်သည်။

### နိဂုံး

သူသူအောင်၏ ဖြစ်ရပ်လေ့လာမှုသည် ဓာတ်အားပြတ်လပ်မှုစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် သူ့အိမ်ထောင်စု၏ အခြေအနေများကို ကြိုတင်စဥ်းစားဆောင်ရွက်သည့်နည်းလမ်းကို အသုံးပြုခဲ့ သည်ကို တွေ့ရသည်။ အလေ့အကျင့် ပြောင်းလဲမှုများ၊ လိုက်လျောညီထွေပြောင်းလဲမှုများနှင့် အခြားစွမ်းအင်ရင်း မြစ်သုံးခြင်းများကို ပေါင်းစပ် အသုံးပြုခဲ့သည်။ ဆိုလာစွမ်းအင်ကို အသုံးပြုပြီး လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်းဖြင့် သူမ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် လုပ်ငန်းများတွင် ဓာတ်အားပြတ်တောက်မှုများ၏ ဆိုးကျိုးများကို ကျော်လွှားနိုင်ခဲ့သည်။



**ဟိုင်း ကျမ အေးမိုးပါ။**

**အေးမိုး[၂၅] သည် ရန်ကုန်ရှိ တိုက်ခန်းတခုတွင်နေထိုင်သည်။ လျှပ်စစ်မီးမရရှိမှုကြောင့် သူမ အဆင်မပြေမှုဖြစ်ရပြီး စိတ်ဖိစီးမှုများကြုံရသည်။ သူမနှင့် ခင်ပွန်းသည်တို့သည် ပေါင်းစပ်ဖြေရှင်းနည်းလမ်းများကို အသုံးပြုပြီး လိုအပ်ချက်ကို ဖြည့်ဆည်းနေရသော်လည်း လုံလောက်မှုမရှိပါ။ သူမသည် ဆိုလာကို လေအေးပေးစက်နှင့် အလင်းပေးဖို့ ပါဝါရင်းမြစ်အတွက် ရွေးချယ်စရာအခြားနည်းလမ်းအဖြစ် စဥ်းစားခဲ့မိသော်လည်း အိမ်ခေါင်းမိုးတွင် ဆိုလာတပ်ဆင်လျှင် အိမ်နီးချင်းတွေနှင့် သဘောတူညီမှုယူရမည့် စိန်ခေါ်မှုများရှိနေသည်။**

ဤဖြစ်ရပ်လေ့လာမှုသည် ရန်ကုန်မြို့ရှိ တိုက်ခန်းတစ်ခုတွင် နေထိုင်သူ အေးမိုး၏ ဓာတ်အားပြတ် တောက်မှုများကို ဖြေရှင်းရာတွင် တွေ့ရသည့် စိန်ခေါ်မှုများနှင့် အတွေ့အကြုံများကို လေ့လာထား သည်။ အေးမိုး၏ တိုက်ခန်းတွင် ညအချိန် လျှပ်စစ်မီးပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိ ပြီး မသက်မသာဖြစ်မှု၊ အလုပ်လုပ်နိုင်စွမ်း လျော့ကျမှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ ပူပြင်းသော ရာသီတွင် လေအေးပေးစက် အသုံးမပြုနိုင်ခြင်းက ပင်ပန်းနွမ်းနယ်မှုကို ဖြစ်စေကာ သူမ၏ ကောင်းစွာ အိပ်စက်နိုင်မှုကို ထိခိုက်စေသည်။ ထို့ကြောင့် သူမသည် မကြာခဏ အိပ်ငိုက်ကာ အလုပ်တွင် အာရုံစူးစိုက်ရန် ရုန်းကန်နေရ သဖြင့် သူမ၏ အလုပ်လုပ်နိုင်စွမ်းကို ထိခိုက်လာသည်။ ဓာတ်အားပြတ်တောက်ခြင်းသည် သူမ၏ ကျန်းမာရေးအပေါ် တိုက်ရိုက်ထိခိုက်မှု မရှိသော်လည်း လုံလောက်သော အနားယူမှုမရရှိခြင်းနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတို့ကို ဖြစ်စေသောကြောင့် သူမ၏

# ပုံ ၁၇ - လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် အေးမိုး၏ စီမံမှုခရီးစဉ်



ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှုကို သွယ်ဝိုက်ထိခိုက်စေသည်။ ထို့အပြင် လမ်းမီးမရှိခြင်းသည် ခိုးမှုနှင့်ဆိုင်သော လုံခြုံရေးပူပန်မှုကို ဖြစ်စေသည်။

**အလေ့အကျင့် ပြောင်းလဲမှု နှင့် လိုက်လျောညီထွေပြောင်းလဲမှုများ**

အေးမိုးသည် မီးအလင်းရောင်ရရှိရန်အတွက် သူ၏တိုက်ခန်းတွင် အင်ဗာတာ တပ်ဆင်ထားသည်။ အင်ဗာတာဖြင့် လေအေးပေးစက် အသုံးပြု၍ မရသောကြောင့် အပူနှင့်ပတ်သက်သော စိန်ခေါ် မှုများကို ဖြေရှင်းရာတွင် အကန့်အသတ်ရှိသည်။ သို့သော် သူမသည် အားပြန်သွင်းနိုင်သော ပန်ကာ၊ ဖုန်းနှင့် ထိုပန်ကာတို့ကို အားသွင်းရန် ပါဂါဘဏ်တို့ကို ဝယ်ယူခဲ့သည်။ နံနက်ခင်းများတွင် ရေတင်ခြင်း၊ အဝတ်လျှော်ခြင်း၊ ချက်ပြုတ်ခြင်းနှင့် ပါဂါဘဏ် အားသွင်းခြင်း စသည့် မဖြစ်မနေဆောင်ရွက်ရမည့် အလုပ်များကို လုပ်ဆောင်သည်။ ဓာတ်အားပြတ်တောက်ချိန်များတွင် သူမသည် ရေခဲသေတ္တာကို မကြာခဏမဖွင့်သောကြောင့် ၎င်းကကောင်းစွာ အလုပ်လုပ်ပြီး အစားအစာများသိုလှောင်ထားနိုင်သောကြောင့် ဈေးသို့ မကြာခဏသွားရန်မလိုချေ။

လျှပ်စစ်မီးပြတ်တောက်နေချိန်တွင် အေးမိုးနှင့် သူ့အမျိုးသားသည် ချက်ပြုတ်မစားပဲအပြင်တွင် စားလေ့ရှိကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် မီးပျက်နေချိန်တွင် အစားအစာများပြင်ဆင်ရသည့် အဆင်မပြေမှုများကို ရှောင်ရှားနိုင်ပြီး အတူတကွရှိနေနိုင်ခြင်းကြောင့် ဓာတ်အားပြတ်တောက်မှုကြောင့် ဖြစ်သော စိတ်ဖိအားများကို လျော့ကျစေသည်။

**အနာဂတ်ထည့်သွင်းစဉ်းစားမှုများ**

လျှပ်စစ်မီးအခြေအနေပိုဆိုးလာပါက သူမ၏တိုက်ခန်းတွင် ဆိုလာပြားများတပ်ဆင်ရန် စီစဥ်ထား သည်။ ရှစ်ထပ်အဆောက်အအုံတစ်ခုလုံးအတွက် ဆိုလာပြားများတပ်ဆင်ရန်အတွက် ဆွေမျိုးများ ဖြစ်သည့် အခြားသော တိုက်ခန်းပိုင်ရှင်များနှင့်လည်း ဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ရည်ရွယ်ချက်မှာ ဆိုလာစွမ်းအင်ကိုအသုံးပြု၍ လေအေးပေးစက်များနှင့် မီးအလင်းရောင်ရရှိရန် ဖြစ်သည်။ အခြားတိုက်ခန်းပိုင်ရှင်များသည် ဆိုလာပြားများတပ်ဆင်ရန် မူအရ သဘောတူထားသော်လည်း တညီတည်းသော သဘောတူညီချက်ရရှိရန်မှာ စိန်ခေါ်မှုဖြစ်နေသေးသည်။ ဆိုလာပြားများထားရန် နေရာလွတ်သိပ်မရှိခြင်းသည် ဤအစားထိုးစွမ်းအင်ဖြေရှင်းနည်းကို အကောင်ထည်ဖော်ရန်အတွက် နောက်ထပ်အတားအဆီးတစ်ခုဖြစ်သည်။

**နိဂုံး**

ညအချိန် လျှပ်စစ်မီးမရှိပဲ တိုက်ခန်းတွင် နေထိုင်ရသည့် အေးမိုး၏ အတွေ့အကြုံသည် နေ့စဥ်ဘဝ၊ အလုပ်နှင့် ဘေးကင်းလုံခြုံမှုတို့ အပေါ် ဓာတ်အားပြတ်တောက်မှုများ၏ သက်ရောက်မှုကို မြင်နိုင် သည်။ အင်ဗာတာနှင့် ပါဂါဘဏ်များ အသုံးပြုခြင်းကဲ့သို့သော လိုက်လျောညီထွေပြောင်းလဲမှုများနှင့် မီးပျက်ချိန်များတွင် အပြင်ထွက်စားခြင်းကဲ့သို့သော အလေ့အကျင့် ပြောင်းလဲမှုများ ပြုလုပ်ခြင်းဖြင့် အချို့သော စိန်ခေါ်မှု အခက်အခဲများ လျော့ပါးအောင်ပြုလုပ်ခဲ့သည်။ ဆိုလာပြားများ တပ်ဆင်မည့် အေးမိုး၏ အစီအစဥ်သည် သူမ၏တိုက်ခန်း အဆောက်အအုံတွင် ကြုံတွေ့နေရသည့် လျှပ်စစ်မီး ပြဿနာအတွက် ရေရှည်ဖြေရှင်းနိုင်မည့် အဖြေကို ပေးနိုင်မည် ဖြစ်သည်။

**ဟိုင်း ကျနော် အောင်မင်းပါ။**



**အောင်မင်း[၂၆] သည် ဝရိန်လုပ်ငန်းငယ်တခုကိုပိုင်သည်။ အခြေနေအလိုက် ကိုင်တွယ်ဖြေရှင်းသည့်နည်းနှင့် အခြားစွမ်းအင်ရင်းမြစ်ကိုသုံးသည်နည်းနှစ်ခုလုံးကိုကျင့်သုံးသဖြင့် လျှပ်စစ်မီးပြတ်တောက်သည့် ဆိုးကျိုးအကျိုးဆက်များကို သူရှောင်ရှားနိုင်ခဲ့သည်။ သို့သော်လည်း မီးမရရှိမှုကြောင့် သူ၏ဝင်ငွေလျော့ပါးခဲ့သည်။ သူရင်းနှီးမြှုပ်နှံထားသည် အခြားစွမ်းအင်ရင်းမြစ်ကို သုံးခြင်းဖြင့် သူ၏လက်ရှိလိုအပ်ချက်ကိုမဖြည့်ဆည်းနိုင်ဘဲ အလုပ်ကတိနောက်ကျမှုများအတွက် ဖောက်သည်များထံမှနားလည်မှုကို တောင်းခံနေရသည်။ သူ့မှာကြီးမားသည့် မီးစက်ဝယ်ဖို့ ဝင်ငွေမရှိပါ။ ၎င်းသည် စီးပွားရေးလုပ်ငန်းရှင်းတိုင်းအတွက် ကြုံတွေ့နေကျ အဟန့်အတားဖြစ်သည်။**

ဤဖြစ်ရပ်လေ့လာမှုတွင် ဂဟေလုပ်ငန်းပိုင်ရှင် အောင်မင်း၏ အတွေ့အကြုံများကို လေ့လာဆန်း စစ်ထားသည်။ အောင်မင်းသည် ဝန်ထမ်း ၆ ဦးဖြင့် အသေးစားဂဟေဆက်လုပ်ငန်းကို လုပ်ကိုင် နေသူဖြစ်ပြီး အချိန်အလိုက်ဖြတ်တောက်သော ဓာတ်အားပြတ်တောက်မှုများ၏ သက်ရောက်မှုများကို ရင်ဆိုင်နေရသည်။ အချိန်အလိုက်ဓာတ်အားပြတ်တောက်မှုများ ပုံမှန် မရှိခြင်းသည် အောင်မင်း၏ အလုပ်လုပ်ရက်များနောက်ကျခြင်းဖြင့် လုပ်ငန်းအချိန်ဇယားကို အနှောင့်အယှက် ဖြစ်စေသည်။ ဥပမာအားဖြင့် တနင်္လာနေ့အတွက် စီစဉ်ထားသော အလုပ်သည် မမျှော်လင့်ထားသော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် ဗုဒ္ဓဟူးနေ့သို့ ရက်ရွှေ့ရသည်။ အချို့ဖောက်သည်များက အခြေအနေကို နားလည်ပေးသော်လည်း အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက်မူ အဆင် မပြေပါ။

## အခြားစွမ်းအင်အရင်းအမြစ်

အရေးပေါ် ဆောင်ရွက်ရမည့်အရာများအတွက် အောင်မင်းသည် မီးစက်အသုံးပြုလေ့ရှိသည်။ ထိုင်းနိုင်ငံလုပ် တပတ်ရစ်မီးစက်ကို ငွေကျပ် ၅၀၀,၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ မကြာမီက အင်ဂျင်ဝိုင်ကို မစစ်ဆေးခဲ့သောကြောင့် ပြင်ဆင်စရိတ် ၁၈၀,၀၀၀ ကျပ်ခန့် ကုန်ကျသည့် ပျက်စီးမှုတစ်ခု ဖြစ်ခဲ့သည်။ ဤဖြစ်ရပ်မှလွဲ၍ မီးစက်အသုံးပြုရသည်မှာ အဆင်ပြေသည်။ သို့သော် မီးစက်၏ ဝန်အားမှာ ၃၀၀ ဝပ်သာ ဖြစ်သောကြောင့် လုပ်ငန်းများစွာလုပ်ဆောင်ရန်နှင့် ဝန်ထမ်းများ ထိရောက်စွာ စီမံရာတို့တွင် စိန်ခေါ်မှုများ ဖြစ်စေသည်။ မီးစက်သည် တစ်ကြိမ်တွင် လူတစ်ဦး၏ အလုပ်ကိုသာ ဝန်အားနိုင်သောကြောင့် မြန်ဆန်သော ဝန်ဆောင်မှုများ ရရှိရန် မျှော်လင့်သည့် ဖောက်သည်များ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းရန် ခက်ခဲလာသည်။ ဝန်ထမ်းအချို့သည် အလုပ်များများ မလုပ်နိုင်သောကြောင့် ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်လာရပြီး သူ၏အဖွဲ့မှ ထွက်၍ အခြားနေရာများသို့ သွားရောက်လုပ်ကိုင်ကြသည်။ မီးစက်၏ အကန့်အသတ်ရှိသော စွမ်းရည်ကြောင့် ဝန်ထမ်းများကို စီမံညှိနှိုင်းရာတွင် စိန်ခေါ်မှုကို ဖြစ်စေခဲ့ပြီး အလုပ်လုပ်နိုင်စွမ်းကို လျော့ကျသွားစေခဲ့သည်။

## အနာဂတ်ထည့်သွင်းစဥ်းစားမှုများ

အောင်မင်းသည် ဂဟေဆော်ခြင်းနှင့် လွန်ပူဖောက်ခြင်းလုပ်ငန်းများကို ဝန်ထမ်း သုံးဦးခန့် တပြိုင်တည်း လုပ်ကိုင်နိုင်စေမည့် ပိုမိုကြီးမားသော မီးစက်ကို အလိုရှိသည်။ သို့သော် ငွေကြေးကန့်သတ်ချက်ကြောင့် ယခုအချိန်တွင် ပိုမိုကြီးမားသော မီးစက်ကို မဝယ်နိုင်သေးပါ။ ပိုကြီးသော မီးစက် ကို ဝယ်ရန် အကြိမ်ကြိမ် စဥ်းစားခဲ့သော်လည်း လုပ်ငန်း၏ဝင်ငွေမှာ အကန့်အသတ်များ ရှိသောကြောင့် မဝယ်ဖြစ်သေးပါ။ တပတ်ရစ်မီးစက်ဈေးမှာ ကျပ် ၁,၀၀၀,၀၀၀ ခန့်တက်သွားပြီး သူ့လုပ်ငန်း လိုအပ်ချက်များနှင့် ကိုက်ညီသော မီးစက် အသစ်တစ်လုံးဈေးမှာ ၃,၀၀၀,၀၀၀ ကျပ်ဝန်းကျင် ဖြစ်သည်။ ဆိုလာစွမ်းအင်နှင့် အင်ဗာတာများမှာ မီးအလင်းရောင်ရရုံအတွက်သာ ပံ့ပိုးပေးနိုင်ပြီး လျှပ်စစ်ဓာတ်အား အများအပြား အသုံးပြုရသည့် လျှပ်စစ်ပစ္စည်းများအတွက် မလုံလောက်သောကြောင့် ပုံမှန် လျှပ်စစ်ဓာတ်အားရရှိရေးသည် ၎င်း၏ ဂဟေလုပ်ငန်းအတွက် အရေးကြီးသည်ဟု အောင်မင်း ယုံကြည်သည်။ အဖွင့်

# ပုံ ၁၈ - လျှပ်စစ်မီးပြတ်တောက်ခြင်း၏ သက်ရောက်မှုများ လျော့ကျစေရန် အောင်မင်း၏ စီမံမှုခရီးစဉ်



အပိတ် လုပ်ရလွယ်သော 5kVA မီးစက်တစ်လုံးကို ဝယ်ယူပြီး အိမ်နောက်ဖေးအတွင်းထားရှိရန် စီစဥ်ထားသည်။ ယခင်ကလည်း အလားတူ မီးစက်တစ်လုံးရှိခဲ့သော်လည်း အသံဆူပြီး ကြိုးဖြင့်ဆွဲနှိုးရသည့် အဆင်မပြေမှုအတွက် ထိုမီးစက်ကို ရောင်းခဲ့သည်။

## နိဂုံး

အောင်မင်း၏ ဂဟေလုပ်ငန်းသည် ဓာတ်အားပြတ်တောက်မှုများနှင့် သေးငယ်သောမီးစက်၏ စွမ်း ဆောင်ရည်နည်းပါးမှုကြောင့် စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။ အချိန်ဇယားအရ မီးပျက်မှုများသည် ပိုမိုကောင်းမွန်သော အစီစဥ်များ ချမှတ်နိုင်စေသော်လည်း ဝန်ထမ်းများအား စီမံခြင်းနှင့် ဖောက်သည်များ၏ မျှော်လင့်ချက်များကို ပြည့်မီနိုင်ရန်အတွက်မူ သိသာထင်ရှားသော အတားအဆီးများအဖြစ် ရှိနေသေးသည်။ ဝန်ထမ်းအများအပြားကို တစ်ချိန်တည်း ပံ့ပိုးပေးနိုင်သော ပိုကြီးသည့် မီးစက်ရှိခြင်းသည် လုပ်ငန်းကြီးထွားလာနိုင်မှုနှင့် အလုပ်လုပ်နိုင်စွမ်းတို့အတွက် အလွန်အရေးပါသည်။ သို့သော် လက်ရှိ ငွေကြေးအခက်အခဲများက ဤရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ရန် မဖြစ်နိုင်ပါ။ မည်သို့ပင်ဖြစ်စေ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများအတွင်း အောင်မင်း၏ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်မှုနှင့် ကြံ့ဆနိုင်မှုတို့က ၎င်း၏လုပ်ငန်းကို ဆက်လက် လည်ပတ်နိုင်စေပြီး ရေရှည်တည်တံ့နိုင်စေသည်။



# အခန်းဆုံး မှတ်စုများ


၁။ Transect walks သည် ရပ်ရွာအတွင်း လမ်းလျှောက်ပြီး လူများ၊ ပတ်ဝန်းကျင်များနှင့် ရင်းမြစ်များကို စောင့်ကြည့်လေ့လာခြင်းဖြင့် နေရာဒေသနှင့်ဆိုင်သော အချက်အလက်များကို ကောက်ယူသည့် နည်းလမ်းဖြစ်သည်။

၂။ World Bank (2022). “Energy Sector: Myanmar Infrastructure Monitoring.” http://hdl.handle.net/10986/37422 License: CC BY 3.0 IGO.

၃။ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (၂၀၂၁) “Myanmar by night 28 years at a glance [Video screenshot].” https://themimu.info/nightlights ကို ၁၆ရက် ဇွန်လ ၂၀၂၃ ခုနှစ်တွင် ကောက်နုတ်ရယူထားခြင်း ဖြစ်သည်။

၄။ ၂၀၂၂ခုနှစ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအား လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် စွမ်းအင် ဝန်ကြီးဌာန ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ဤအစီရင်ခံစာတွင် လက်ရှိ ဝန်ကြီးဌာနအမည်  MOEP ကို အသုံးပြုထားသည်။

၅။ The Irrawaddy (July 15 2021). “Myanmar’s electricity sector crippled since military coup.” https://www.irrawaddy.com/news/burma/myanmars-electricity-sector-crippled-since-military-coup.html

၆။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ပြည်သူ့အင်အားဦးစီးဌာန (၂၁ ရက် ဧပြီလ ၂၀၁၈ခုနှစ်) “ ၂၀၁၄ သန်းခေါင်စာရင်းဇယားများ”https://www.dop.gov.mm/en/data-and-maps လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန (၂၀၂၀ခုနှစ်) “ ၂၀၁၉ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းဇယားများ၊ နောက်ဆက်တွဲဇယားများ၊ဒီဇင်ဘာလ ၂၀၂၀ခုနှစ်”

၇။ World Bank (2022). “Energy Sector: Myanmar Infrastructure Monitoring.” http://hdl.handle.net/10986/37422 License: CC BY 3.0 IGO.

၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ (၂၀၂၃) “ သုံးလပတ် စာရင်းအင်းစာစောင်၊ ၂၀၂၂-၂၀၂၃ (Q 4)

၉။ Sadig Aliyev, Joonkyung Seong, Myoe Myint, The World Bank (Aug 2023). “In The Dark: Power Sector Challenges in Myanmar.”

၁၀။ Sadig Aliyev, Joonkyung Seong, Myoe Myint, The World Bank (Aug 2023). “In The Dark: Power Sector Challenges in Myanmar.”

၁၁။ Ramboll Environ, Asian Development Bank (Jul 2022). “Environmental and Social Monitoring Report.” https://www.adb.org/sites/default/files/project-documents/48368/48368-001-esmr-en_36.pdf

၁၂။ အောင်သူငြိမ်း Eleven Media (၂၈ရက် ဇွန်လ ၂၀၁၉ခုနှစ်) “နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မင်းဘူးတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်” https://elevenmyanmar.com/news/state-counsellor-opens-solar-power-plant-in-minbu. The Global New Light of Myanmar (၁ ရက် ဇန်နဝါရီ ၂၀၂၁). “မင်းဘူးကျေးလက်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်း မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်” https://www.gnlm.com.mm/minbu-rural-solar-electrification-project-to-cover-magway-region-rakhine-state/

၁၃။ Economic Research Hub (Sep 2023). “Economic Governance Futures”

၁၄။ MoEP, ယခင် MoEE သည် ဓာတ်အားစနစ် တစ်ခုလုံး ဓာတ်အား ပြတ်တောက်ခြင်းသည် နိုင်ငံတဝှမ်း ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ခြင်းနှင့် ဝန်အားလျှော့ချခြင်း သည် နေရာဒေသတစ်ခုကို ဖြတ်တောက်ခြင်းဖြစ်သည်ဟုခွဲခြားသတ်မှတ်ထားသည်။

၁၅။ World Bank (2022). “Energy Sector: Myanmar Infrastructure Monitoring.” http://hdl.handle.net/10986/37422 License: CC BY 3.0 IGO.

၁၆။ World Bank (2022). “Energy Sector: Myanmar Infrastructure Monitoring.” http://hdl.handle.net/10986/37422 License: CC BY 3.0 IGO.

၁၇။ BBC News (၂၆ရက် မေလ ၂၀၂၃ခုနှစ်). “ စစ်အစိုးရကို ဝေဖန်မှုဖြင့် မြန်မာအဆိုတော် ဗျူဟာအဖမ်းခံရ” https://www.bbc.com/news/world-asia-65719165

၁၈။ The Irrawaddy (Mar 11 2022). “Yangon Suffers Water Shortages Amid Rolling Blackouts in Myanmar.” https://www.irrawaddy.com/news/burma/yangon-suffers-water-shortages-amid-rolling-black-outs-in-myanmar.html

၁၉။ Sadig Aliyev,Joonkyung Seong,Myoe Myint, The World Bank (Aug 2023). “In The Dark: Power Sector Challenges in Myanmar.”

၂၀။ ဖြေဆိုသူ၏သရုပ်မှန်ကို ကာကွယ်ရန် အမည်လွှဲကို သုံးထားသည်။

၂၁။ Ibid.

၂၂။ Ibid.

၂၃။ Sadig Aliyev,Joonkyung Seong,Myoe Myint, The World Bank (Aug 2023). “In The Dark: Power Sector Challenges in Myanmar.”

၂၄။ ဖြေဆိုသူ၏သရုပ်မှန်ကို ကာကွယ်ရန် အမည်လွှဲကို သုံးထားသည်။

၂၅။ Ibid.

၂၆။ Ibid.

**The Asia Foundation**

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ် မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဒေသနေ ပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆယ်စုနှစ်ကြာ လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုအပေါ် အခြေခံပြီး ဒေသတွင်း စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ အမျိုးသမီး စွမ်းဆောင်ရည် မြင့်မားရေးနှင့် ဂျဲန်ဒါတန်းတူညီမျှမှုရှိရေး၊ အားလုံး အကျုံးဝင်မှု ရှိသည့် စီးပွားရေးဖွံ့ဖြိုးမှု ဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများ ပေါ်ထွက်စေရေး နှင့် ဒေသတွင်းနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်လျက် ရှိပါသည်။